နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကိုဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-01-7

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၃ ခုနှစ်၊ မတ်လ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၃ ခုနှစ်၊ မတ်လ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

ပုံနှိပ်မှတ်တမ်း

ပြန်ကြားရေးဝန်ကြီးဌာန	–	စာအုပ်အမှတ်စဉ် (၃၄ / ၂၀၂၃)
ထုတ်ဝေသည့်ခုနှစ်	–	၂၀၂၃ ခုနှစ်၊ ဧပြီလ
ထုတ်ဝေသည့်အကြိမ်	–	ပထမအကြိမ်
အုပ်ရေ	–	၁၅၀၀ အုပ်
ပုံနှိပ်	–	ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောက် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက် သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Public Notice for elimination of violence

1. **So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".**
2. **Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.**
3. **Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၃ ခုနှစ်၊ မတ်လ)

မာတိကာ

၁။ ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ကလောတပ်နယ်ခန်းမ၌ တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၇

၂။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌သွားရောက်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၁၀

၃။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကျောက်တလုံးကြီးမြို့သို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၁၃

၄။ ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၁၅

၅။ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၂၁

၆။ တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၂၂

၇။ ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၂၄

၈။ မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၂၈

၉။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၃၅

၁၀။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ချင်းတွင်းခန်းမ၌တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၃၉

၁၁။ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်(၁/၂၀၂၃) အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၄၄

၁၂။ အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၃)အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၄၈

၁၃။ ကမ္ဘာ့ရေနေ့ ၂၀၂၃ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၅၅

၁၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၅၉

၁၅။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျင်းပသော (၇၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း ၆၇

၁၆။ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာ၊ဆရာမများအား သွားရောက်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၇၄

၁၇။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၇၇

သဝဏ်လွှာများ

၁။ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၈၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့် အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဦးတည်ချက် (၁၂) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများ အကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များ ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး၊

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ကလောတပ်နယ်ခန်းမ၌ တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

(၆ - ၃ - ၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား မတ်လ ၆ ရက် မွန်းလွဲပိုင်းတွင် ကလောတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

ရည်မှန်းချက်နှင့်မျှော်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် သင်တန်းများတွင် ရလဒ်ကောင်းမွန်ရေးအတွက် တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုများလိုအပ်မည်ဖြစ်ကြောင်း၊ လူသားတိုင်းသည် မျှော်လင့်ချက်၊ ရည်ရွယ်ချက်များ ကိုယ်စီရှိကြကြောင်း၊ ငယ်စဉ်ကတည်းကပင် တစ်ဦးချင်းစီအလိုက် မျှော်မှန်းချက်များရှိကြပြီး မိမိတို့၏ မျှော်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရေး ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးပမ်းအားထုတ်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားအရာရှိကြီးများအနေဖြင့် ယခုအဆင့်ရာထူးအထိရောက်ရှိခဲ့ခြင်းမှာလည်း စဉ်ဆက်မပြတ်ကြိုးစားအားထုတ်မှုများကြောင့်သာလျှင်ဖြစ်ကြောင်း၊ တစ်ဆင့်မြင့်ရာထူးတာဝန်များကို ထမ်းဆောင်ရမည့်အချိန်တွင် လုပ်ဆောင်နိုင်မည့်အရာများ၊ လုပ်ဆောင်သင့်သည်များကို မှတ်စုရေးမှတ်ထားရှိတတ်သည့် အလေ့အကျင့်ကောင်းမွေးမြူရန်နှင့် အမှန်တကယ်တာဝန်ထမ်းဆောင်ရသည့်အချိန်တွင် မိမိမှတ်သားထားသည်များနှင့် ချိန်ထိုးသုံးသပ်လုပ်ဆောင်ပါက အခက်အခဲမရှိတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကြုံတွေ့လာရနိုင်သည့်အခက်အခဲများအား မည်သို့မည်ပုံ ဖြေရှင်းဆောင်ရွက်ရမည်ကို ကြိုတင်စဉ်းစားထားရန်လိုကြောင်း။

လေ့ကျင့်သင်ကြားပေးလိုက်သည့် ပညာရပ်များကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်လို

သင်တန်းသားအရာရှိကြီးများအားလုံးသည်

မည်သည့်အလုပ်ကိုဆောင်ရွက်သည်ဖြစ်စေ လုပ်ဆောင်နိုင်သည့်အားတစ်ခုလိုအပ်၊ ခေါင်းဆောင်မှုစွမ်းပကား၊ လုပ်နိုင်သည့်စွမ်းပကားများရှိရန်လို၊ ခေါင်းဆောင်မှုစွမ်းပကားတွင် စဉ်းစားဆောင်ရွက်ရသည့်စွမ်းအားလိုအပ်ပြီး လက်အောက်ကိုစုစည်းသည့် အားရရှိအောင်ဆောင်ရွက်ပေးရခြင်းဖြစ်။

တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင်နိုင်သည့် အရာရှိကြီးများဖြစ်ကြသည့်နည်းတူ သင်တန်းဆင်းပြီးပါက မိမိဦးဆောင်ရသည့် တပ်ရင်းတပ်ဖွဲ့များကို ပိုမိုတိုးတက်အောင်မည်ကဲ့သို့ဆောင်ရွက်ရမည်ကို ယခုသင်တန်းမှ သင်ကြားခဲ့ရသည့်ပညာရပ်များဖြင့် ချိန်ထိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်ရင်းတစ်ရင်း၏ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်လုပ်ငန်းရပ်များအား ဆောင်ရွက်ရခြင်းဖြစ်ပြီး တပ်ရင်းတစ်ရင်းကို စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျလေ့လာ၍ဆောင်ရွက်ပါက တန်ဖိုးမဖြတ်နိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာအတွေ့အကြုံကောင်းများကို ရရှိနိုင်မည်ဖြစ်ပြီး အခြားနယ်ပယ်များတွင်လည်း အသုံးချနိုင်မည်ဖြစ်ကြောင်း။

စစ်ဦးစီးတက္ကသိုလ်သည် လက်ရုံးရည်၊ နှလုံးရည်ဖြင့်ပြည့်ဝသည့် အရာရှိကြီးများကို မွေးထုတ်ပေးလျက်ရှိပြီး ဗျူဟာမှူးကောင်း၊ ဦးစီးအရာရှိကောင်းများဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ စစ်ပညာနှင့်ပတ်သက်၍လည်း သင်ကြားပေးလိုက်သည့် စစ်ပညာများကိုအသုံးချရန်လိုကြောင်း၊ မည်သည့်အလုပ်ကိုဆောင်ရွက်သည်ဖြစ်စေ လုပ်ဆောင်နိုင်သည့်အားတစ်ခုလိုအပ်ကြောင်း၊ ခေါင်းဆောင်မှုစွမ်းပကား၊ လုပ်နိုင်သည့်စွမ်းပကားများရှိရန်လိုကြောင်း၊ ခေါင်းဆောင်မှုစွမ်းပကားတွင် စဉ်းစားဆောင်ရွက်ရသည့် စွမ်းအားလိုအပ်ပြီး လက်အောက်ကိုစုစည်းသည့် အားရရှိအောင်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ မိမိလက်အောက်ရှိ တပ်အင်အားစုကို စွမ်းရည်ရှိအောင် မည်ကဲ့သို့စုဖွဲ့မည်ကို စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် မိမိတို့ဦးဆောင်ရသည့်တပ်ကို စနစ်ကျစွာတည်ဆောက်

တပ်မတော်သားများအားလုံးသည် အခြေခံစစ်ပညာသင်တန်းများကို သင်ကြားခဲ့ရပြီးဖြစ်ပြီး အဆင့်နှင့်လျော်ညီသည့် သင်တန်းများကိုလည်း တက်ရောက်သင်ကြားကြရကြောင်း၊ စစ်သည်တစ်ဦးချင်းစီအား အဆင့်နှင့်လျော်ညီသည့် လုပ်ငန်းတာဝန်များကို လူမှန်နေရာမှန်တာဝန်ပေးအပ်နိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏အရည်အချင်းများပြည့်ဝနေစေရေး အမြဲမပြတ်လေ့ကျင့်ပေးနေရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်ရှိ စစ်သည်များ အရည်အချင်းပြည့်ဝနေစေရေး တပ်မှူးများဖြစ်သည့် မိမိတို့ကိုယ်တိုင်ဦးဆောင်၍ လေ့ကျင့်သင်ကြားပေးမှုများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ လေ့ကျင့်သားပြည့်ဝလာစေရန် မှန်ကန်သည့်လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် မိမိတို့ဦးဆောင်ရသည့်တပ်ကို စွမ်းရည်ရှိပြီး စနစ်ကျသည့်တပ်များဖြစ်အောင် တည်ဆောက်ရန်လိုကြောင်း။

စစ်သည်တစ်ဦးချင်း နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို မှန်မှန်ကန်ကန်ဆောင်ရွက်စေခြင်းဖြင့် အမြဲမပြတ်လေ့ကျင့်ပေးနေရန်လိုကြောင်း၊ ထို့ကဲ့သို့ သမားစဉ်လုပ်ငန်းများတွင်ပါဝင်သည့် လေ့ကျင့်ရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ဆောင်ရွက်စေခြင်းအားဖြင့် တပ်၏အရည်အသွေးနှင့် စစ်စည်းကမ်းများကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ အာဟာရပြည့်ဝစွာစားသုံးနိုင်ရေးအတွက် ရိက္ခာများကိုသတ်မှတ်နှုန်းထားများအလိုက်ထုတ်ပေးလျက်ရှိသဖြင့် စစ်သည်များအနေဖြင့်ပြည့်ဝစွာစားသုံးရန်လိုအပ်ကြောင်း၊ အာဟာရပါဝင်မှုအချိုးအစားများကိုစနစ်တကျတွက်ချက်ပြီး ထုတ်ပေးထားသည်ဖြစ်သဖြင့် မှန်မှန်ကန်ကန်နှင့် ပြည့်ဝစွာစားသုံးမည်ဆိုပါက လေ့ကျင့်ရေးပိုင်းဆိုင်ရာများကိုဆောင်ရွက်မှုနှင့် ကျန်းမာကြံ့ခိုင်မှုကိုအထောက်အကူပြုစေမည်ဖြစ်ပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကွပ်ကဲကြပ်မတ်ရသည့် တပ်မှူးများအနေဖြင့်

လည်း စစ်သည်တစ်ဦးချင်း၊ မိသားစုတစ်စုချင်း ရပိုင်ခွင့်များနှင့် ရသင့်ရထိုက်သည်များ ပြည့်ဝစွာရရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်များအားလုံး၏ရပိုင်ခွင့်များ အပြည့်အဝရရှိအောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်၏သက်သာချောင်ချိရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြစ်အောင်ဆောင်ရွက်ပေးရန် လိုပြီး ငွေကြေးသုံးစွဲမှုများမှန်ကန်မှုရှိစေရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကျိုးအမြတ်ကိုအဓိကမထားဘဲ စစ်သည်များနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက်သာ ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အများသက်သချောင်ချိရေးအတွက် ထိရောက်သည့်လုပ်ငန်းများကို ဦးစားပေးအောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ မိသားစုများ၏ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးကိုလည်း မိသားစုများ၏ဆန္ဒအလျောက် တတ်နိုင်သရွေ့ဆောင်ရွက်နိုင်ရေး အားပေးကြရမည်ဖြစ်ပြီး ၎င်းတို့မိသားစုတစ်စုချင်းစီ၏ စားရေးနှင့်စားရေးအတွက် ငွေကြေးသုံးစွဲရမှုများကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း။

မိမိကိုယ်တိုင်နှင့် လက်အောက်ရှိအရာရှိ စစ်သည်များ၏ အသောက်အစားအပျော်အပါးလိုက်စားမှုများကို တတ်နိုင်သမျှထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အသောက်အစားအပျော်အပါးမှတစ်ဆင့် မိမိကိုယ်တိုင်နှင့် မိမိဦးဆောင်ရသည့် တပ်၏စွမ်းရည်ကိုထိခိုက်နိုင်ကြောင်း၊ လူတိုင်းသည် မိမိတို့ဘဝတိုးတက်ရေးအတွက် ရည်မှန်းချက်များရှိကြကြောင်း၊ ရည်မှန်းချက်များဖြစ်မြောက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

လူသာလျှင်ပဓာနဖြစ်သည့်အတွက် မိမိဦးဆောင်ရသည့် စစ်သည်များ၏ စိတ်ဓာတ်ကောင်းမွန်အောင်တည်ဆောက်

မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ လူသာလျှင်ပဓာနဆိုသည့်အတိုင်း ပေးအပ်လာသည့် တာဝန်များကိုကျေပွန်စွာထမ်းဆောင်လိုသည့်စိတ်ရှိရန်လိုကြောင်း၊ စစ်သည်များ၏စိတ်ဓာတ်များ ကောင်းမွန်အောင်တည်ဆောက်ရန်လိုကြောင်း၊ စစ်သည်များ လူမှန်နေရာမှန်ဖြစ်ပြီး ပေးအပ်လာသည့်လုပ်ငန်းတာဝန်များကို တစ်ဦးချင်းစီ၏ အရည်အချင်းနှင့် လုပ်ကိုင်နိုင်စွမ်းပေါ်မူတည်၍ ၎င်းတို့နှင့် သင့်တော်သည့်လုပ်ငန်းတာဝန်များကို နေရာမှန် တာဝန်ပေးအပ်နိုင်ရေး၊ တာဝန်ထမ်းဆောင်ရန်အမြဲအသင့်ဖြစ်စေရေး (Fit for Duty) ဖြစ်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းတာဝန်များသည်လည်း ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ မိမိကိုယ်ကိုထိန်းသိမ်းသကဲ့သို့ လက်အောက်ငယ်သားများကိုလည်းထိန်းသိမ်းကာ ရသင့်ရထိုက်သည့်အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ လက်အောက်၏လိုအပ်ချက်ကို မိမိဖြေရှင်း၍ရသည့်နည်းလမ်းပေါင်းစုံဖြင့် ဖြေရှင်းပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပြီး စစ်စည်းကမ်းကောင်းမွန်၍ အုပ်ချုပ်ထောက်ပံ့မှုများကောင်းမွန်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်သည့်ခေါင်းဆောင်ကောင်းများဖြစ်လာစေရေးအတွက် လုပ်ငန်းအောင်မြင်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး လေ့လာမှုအားကောင်းမှသာလျှင် တွေးခေါ်ကြံဆမှုများ ကောင်းမွန်မည်ဖြစ်သည့်အတွက် မိမိတို့တစ်ဦးချင်းဘဝတိုးတက်ရေးအတွက် လေ့လာအားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ တပ်မှူးများ တစ်ဦးတစ်ယောက်ချင်းစီ၏ဦးဆောင်မှုနှင့် စွမ်းဆောင်မှုများကောင်းမွန်ပါက တပ်များ၏အရည်အသွေးများ မြင့်မားလာမည်ဖြစ်ပြီး တပ်မတော်တစ်ရပ်လုံးသည်လည်း စွမ်းရည်မြင့်မားလာစေမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

(၆ - ၃ - ၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၆ ရက် မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်ကောင်းမွန်ရန်လို

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးပင်ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ စိတ်ဓာတ်နှင့်ပတ်သက်၍ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုသည့်စိတ်ရှိရန်လိုကြောင်း၊ ပေးအပ်လာသည့်လုပ်ငန်းတာဝန်များကို မိမိကကျေပွန်စွာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အဖြစ်ခံယူဆောင်ရွက်ရန်လိုပြီး ခံယူချက်ကောင်းမွန်စွာဖြင့်နေထိုင်ရန်လိုကြောင်း၊ မိမိတို့ကိုပေးအပ်သည့် တာဝန်များကို မညည်းမညူဖြင့် ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

ပေးအပ်လာသည့်လုပ်ငန်းတာဝန်များကို ရုပ်ပိုင်းဆိုင်ရာများတွင် တက်တက်ကြွကြွဖြင့် ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးကောင်းမွန်ရန်အတွက် နေထိုင်စားသောက်မှုများကို ဂရုပြုရန်လိုပြီး ညီညွတ်မျှတသည့်နေထိုင်စားသောက်မှုရှိရမည်ဖြစ်ကြောင်း၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ

တပ်မတော်သားများသည် စည်းကမ်း စနစ်တကျဖြစ်ရမည်ဖြစ်ပြီး စည်းကမ်း ဟူသည် တူညီသည့်သွင်ပြင်လက္ခဏာ၊ နေထိုင်လှုပ်ရှားမှုများရရှိရန် ကန့်သတ်ထား မှုများဖြစ်ပြီး လိုက်နာဆောင်ရွက်ရမည်ဖြစ်၊ အရပ်ဘက်၊ စစ်ဘက်တို့တွင် စည်းကမ်း များကိုချမှတ်ထားခြင်းသည် စည်းကမ်း စနစ်တကျရှိစေရေးအတွက် သတ်မှတ်ချက် များကိုချမှတ်ပေးထားခြင်းဖြစ်ပြီး ထိုကဲ့သို့ စည်းကမ်းတကျဖြစ်စေရေးအတွက် နေရာအလိုက်၊ ကဏ္ဍအလိုက်တာဝန်ရှိသူ များက ထိန်းသိမ်းကြပ်မတ်ရမည်ဖြစ်။

ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ကျန်းမာရေးကောင်းမွန်အောင် နေထိုင်ရန်လိုအပ်သကဲ့သို့ မိမိတို့မိသားစုများ၏ ကျန်းမာရေးကောင်းမွန်ရေးကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်မှုသာ မိမိတို့ဘဝရပ်တည်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း၊ မိမိတစ်ဦးတစ်ယောက် ကျန်းမာရေးကောင်းမွန် မှုမရှိပါက မိမိ၏လုပ်အား၊ မိမိကိုပြုစုစောင့်ရှောက်ရသူ၏ လုပ်အား၊ မိမိအဖွဲ့အစည်း၏လုပ်အား စသည်ဖြင့်ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများတွင် ဆုံးရှုံးမှုများ များစွာဖြစ်စေနိုင် သောကြောင့် မိမိကိုယ်ကို ကျန်းမာရေးကောင်းမွန်အောင် နေထိုင်ရမည်ဖြစ်ကြောင်း။

တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးကိုအထောက်အကူပြုစေရေးနှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရန်ရည်ရွယ်၍ တပ်မတော်မှ တစ်သျှူးငှက်ပျော အပါအဝင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အောင်မြင် စွာထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ကျန်းမာကြံ့ခိုင်မှုသည် လူတစ်ဦးချင်းအတွက်များစွာအရေးကြီးသဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများတွင် ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း။

စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး စနစ်တကျရှိစေရေး

တပ်မတော်သားများအနေဖြင့် အချိန်အခါမရွေးတိုက်ပွဲဝင်နိုင်ရမည်ဖြစ်ပြီး ကျန်းမာရေးကောင်းမွန်မှသာလျှင် ထိုကဲ့သို့တိုက်ပွဲဝင်နိုင်မည်ဖြစ်ကြောင်း၊ တိုက်ပွဲဝင်ရာတွင် သင်ကြားပေးထားသည့်စစ်ပညာရပ်များကို ထိရောက် အကျိုးရှိစွာအသုံးချနိုင်ရမည်ဖြစ်ပြီး တုံးတိုက်တိုက် ကျား ကိုက်ကိုက်စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်တွင် အဆင့်သတ်မှတ်ချက်များအလိုက် ၎င်းတို့ နှင့်ကိုက်ညီသည့် လုပ်ငန်းတာဝန်များကို ပေးအပ်ထား ကြောင်း၊ တပ်မတော်သားတိုင်းအနေဖြင့် အရည်အချင်း အလိုက်၊ စစ်သက်အလိုက်၊ ထူးချွန်ထက်မြက်မှုများအလိုက် တစ်ဆင့်မြင့် သင်တန်းများကိုအဆင့်ဆင့်တက်ရောက်ရ သည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအနေဖြင့်တာဝန် များကိုကျေပွန်စွာဖြင့်ထမ်းဆောင်နိုင်ရန် သင်ကြားလေ့ကျင့် ပေးနေခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်သားများသည် စည်းကမ်းစနစ်တကျ ဖြစ်ရမည်ဖြစ်ပြီး စည်းကမ်းဟူသည် တူညီသည့်သွင်ပြင် လက္ခဏာ၊ နေထိုင်လှုပ်ရှားမှုများရရှိရန် ကန့်သတ်ထား မှုများဖြစ်ပြီး လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရပ် ဘက်၊ စစ်ဘက်တို့တွင် စည်းကမ်းများကိုချမှတ်ထားခြင်း သည် စည်းကမ်းစနစ်တကျရှိစေရေးအတွက် သတ်မှတ် ချက်များကိုချမှတ်ပေးထားခြင်းဖြစ်ပြီး ထိုကဲ့သို့စည်းကမ်း တကျဖြစ်စေရေးအတွက် နေရာအလိုက်၊ ကဏ္ဍအလိုက် တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ်ရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရန်အတွက် အမိန့်နာခံတတ်မှုရှိရန်လိုကြောင်း၊ တပ်မတော်သည် စည်းကမ်း၊ အမိန့်နာခံတတ်မှုနှင့် စစ် စည်းကမ်းကောင်းမှုများရှိခြင်းကြောင့် ခိုင်မာသည့်အဖွဲ့ အစည်းတစ်ခုဖြစ်ကြောင်း။

တပ်မတော်သားများအားလုံးတွင် ကောင်းမွန်သည့် အခြေခံစိတ်ဓာတ်များရှိပြီးဖြစ်ကြောင်း၊ အဆိုပါစိတ်ဓာတ် များခိုင်မာအောင် တစ်ဦးချင်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ မည်သည့်ကိစ္စကိုဆောင်ရွက်သည်ဖြစ်စေ လူသာလျှင်ပဓာနဖြစ်ပြီး လူတို့၏ကြိုးစားအားထုတ်မှု ဖြင့်သာ အကျိုးရလဒ်များ ကွာခြားသွားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်တပ်မတော်သားများအားလုံး တစ်ဦးချင်းစိတ်ဓာတ် များကောင်းမွန်ခိုင်မာအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်ကို စွမ်းရည်မြင့်အောင်ဆောင်ရွက်ခြင်းသည် စစ်သည်များပင်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း၏ စွမ်း

တပ်မတော်ကို စွမ်းရည်မြင့်အောင်ဆောင်ရွက်ခြင်းသည် စစ်သည်များပင်ဖြစ်၊ စစ်သည်တစ်ဦးချင်း၏စွမ်းဆောင်ရည်မြင့်မားခြင်းမှသည် တပ်တစ်တပ်လုံးကောင်းမွန်လာမည်ဖြစ်ပြီး တပ်မတော်တစ်ရပ်လုံးသည်လည်း စွမ်းရည်ရှိသည့်တပ်မတော်ဖြစ်လာမည်ဖြစ်။

ဆောင်ရည်မြင့်မားခြင်းမှသည် တပ်တစ်တပ်လုံးကောင်းမွန်လာမည်ဖြစ်ပြီး တပ်မတော်တစ်ရပ်လုံးသည်လည်း စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးအင်အားသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း။

တပ်မိသားစုများ သက်သာချောင်ချိရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်သားများနှင့်မိသားစုဝင်များ စားသောက်မှုအဆင်ပြေစေရေးနှင့် သက်သာချောင်ချိမှုရှိစေရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း တတ်နိုင်သမျှအောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ကြရန်လိုကြောင်း။

မကြာမီအချိန်တွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာသင်ကြားမှုများပြီးဆုံးပြီး နွေရာသီကျောင်းပိတ်ရက်သို့ရောက်ရှိကြမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အခြားနွေရာသီသင်တန်းများဖြစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြားသောအကျိုးပြုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ယခင်သင်ကြားပေးခဲ့သည့် ကျောင်းစာပေများကို ပြန်လည်လေ့လာသင်ကြားပေးခြင်းများကိုဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာဖြင့်အသုံးချနိုင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အလားတူ မိမိတို့ကိုယ်တိုင်နှင့် မိမိတို့၏သားသမီးများဗဟုသုတကြွယ်ဝစေရေးအတွက်လည်း အကျိုးရှိစေမည့်စာပေဗဟုသုတများကို ဖတ်ရှုလေ့လာမှတ်သားကျင့်သုံးကြစေလိုကြောင်း၊ ထိုသို့ဖတ်ရှုလေ့လာခြင်းဖြင့် မိမိတို့ဘဝတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှအထောက်အကူပြုမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကျောက်တလုံးကြီးမြို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

(၇ - ၃ - ၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၇ ရက် နံနက်ပိုင်းတွင် ဇနီးဒေါ်ကြူကြူလှနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကျောက်တလုံးကြီးမြို့သို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ကြိုဆို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်တလုံးကြီးမြို့သို့ရောက်ရှိကြရာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) မှ ဦးခွန်မြင့်အောင်၊ ဦးခွန်အောင်ခမ်း၊ ဦးခွန်နေဝင်းထွန်းနှင့်တာဝန်ရှိသူများ၊ ဒေသခံပအိုဝ်းတိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပအိုဝ်းအမျိုးသားခေါင်းဆောင်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) နာယက ဦးအောင်ခမ်းထီနေအိမ်သို့ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဦးအောင်ခမ်းထီ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် လူအများနှင့် ဒေသအကျိုးကို

ပအိုဝ်းဒေသမှထွက်ရှိသည့်ထောပတ်သီးသည် အရည်အသွေးကောင်းမွန်သည့်အတွက် စိုက်ပျိုးမှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်စေလို၊ အလားတူ ဒေသတွင်း ကောင်းမွန်စွာထွက်ရှိသည့် ကြက်သွန်၊ အာလူး၊ လက်ဖက်ကဲ့သို့သော စိုက်ပျိုးရေးထုတ်ကုန်များမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြစေလို၊ ဒေသရှိ မြေပေါ်မြေအောက်သယံဇာတများကို လွယ်လွယ်ကူကူ ထုတ်ယူသုံးစွဲခြင်းများကို ရှောင်ရှားပြီး ရေရှည်အကျိုးရှိမည့်လုပ်ငန်းများကို လုပ်ဆောင်စေလို၊ ဒေသတွင်းရှိ သစ်ပင်သစ်တောများကိုလည်းထိန်းသိမ်းရန်လိုအပ်ပြီး ရွှေ့ပြောင်းတောင်ယာများ စိုက်ပျိုးခြင်းထက် ကုန်းမြင့်လယ်ယာစနစ်ကို ပိုမိုအားပေးဆောင်ရွက်ကြစေလို။

ဖြစ်ထွန်းစေမည့်လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဒေသတွင်းရှိပြည်သူများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်းဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပမာဏများများဖြင့် စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်မှုမျိုးဖြစ်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဝက်၊ နွား၊ ကြက် စသည့်မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ပအိုဝ်းဒေသမှထွက်ရှိသည့်ထောပတ်သီးသည် အရည်အသွေးကောင်းမွန်သည့်အတွက် စိုက်ပျိုးမှုများကိုပိုမိုမြှင့်တင်ဆောင်ရွက်စေလိုကြောင်း၊ အလားတူ ဒေသတွင်းကောင်းမွန်စွာထွက်ရှိသည့် ကြက်သွန်၊ အာလူး၊ လက်ဖက်ကဲ့သို့သော စိုက်ပျိုးရေးထုတ်ကုန်များမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသရှိမြေပေါ်မြေအောက်သယံဇာတများကို လွယ်လွယ်ကူကူထုတ်ယူသုံးစွဲခြင်းများကိုရှောင်ရှားပြီး ရေရှည်အကျိုးရှိမည့်လုပ်ငန်းများကို လုပ်ဆောင်စေလိုကြောင်း၊ ဒေသတွင်းရှိ သစ်ပင်သစ်တောများကိုလည်း ထိန်းသိမ်းရန်လိုအပ်ပြီး ရွှေ့ပြောင်းတောင်ယာများ စိုက်ပျိုးခြင်းထက် ကုန်းမြင့်လယ်ယာစနစ်ကိုပိုမိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပအိုဝ်းဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သမဝါယမစနစ်ဖြင့် ထိထိရောက်ရောက်ဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်နိုင်ငံတော်နှင့် တပ်မတော်မှလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

■ ■ ■

ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

(၇ - ၃ - ၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၇ ရက်မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာကျော်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ရှမ်းပြည်နယ်အတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ အကြီးစား၊ အလတ်စားနှင့် အငယ်စားစက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သီးနှံများ ထုတ်လုပ်လျက်ရှိမှု၊ စက်မှုဇုန်များအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်

လုပ်မှုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြင့်စီးပွားရေးထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှု၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Village One Product) များဆောင်ရွက်လျက်ရှိမှု၊ ထုတ်ကုန်ပြပွဲများ ကျင်းပပေးနိုင်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များကဆွေးနွေးတင်ပြကြရာ **"လွယ်မွေ့"** ကုမ္ပဏီလီမိတက်မှ ဦးအောင်ဝင်း၊ **"မိုးကောင်းကင်"** ကယားဝက်အူချောင်းလုပ်ငန်းမှ ဒေါ်ခိုင်စိုးသူ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မြန်မာနိုင်ငံသစ်သီးဝလံပန်းမန် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်အောင်၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါက်တာစိုင်းလုံ၊ **"SHAN Orchard"** ထောပတ်ဆီထုတ်လုပ်မှုလုပ်ငန်းမှ ဦးမျိုးသက်လွင်နှင့် တက်ရောက်လာကြသူများက ဒေသထွက်မိရိုးဖလာစားသောက်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် ပြည်ပဈေးကွက်ဖြန့်ချိရေးနှင့် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင်ထုတ်လုပ်နိုင်ရန်အတွက် ဖြေရှင်းရမည့်ကိစ္စရပ်များ၊ ရှမ်းပြည်နယ်မှထွက်ရှိသည့် သစ်သီးဝလံနှင့် ပန်းမန်များကို ပြည်ပနိုင်ငံများသို့ ထုတ်ပိုးတင်ပို့ရောင်းချလျက်ရှိမှု၊ အဓိကထွက်ကုန်ဖြစ်သည့် ထောပတ်စိုက်ပျိုးမှုများကို တိုးချဲ့စိုက်ပျိုးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရန်အတွက်ရင်းနှီးမြှုပ်နှံမှုချေးငွေများလိုအပ်လျက်ရှိမှု၊ ထောပတ်သီးများကိုပြည်ပနိုင်ငံများသို့တင်ပို့နိုင်ရန်အတွက် နိုင်ငံတော်မှ G to G စနစ်ဖြင့်ဆောင်ရွက်ပေးစေလိုမှု၊ သစ်သီးများကို တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန်လိုအပ်မှု၊ မွေးမြူရေးလုပ်ငန်းများအတွက် သုတေသနပြုခြံတစ်ခွဲခန်းများအဆင့်မြှင့်တင်ရာတွင် နိုင်ငံတော်မှကူညီပံ့ပိုးပေးစေလိုမှုနှင့် လုပ်ငန်းတိုးချဲ့ရေးအတွက် မြေနေရာရရှိနိုင်ရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုလမ်းများနှင့် လျှပ်စစ်မီးလိုအပ်ချက်ရှိမှု၊ နောင်တရားဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် အာလူးစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးစေလိုမှု၊ ပုဂ္ဂလိကဆေးရုံများ၏ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးစေလိုမှု၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည့် နည်းပညာများနှင့် အရင်းအနှီးများကူညီပေးစေလိုမှု၊ အင်းလေးဒေသရှိ ဇီဝမြေသြဇာထုတ်လုပ်မှုလုပ်ငန်း အောင်မြင်မှုရှိစေရေးအတွက် ဆောင်ရွက်ပေးစေလိုမှုတို့ကို အသီးသီးတင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ အာလူးစိုက်တောင်သူများအတွက် ဒေသနှင့်ကိုက်ညီသည့် အာလူးမျိုးများရရှိရေး၊ စပါးစိုက်တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးမြေများရရှိလိုမှု၊ လုပ်ငန်းအတွက်ချေးငွေများ ရရှိလိုမှုတို့နှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားနိုင်ပြီး မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများ ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့်စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အားပေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်မှုမှတ်ပုံတင်ခြင်း

များကို သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ပေးလျက်ရှိမှု၊ တရားမဝင်ကုန်စည်စီးဆင်းမှုများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို များစွာထိခိုက်စေနိုင်သောကြောင့် တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးလျက်ရှိသကဲ့သို့ အားလုံးဝိုင်းဝန်းတိုက်ဖျက်ကြရန်လိုအပ်မှု၊ စပါးခွဲလှောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး လိုအပ်သည့်နည်းပညာနှင့်စက်ကိရိယာများ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ စားသောက်ကုန်များ၏ အရည်အသွေးစစ်ဆေး၍ FDA လက်မှတ်များထုတ်ပေးလျက်ရှိမှုနှင့် သင်တန်းများပို့ချဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အလေးထားမှတ်သား၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အစားအသောက်လုံခြုံရေးနှင့်ပတ်သက်၍ ဖြည့်စွက်မှာကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကဆွေးနွေးပြောကြားရာတွင်လုပ်ငန်းရှင်များ၏တင်ပြချက်များအပေါ် တာဝန်ရှိသူများက အသီးသီးပြန်လည်ဆွေးနွေးပြီးဖြစ်ကြောင်း၊ စားသောက်ကုန်နှင့်ပတ်သက်၍ ပြည်ပမှဝင်ရောက်လာသည့် တရားဝင်စားသောက်ကုန်များ၊ ပြည်တွင်းမှထုတ်လုပ်သည့်စားသောက်ကုန်များအမျိုးမျိုးရှိကြပြီး အစားအသောက်လုံခြုံရေး (Food Security)ကို အလေးထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစားအသောက်ထုတ်ကုန်များနှင့်ပတ်သက်၍ FDA စည်းကမ်း၊ ခွင့်ပြုချက်များရရှိရန် သတ်မှတ်အရည်အသွေးများပြည့်မီရန်လိုကြောင်း၊ မိမိထုတ်လုပ်သည့် စားသောက်ကုန်များ၏အရည်အသွေးမပြည့်မီမှုများကြောင့် စားသုံးသူများဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေး လိုအပ်သည့် စစ်ဆေးမှုများကို စနစ်တကျဖြင့်ခံယူပြီးမှသာ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးကြရမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းထုတ်လုပ်သည့်ရက်၊ ကုန်ဆုံးရက်များကိုလည်း စနစ်တကျရိုက်နှိပ်ပေးထားရန်လိုကြောင်းကိုဖြည့်စွက်ပြောကြားလိုကြောင်း။

ဒေသထုတ်ကုန်များကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ မိမိတို့နိုင်ငံ၏စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များကိုဆွေးနွေးပြောကြားနိုင်ရန်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက်များတွင် နိုင်ငံခြားကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ပြန်လည်စိစစ်ဆောင်ရွက်ခဲ့ရာ ပြည်တွင်းထုတ်ကုန်များအားပေးမှုမရှိခြင်းနှင့် ပြည်ပသွင်းကုန်များကို ပိုမိုဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံခြားချေးငွေများကို အဆက်မပြတ်ရယူခဲ့ပြီး ယခုအချိန်တွင် နိုင်ငံခြားချေးငွေများပြန်လည်ပေးဆပ်ရန်ကျန်ရှိနေသေးကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် တတ်နိုင်သမျှ ပြန်လည်ပေးဆပ်နေရကြောင်း။

နိုင်ငံခြားငွေရရှိရန်အတွက် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင်မြေပေါ်မြေအောက်သယံဇာတပစ္စည်းများနှင့်စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများရှိကြောင်း၊ သစ်တောကဲ့သို့

> **ပြည်ပမှဝင်ရောက်လာသည့် တရားဝင် စားသောက်ကုန်များ၊ ပြည်တွင်းမှထုတ်လုပ်သည့်စားသောက်ကုန်များ အမျိုးမျိုးရှိကြပြီး အစားအသောက်လုံခြုံရေး (Food Security) ကို အလေးထားကြရမည်ဖြစ်၊ ထို့ကြောင့် အစားအသောက်ထုတ်ကုန်များနှင့်ပတ်သက်၍ FDA စည်းကမ်း၊ ခွင့်ပြုချက်များရရှိရန် သတ်မှတ်အရည်အသွေးများပြည့်မီရန်လို၊ မိမိထုတ်လုပ်သည့် စားသောက်ကုန်များ၏ အရည်အသွေးမပြည့်မီမှုများကြောင့် စားသုံးသူများဘေးအန္တရာယ် ဖြစ်ပွားမှုမရှိစေရေးလိုအပ်သည့် စစ်ဆေးမှုများကို စနစ်တကျဖြင့်ခံယူပြီးမှသာ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးကြရမည်ဖြစ်။**

သော မြေပေါ်သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲပြီး ပြန်လည်ဖြည့်တင်းစိုက်ပျိုးခြင်းမရှိခြင်းကြောင့် သစ်တောများ ပြုန်းတီးလာမှုများရှိကြောင်း၊ မြေအောက်သယံဇာတများထုတ်ယူသုံးစွဲခြင်းကိုလည်း ကုန်ကြမ်းအဖြစ်ထုတ်လုပ်ခြင်းမဟုတ်ဘဲ ကုန်ချောအဖြစ်ထုတ်လုပ်ခြင်းများကိုသာ ခွင့်ပြုပေးလျက်ရှိကြောင်း၊ မြေပေါ်မြေအောက်သယံဇာတများကိုထုတ်ယူသုံးစွဲခြင်းထက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုသာ အဓိကထားလုပ်ကိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရန် အားပေးခဲ့ခြင်းဖြစ်ကြောင်း၊ **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် ခိုင်မာပြီးသေချာမှုရှိသည့် လုပ်ငန်းတစ်ခုပင်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ကြမ်းပစ္စည်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်**ကြောင်း။

မိမိတို့ဒေသမှမဟုတ်ဘဲ အခြားဒေသများမှထွက်ရှိသည့်ကုန်ကြမ်းပစ္စည်းများ၊ ပြည်ပမှဝယ်ယူရသည့် ကုန်ကြမ်းပစ္စည်းများကိုအသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် ကုန်ထုတ်လုပ်မှုတွင် အကန့်အသတ်ရှိပြီး အခက်အခဲများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း။

မွေးမြူရေး

မိမိတို့နိုင်ငံတွင် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းများကိုပြည်တွင်း၌ စနစ်တကျဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများ များစွာလျော့ကျသွားမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သည် နွားမွေးမြူရေး၊ ဝက်နှင့်ကြက်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများရှိသည့် ဒေသဖြစ်ကြောင်း၊ **နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ရှမ်းပြည်နယ်အတွင်း အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက နို့ထွက်ပစ္စည်းအများဆုံးထုတ်လုပ်နိုင်သည့် ပြည်နယ်တစ်ခုဖြစ်လာမည်**ဖြစ်ပြီး နိုင်ငံအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ကြက်မွေးမြူရေးနှင့်ပတ်သက်၍ ဥစားကြက်များပေါ်များစွာမွေးမြူလျက်ရှိသည်ကိုတွေ့ရှိရပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကိုလည်းတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၌ **၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုကြောင့် စားရေးအခက်အခဲများဖြစ်ပေါ်ခဲ့ချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမွေးမြူရေးဇုန်မှ တစ်နိုင်ငံလုံးသို့ကြက်ဥများဖြန့်ဖြူးပေးခဲ့သည့်အတွက် ပြည်သူလူထု၏စားရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ပေါ်စေခဲ့သည့်အတွက်လည်း ကျေးဇူးတင်**ရှိကြောင်းကို ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံနှင့် နိုင်ငံတကာတွင် အသားလိုအပ်ချက်များစွာရှိကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် တိရစ္ဆာန်အစာများကိုအသုံးပြု၍ ပြည်တွင်းအသားထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုကိုဖူလုံစေရုံသာမက ပြည်ပသို့လည်းတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ အသားထုတ်လုပ်မှုများမှတစ်ဆင့် စက်မှုထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မွေးမြူရေးကိုစနစ်တကျဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

အလားတူ ဝက်မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်၍ အသားထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှထွက်ရှိသည့် သစ်သီးဝလံများနှင့် အသားများကို ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရန်အတွက် ဟဲဟိုးလေယာဉ်ကွင်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် အားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါတွင် ကုန်သွယ်မှုလိုငွေများ ထိုက်သင့်သလောက်တိုးတက်လာပြီဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေများရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေး

စပါးစိုက်ပျိုးမှုများဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်း

စပါးစိုက်ပျိုးမှုများဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် စိုက်ပျိုးရန်လို၊ တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်နိုင်ရန် အတွက် ရှမ်းပြည်နယ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်မြေဩဇာများ ရရှိရေးအတွက်လည်း ဒေသတွင်းမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိထားသည့် ဇီဝမြေဩဇာများကို အကျိုးရှိရှိအသုံးချမည် ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်။

ချက်များ ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း၊ တစ်ဧကချင်း အထွက်နှုန်းများတိုးတက်အောင်ဆောင်ရွက်ပြီး စီးပွားရေး မြှင့်တင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ် အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာများရရှိရေးအတွက်လည်း ဒေသတွင်းမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိထားသည့် ဇီဝမြေဩဇာများကို အကျိုးရှိရှိအသုံးချမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ကျွဲနွားများကို စနစ်တကျလှောင်မွေးခြင်းဖြင့် အသားထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း များကောင်းမွန်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို အခြေခံသည့် ထွက်ကုန်ပစ္စည်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းမှ ထွက်ရှိသည့် လက်ဖက်၊ ကော်ဖီများသည် နိုင်ငံတကာ ဈေးကွက်ဝင်ပစ္စည်းများဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် အဆိုပါလက်ဖက်နှင့်ကော်ဖီများကို ပိုမိုတိုးချဲ့ စိုက်ပျိုးပြီး ကုန်ထုတ်လုပ်မှုများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သဖြင့် ဒေသအတွက်သာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ Eating quality ကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးရန် လိုကြောင်း၊ ဒေသမှထွက်ရှိသည့် စားသောက်ကုန်များကိုလည်း အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်မည် ဆိုပါက ဈေးကွက်ရရှိမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ အရည်အသွေးကောင်းမွန်စွာဖြင့် လုံလောက်စွာထုတ်လုပ်နိုင်မည် ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကိုအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားလိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိရေး

ရှမ်းပြည်နယ်အတွင်း စပါးကြိတ်ခွဲမှုများမှ စပါးခွံများ များစွာထွက်ရှိလျက်ရှိကြောင်း၊ ထွက်ရှိလာသည့်စပါးခွံများကိုအသုံးပြု၍ စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများကိုဆောင်ရွက်နိုင်ကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို မိမိတို့ဒေသအလိုက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့်လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များအစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များတင်ပို့နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် သွင်းအားစုများလိုအပ်ကြောင်း၊ သွင်းအားစုများရရှိရေးအတွက်လည်း ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း။

စုပေါင်းသမဝါယမစနစ်

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သမဝါယမစနစ်ဖြင့်သွားသည့် ကုန်ထုတ်လုပ်မှုကိုသွားနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်ကသမဝါယမစနစ်ကိုကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ **သမဝါယမစနစ်ကိုကျင့်သုံးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကိုကျင့်သုံး၍ ဆောင်ရွက်ကြရန် လို**ကြောင်း၊ အရင်းအနှီးနှင့်ပတ်သက်၍ နိုင်ငံတော်မှလိုအပ်သည့်ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေတွင် Developing ချေးငွေနှင့် Commercial ချေးငွေဟူ၍ရှိကြောင်းနှင့် ချေးငွေအမျိုးအစားအလိုက် အတိုးနှုန်းများကွာခြားသွားမည်ဖြစ်ကြောင်း၊ အရင်းအနှီးမတည်ငွေများနှင့်ပတ်သက်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှထုတ်ချေးပေးလျက်ရှိပြီး ချေးငွေများရယူရာတွင်လည်း မိမိတို့တတ်နိုင်သလောက်သာချေးယူရန်နှင့် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီရန်လိုကြောင်း။

လူသားအရင်းအမြစ်ကောင်းများရရှိရေး ပညာရေးအားပေးဆောင်ရွက်

နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအဆင့်မီစွာ ဆောင်ရွက်နိုင်ရန်လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ နိုင်ငံတော်အတွက်လိုအပ်သည့် လူသားအရင်းအမြစ်များပေါ်ကြွယ်ဝစေရေး ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အတန်းပညာများရှိမှသာ မိမိတို့ဘဝရပ်တည်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးသည် နိမ့်ကျလျက်ရှိနေသေးသည်ကိုတွေ့ရှိရပြီး ရှမ်းပြည်နယ်အတွင်း၌လည်း ပညာရေးတန်းစဉ် ကူးပြောင်းမှုနှုန်းနည်းပါးနေသေးသည့်အတွက် ပညာရည်မြင့်မားရေးကိုဝိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ **ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်**သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကိုအားပေးမှသာ လျှင် ဒေသနှင့်နိုင်ငံ၏ လူသားအရင်းအမြစ်များသည်လည်း ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းမှစ၍ပညာရေးကိုအလေးထားအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များအလိုက် လူမှန်နေရာမှန်ဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိကပညာသင်ကြားရေးတွင်လည်း ပညာသင်ကြားမှုများနစ်နာမှုမရှိစေရေး စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ အချို့သော ကိုယ်ပိုင်ကျောင်းများအနေဖြင့် ငွေကြေးကောက်ခံမှုများ များပြားလျက်ရှိသည်ကို စိစစ်တွေ့ရှိရပြီး ပညာရည်သင်ကြားရေးအတွက် မှန်မှန်ကန်ကန်ဖြစ်စေလိုကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

ရှမ်းပြည်နယ်သည် ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ **တောင်ကြီးမြို့တွင် မီးပုံးပျံပွဲကိုအစဉ်အလာဖြင့် နှစ်စဉ်ကျင်းပလျက်ရှိပြီး ပြည်တွင်းပြည်ပမှ စိတ်ဝင်စားသည့်ပွဲတော်တစ်ခုဖြစ်ကြောင်း၊ အလားတူ အင်းလေးဒေသသည်လည်း ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့်နေရာဒေသတစ်ခုဖြစ်**ကြောင်း၊ ထို့ကြောင့် ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ဒေသထွက်အစားအစာများကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ကလော၊ အောင်ပန်းဒေသကို ကျန်းမာရေးစောင့်ရှောက်မှုဒေသအဖြစ်ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်ပြီး မိမိတို့အနေဖြင့် လိုအပ်သည်များကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်ပစ္စည်းများ ထုတ်ပိုးမှုစနစ်ကောင်းမွန်မှသာ ဝယ်ယူသူကိုပိုမိုစွဲဆောင်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ Quality ကောင်းအောင်ဆောင်ရွက်ရာတွင် အမြင်၊ အနံ့နှင့် ထုပ်ပိုးမှုများကောင်းမွန်အောင်ဆောင်ရွက်ရန်အကြံပြုလိုကြောင်း၊ သို့မှသာ ထုတ်ကုန်ပစ္စည်းများကို ပိုမိုရောင်းချနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးတိုက်တွန်းပြောကြားသည်။

■ ■ ■

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၇ - ၃ - ၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၇ ရက် နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မြေဖို့ခြင်း၊ မြေဖြတ်ခြင်းနှင့် တာပေါင်ဆင်ခြေလျှောဖြေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်တိုးတက်မှု၊ သံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ခရီးသွားများကိုဆွဲဆောင်နိုင်မည့် ရှမ်းပြည်နယ်၏ထင်ရှားသောဘဝသံသရာရထားလမ်းတံတားပုံစံအတိုင်း တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားလမ်းသယ်ယူပို့ဆောင်ရေးသည် ဒေသအတွက် များစွာအကျိုးရှိစေမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ယခု ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို သာမန်ခရီးသွားပြည်သူများ သွားလာအသုံးပြုနိုင်ရန်၊ ကုန်စည်များ ပိုမိုကူးသန်းရောင်းဝယ်နိုင်ရန်၊ ဒေသတွင်းရှိ တွင်းထွက်ပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများ ပိုမိုကူးသန်းရောင်းဝယ်နိုင်ရန်၊ ခရီးသွားပြည်သူများကို ဆွဲဆောင်နိုင်ရန် ရည်ရွယ်ကြောင်း၊ နောက်ပိုင်းတွင် ပအိုဝ်းဒေသအထိ တိုးချဲ့ပြေးဆွဲနိုင်ရေးရည်ရွယ်ကြောင်း၊ သံလမ်းခင်းရာ၌လမ်းခင်းကျောက်ထည့်သွင်းမှု၊ တံတားများထည့်သွင်းတည်ဆောက်မှုတို့ကို သတ်မှတ်အရည်အသွေးနှုန်းထားများအတိုင်း ပြည့်မီစွာခင်းကျင်းရန်လိုကြောင်း၊ လုပ်ငန်းလျင်မြန်စွာ ပြီးစီးစေရေးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ပြီး အရည်အသွေးပြည့်မီမှုမရှိခြင်းများ မဖြစ်စေလိုကြောင်း၊ ဘဝသံသရာရထားလမ်းအတိုင်း စနစ်တကျတည်ဆောက်ရန်လိုကြောင်း၊ ကားလမ်းများအနီးတွင်ရှိသည့် ရထားသံလမ်းပိုင်းနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး အကာအရံဆောင်ရွက်ပေးရန်လိုကြောင်း၊ မြေထိန်းနံရံ(Toe Wall)များ၊ ရေကာနံရံများနှင့် ရေထုတ်ပြွန်များ၊ ရေထုတ်မြောင်းများကိုလည်း စနစ်တကျထည့်သွင်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၈ - ၃ - ၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မတ်လ ၈ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုကျေးရွာအနီးရှိစက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာစက်ရုံရှင်းလင်းဆောင်တွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒုတိယဝန်ကြီးဦးရင်မောင်ညွန့်တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ်အတွင်း လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်အရ စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုများ ရပ်တန့်ထားသည့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြန်လည်စတင်ဆောင်ရွက်ခဲ့မှု၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းဖြစ်ပေါ်လာပုံနှင့် စီမံကိန်းပြန်လည်လည်ပတ်နိုင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ တိုးတက်မှုများနှင့် ချို့ယွင်းချက်များဖြစ်ပေါ်နေသည့် အစိတ်အပိုင်းများကို

ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာစစ်ဆေးရေးအဖွဲ့တို့က စနစ်ကျနမှုရှိစေရေးစစ်ဆေးဆောင်ရွက်ခဲ့မှုနှင့်စီမံကိန်းအကောင်အထည်ဖော်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီတို့က မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှလုပ်ငန်းဆောင်ရွက်မှုများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport (TPE) မှ Process Engineer များဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ အလုပ်ရုံအသီးသီးရှိ စက်ကိရိယာများအား စစ်ဆေးခဲ့မှု၊ ပြုပြင်ရန်လိုအပ်သည်များ၊ အစားထိုးလဲလှယ်ရန်လိုအပ်သည့်စက်ကိရိယာများကိုပြုပြင်ခြင်းများနှင့် မှာယူတပ်ဆင်ခြင်းများဆောင်ရွက်လျက်ရှိမှု၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းအတွက် လိုအပ်မည့် သံရိုင်းသတ္တုနှင့် စက်မှုကုန်ကြမ်း တွင်းထွက်သတ္တုများထုတ်ယူရရှိနိုင်မှုပမာဏနှင့် ခွင့်ပြုပေးထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေးနိုင်မည်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတည်ဆောက်ရေးတွင် သံမဏိသည် မဖြစ်မနေလိုအပ်သည့် ပစ္စည်းဖြစ်ပြီး ပြည်တွင်းသံမဏိလိုအပ်ချက်များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေးစီမံကိန်းများအား အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် သံ၊ သံမဏိထုတ်ကုန်များကို ပြည်ပသွင်းကုန်အဖြစ် တင်သွင်းရန်မလိုဘဲ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ခိုင်မာသည့်ဈေးကွက်ရှိခြင်းတို့ကြောင့် မဖြစ်မနေ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ယခုစီမံကိန်းကို ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများကြားမှ အကောင်အထည်ဖော်ဆောင်ခဲ့ရခြင်းဖြစ်သော်လည်း စီမံကိန်းအပေါ် နားလည်မှုနှင့် မဟာဗျူဟာမြောက်အမြင်မရှိဘဲ စီမံကိန်းကို ၂၀၁၇ ခုနှစ်တွင် ရပ်ဆိုင်းခဲ့၍ နိုင်ငံတော်အတွက် များစွာနစ်နာခဲ့ရကြောင်း၊ ခေတ်မီနိုင်ငံတစ်ခု တည်ဆောက်ရေးအတွက် သံမဏိလိုအပ်ချက်သည် မလွဲမသွေရှိနေမည်ဖြစ်ကြောင်း။

ရေရှည်ကိုကြည့်၍ဆောင်ရွက်

မြေအောက်သယံဇာတများ ထုတ်ယူသုံးစွဲမှုနှင့် ပတ်သက်၍ မြေအောက်သယံဇာတများသည် သစ်တောသစ်ပင်များကဲ့သို့ ပြန်လည်စိုက်ပျိုး၍ ရရှိနိုင်သည် မဟုတ်ဘဲ နှစ်ပေါင်းများစွာကြာမြင့်မှသာလျှင် သဘာဝအလျောက်ဖြစ်တည်လာနိုင်သည်ဖြစ်ရာ နိုင်ငံအတွက် အကျိုးရှိသည့်နေရာများတွင်သာ အသုံးချရန်နှင့် ထုတ်ယူသုံးစွဲမှုများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ မြေပေါ်မြေအောက်သယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့်သည် နိုင်ငံသူနိုင်ငံသားတို့၏ လက်ဝယ်တွင်သာရှိရမည်ဖြစ်ကြောင်း တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်းကို မိမိတို့ပြည်တွင်းအားဖြင့်လုပ်ဆောင်နိုင်သည်ဟူသည့်စိတ်နှင့် ယုံကြည်မှုကိုတည်ဆောက်နိုင်ရမည်ဖြစ်ပြီး လူသားအရင်းအမြစ်ကောင်းများရှိနေပါက မိမိတို့အနေဖြင့် အခြားသူများကို အားကိုးရန်လိုအပ်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်အတွက် ရေရှည်အကျိုးကိုကြည့်၍ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးကိုလည်း ဝန်ကြီးဌာနများအလိုက်အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် လုပ်ငန်းများအောင်မြင်စေရေး မူဝါဒများကိုချမှတ်ပေးမည်ဖြစ်ပြီး အမှန်တကယ်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်မှာ ဝန်ကြီးဌာနများ၏တာဝန်သာဖြစ်ကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုများကို ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ပီပီပြင်ပြင်ဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ရေရှည်ကိုကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ကမ္ဘာ့ပထမဆုံး သံရည်ကျိုနည်းစဉ် Romelt ကိုအသုံးပြုထားသဖြင့် အလုပ်ရုံများ၏ထုတ်လုပ်မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ပြုလုပ်နိုင်ရေးနှင့် အလုပ်ရုံများအချင်းချင်းချိတ်ဆက်၍ ထုတ်လုပ်မှုဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များအလိုက် စနစ်တကျနှင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့် အရည်အသွေးစစ်ဆေးမှုများကို Third party ဖြင့် စစ်ဆေးမှုများနှင့် မှတ်တမ်းထားရှိမှုများ ပြုလုပ်ထားရှိရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

■ ■ ■

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၈ - ၃ - ၂၀၂၃)

အားလုံးမင်္ဂလာပါ

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်မျှရှိတဲ့ အမျိုးသမီးများဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အဓိကကျတဲ့အင်အားစုကြီးဖြစ်ပြီး အမျိုးသမီးတွေရဲ့အခွင့်အရေးနဲ့ စွမ်းဆောင်နိုင်မှုတွေကို ပိုမိုအာရုံစိုက်မိလာစေဖို့နဲ့ အမျိုးသမီးတွေရဲ့အခွင့်အရေးတွေကို အလေးထားအကောင်အထည်ဖော်နိုင်စေဖို့ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွေကို ကမ္ဘာတစ်ဝန်းမှာ နှစ်စဉ်ကျင်းပကြပါတယ်။

မီးမောင်းထိုးပြ

ကုလသမဂ္ဂက အမျိုးသမီးများနေ့အခမ်းအနားကျင်းပနိုင်ရေးဆောင်ပုဒ်များကို နှစ်စဉ်ချမှတ်ပေးလျက်ရှိရာ ယခု ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဆောင်ပုဒ်ကတော့ **"ကျားမတန်းတူညီမျှဖို့ နည်းပညာနဲ့ဆန်းသစ်စို့"** (Digit ALL: Innovation and technology for gender equality) ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်ရဲ့ဆိုလိုချက်ကတော့ စီးပွားရေးနဲ့လူမှုရေးအပေါ် မညီမျှမှုများပိုမိုဖြစ်ပွားစေတဲ့ ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍမှာ ကျား/မကွာဟမှုဆိုင်ရာ သက်ရောက်မှုများကို စူးစမ်းလေ့လာခြင်းဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ကဏ္ဍမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များရဲ့အခွင့်အရေးတွေကို ကာကွယ်ခြင်းနဲ့ အွန်လိုင်းနဲ့ နည်းပညာဆိုင်ရာ ကျား/မအခြေပြု အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းတို့ရဲ့အရေးပါမှုကို မီးမောင်းထိုးပြခြင်းပဲဖြစ်ပါတယ်။

အမျိုးသမီးများနဲ့ ထိခိုက်လွယ်တဲ့အုပ်စုများကို နည်းပညာလက်လှမ်းမီရရှိစေခြင်းဟာ အမျိုးသမီးများရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးခြင်းဖြစ်သလို ကျား/မတန်းတူ

ညီမျှမှုကို ပိုမိုမြင့်တင်ပေးဖို့အတွက် အသိပညာနဲ့ဆန်းသစ်တီထွင်မှုများကိုပေးနိုင်တဲ့ အလားအလာကောင်းတွေကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ နည်းပညာကဏ္ဍမှာ အမျိုးသမီးများပါဝင်နိုင်မှုမရှိခြင်းဟာ ကုန်ကျစရိတ်ပိုမိုများပြားစေပါတယ်။ UN Women's Gender Snapshot 2022 အစီရင်ခံစာအရ ဒစ်ဂျစ်တယ်ကမ္ဘာကနေ အမျိုးသမီးတွေကိုဖယ်ထုတ်ခြင်းဟာ ပြီးခဲ့တဲ့ဆယ်စုနှစ်အတွင်း ဝင်ငွေနိမ့်ကျတဲ့နိုင်ငံများနဲ့အလယ်အလတ်ဝင်ငွေရှိတဲ့ နိုင်ငံများရဲ့ပြည်တွင်းထုတ်ကုန်စုစုပေါင်းတန်ဖိုးရဲ့ အမေရိကန်ဒေါ်လာ ၁ ထရီလီယံကို ဆုံးရှုံးခဲ့ကြောင်းသိရပါတယ်။ အဲဒီကိစ္စအပေါ် ဘယ်လိုဆောင်ရွက်ချက်မှလုပ်မပေးနိုင်ဘူးဆိုရင် ၂၀၂၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံအထိ ဆုံးရှုံးသွားမှာဖြစ်ကြောင်းသိရှိရပါတယ်။

ဒီလိုမဖြစ်စေဖို့အတွက် အွန်လိုင်းအကြမ်းဖက်မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့လိုအပ်မှာဖြစ်ပြီး နိုင်ငံပေါင်း ၅၁ နိုင်ငံရဲ့လေ့လာမှုတစ်ခုအရ အမျိုးသမီး ၃၈ ရာခိုင်နှုန်းဟာ အွန်လိုင်းအကြမ်းဖက်မှုများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရကြောင်းနဲ့ ကိုဗစ်-၁၉ ကာလအတွင်း အွန်လိုင်းပေါ်မှာ အချိန်ပိုမိုသုံးစွဲခဲ့တဲ့ အမျိုးသမီးတွေအနေနဲ့ အွန်လိုင်းနဲ့ သတင်းအချက်အလက်နည်းပညာဆိုင်ရာများမှာ အကြမ်းဖက်ခံရမှုတိုးမြင့်လာကြောင်း လေ့လာမှုအစီရင်ခံစာမှာ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

ဒါပေမယ့် တစ်ဖက်မှာတော့ ဒစ်ဂျစ်တယ်နည်းပညာတိုးတက်ပြောင်းလဲလာခြင်းကြောင့် ဖြစ်ပေါ်လာတဲ့အခွင့်အလမ်းများဟာ ကျား/မဆိုင်ရာမညီမျှမှုတွေကို ဆက်လက်တည်မြဲစေနိုင်တာကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ကြောင်းနဲ့ ဒစ်ဂျစ်တယ်ဆိုင်ရာ ကျား/မခွဲခြားမှုရဲ့ရလဒ်အနေနဲ့ အမျိုးသမီးများနောက်ကျကျန်ရစ်ခဲ့မှုနဲ့အတူ နည်းပညာလက်လှမ်းမီရရှိမှုနဲ့ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်များမှာ ကျား/မရေးရာမညီမျှမှုများဟာ မြင့်မားလျက်ရှိတာကိုလည်း အဆိုပါလေ့လာမှုစစ်တမ်းမှာဖော်ပြထားတာတွေ့ရှိရတဲ့အတွက် ဒီအချက်တွေကို သတိထားကြဖို့လိုအပ်ကြောင်း မှာကြားလိုပါတယ်။

ကျား/မတန်းတူညီမျှရေးအတွက် နိုင်ငံအလိုက် ဘယ်လိုပဲ အမျိုးသမီးအခွင့်အရေးကို ပြည့်ဝအောင်ဆောင်ရွက်ပေးနေတယ်၊ အမျိုးသမီးတွေဟာ အခွင့်အရေးတွေတန်းတူညီမျှရနေတယ်ဆိုပေမယ့် နိုင်ငံအလိုက် သတ်မှတ်ထားတဲ့ ယဉ်ကျေးမှုတွေ၊ ကျင့်သုံးနေကြတဲ့အစဉ်အလာရိုးရာဓလေ့ထုံးစံတွေအရ ကျား/မတန်းတူညီမျှရေးမှာ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပြီး ပြောင်းလဲခြင်းမပြုနိုင်သေးတဲ့ အတားအဆီးတွေလည်းရှိနေဆဲပဲဖြစ်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

များစွာအထောက်အပံ့ပြုနေ

သတင်းအချက်အလက်နည်းပညာခေတ် (Information Age) ကာလဟာ ၁၉၉၀ ပြည့်နှစ်ကစခဲ့တာဖြစ်ပြီး ကွန်ပျူတာနည်းပညာနဲ့အတူသိပ္ပံနဲ့နည်းပညာနဲ့သတင်းအချက်အလက်နည်းပညာများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာတာကြောင့် ကဏ္ဍအသီးသီးမှာ များစွာအထောက်အပံ့ပြုနေတာကို တွေ့မြင်နိုင်မှာလည်းဖြစ်ပါတယ်။ မျက်မှောက်ခေတ်မှာ ဒစ်ဂျစ်တယ်နည်းပညာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှု၊ ကျယ်ပြန့်စွာချိတ်ဆက်အသုံးပြုလာမှုတို့ကြောင့် ဒစ်ဂျစ်တယ်နည်းပညာများကနေတစ်ဆင့် သတင်းအချက်အလက်များရရှိခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခွင့်အလမ်းများရရှိခြင်း၊ အသိပညာဗဟုသုတများ လေ့လာသင်ယူနိုင်ခြင်း စတဲ့အကျိုးကျေးဇူးများစွာရရှိနိုင်ပြီး၊ လူတွေရဲ့နေ့စဉ်ဘဝတွေမှာ များစွာအထောက်အကူပြုစေပါတယ်။ ဒီလိုနည်းပညာဆိုင်ရာအကျိုးကျေးဇူးများကို ရရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီကို ကျား/မတန်းတူညီမျှစွာအရောက်လှမ်းနိုင်ဖို့အတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနဲ့ ဒစ်ဂျစ်တယ်အသိပညာဆိုင်ရာ ကျား/မရေးရာအလေးထားချဉ်းကပ်မှုနဲ့ မြှင့်တင်ဆောင်ရွက်ဖို့ နည်းပညာလက်လှမ်းမီရရှိဖို့ နည်းပညာဆိုင်ရာလေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနက မကြာသေးမီက ရေးဆွဲထားရှိတဲ့ **"သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)"** ရဲ့ အခန်း(၅) **"လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာကဏ္ဍ"** မဏ္ဍိုင်(၁) **"အခွင့်အလမ်းနှင့် လူတိုင်းအကျုံးဝင်မှု"**မှာ ကျား/မရေးရာထည့်သွင်းဆောင်ရွက်ထားတဲ့ မူဝါဒကိုရေးဆွဲထားတာ တွေ့ရှိရမှာဖြစ်ပါတယ်။ အဆိုပါမဟာဗျူဟာစီမံကိန်းကို နိုင်ငံတော်ရဲ့မူဝါဒနဲ့အညီ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (National Comprehensive Development Plan–NCDP) နဲ့ ချိတ်ဆက်ရေးဆွဲထားတာ

ဒစ်ဂျစ်တယ်နည်းပညာ တိုးတက်ပြောင်းလဲလာခြင်းကြောင့် ဖြစ်ပေါ်လာတဲ့အခွင့်အလမ်းများဟာ ကျား/မဆိုင်ရာမညီမျှမှုတွေကို ဆက်လက်တည်မြဲစေနိုင်တာကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုအပ်၊ ဒစ်ဂျစ်တယ်ဆိုင်ရာ ကျား/မခွဲခြားမှုရဲ့ရလဒ်အနေနဲ့ အမျိုးသမီးများနောက်ကျကျန်ရစ်ခဲ့မှုနဲ့အတူ နည်းပညာလက်လှမ်းမီရရှိမှုနဲ့ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်များမှာ ကျား/မရေးရာမညီမျှမှုများဟာ မြင့်မားလျက်ရှိတာကိုလည်း အဆိုပါလေ့လာမှုစစ်တမ်းမှာ ဖော်ပြထားတာတွေ့ရှိရတဲ့အတွက် ဒီအချက်တွေကို သတိထားကြဖို့လိုအပ်။

ဖြစ်ပါတယ်။

သင်တန်းများဖွင့်လှစ်ပေးလျက်ရှိ

ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာဖွံ့ဖြိုးမှုသင်တန်းများနဲ့ နည်းပညာမြှင့်တင်ရေးသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းသားများခေါ်ယူရာမှာ သတ်မှတ်အရည်အချင်းများနဲ့ ကိုက်ညီပါက ကျားမခွဲခြားမှုမရှိဘဲ တန်းတူညီမျှတဲ့အခွင့်အရေးရရှိအောင်ဆောင်ရွက်ပေးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ နည်းပညာတက္ကသိုလ်တွေနဲ့ ကွန်ပျူတာတက္ကသိုလ်တွေမှာ အမျိုးသမီးတက်ရောက်မှုရာခိုင်နှုန်းဟာ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်ထိ ၄၀ ရာခိုင်နှုန်းသာ တက်ရောက်ခဲ့ပေမယ့် ၂၀၂၀ ပြည့်နှစ်မှာ ၄၈ ရာခိုင်နှုန်းတက်ရောက်လျက်ရှိကြောင်း သိရှိရပါတယ်။

အမျိုးသမီးများအနေနဲ့ နည်းပညာလက်လှမ်းမီရရှိပြီး ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်တဲ့ ငွေကြေးဆိုင်ရာဝန်ဆောင်မှုတွေကို လက်လှမ်းမီအသုံးပြုနိုင်မယ်ဆိုရင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ပိုမိုလုပ်ကိုင်လာနိုင်မှာဖြစ်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအား မှီခိုမှုကင်းစွာ ဆောင်ရွက်လာနိုင်မှာဖြစ်တာကြောင့် မိမိတို့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးသက်ရောက်လာစေမှာဖြစ်ပါတယ်။

ဆန်းသစ်တဲ့နည်းပညာများ တိုးတက်လာခြင်းဟာ ကောင်းကျိုးတွေကိုဖြစ်ပေါ်လာစေသလို တစ်ဖက်မှာလည်း နည်းပညာကိုအသုံးပြုပြီး အမျိုးသမီးများအပေါ်ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ၊ အွန်လိုင်းကနေတစ်ဆင့် နှောင့်ယှက်မှုများ၊ ခြိမ်းခြောက်မှုများ၊ အွန်လိုင်းကနေတစ်ဆင့် အကြမ်းဖက်မှုများနဲ့ ရာဇဝတ်လုပ်ငန်းများလုပ်ကိုင်ရန် အတင်းအကျပ်ခိုင်းစေမှုတို့လည်း ရှိနေဆဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအစီရင်ခံစာအရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုများရဲ့ ၈၆ ရာခိုင်နှုန်းခန့်မှာ အနည်းဆုံးလက်ကိုင်ဖုန်းတစ်လုံးပိုင်ဆိုင်ပြီး အင်တာနက်အသုံးပြုမှုနဲ့ပတ်သက်ပြီးတော့လည်း တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများရဲ့ ၅၆ ရာခိုင်နှုန်းဟာ အိမ်မှာအင်တာနက်အသုံးပြုလျက်ရှိပြီး၊ မြို့ပြမှာ ၇၄ ဒသမ ၇ ရာခိုင်နှုန်းနဲ့ ကျေးလက်မှာ ၄၈ ဒသမ ၈ ရာခိုင်နှုန်းရှိတာကိုတွေ့ရှိရပါတယ်။ ၂၀၁၉ ခုနှစ်ရဲ့ နောက်ပိုင်းကာလတွေမှာ ဒီရာခိုင်နှုန်းထက်ပိုမိုများလာနိုင်မယ်လို့ ခန့်မှန်းရနိုင်ပါတယ်။ ယနေ့ခေတ်မှာ ကျောင်းနေတဲ့အရွယ်ကစပြီး ကလေးတိုင်းဟာ လက်ကိုင်ဖုန်းကိုကိုင်တွယ်ရင်းနှီးနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ကလေး၊ လူငယ်၊ အမျိုးသမီးငယ်ရွယ်အများစုဟာ လက်ကိုင်ဖုန်းအသုံးပြုကြရာမှာ ကောင်းမွန်တဲ့အကျိုးရလဒ်ရနိုင်တာရှိသလို သုံးတဲ့နည်းလမ်းမှားရင်လည်း အန္တရာယ်ရှိပြီး အကျိုးကျေးဇူးမရှိနိုင်တာကို သတိထားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ဖုန်းအသုံးပြုခြင်းကနေတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဗဟုသုတများကိုရှာဖွေရာမှာ လမ်းကြောင်းမမှားစေရေး သင်ကြားပေးဖို့ မိဘ၊ ဆရာများနဲ့ အုပ်ထိန်းသူလူကြီးသူမများမှာ တာဝန်ရှိသလို သတင်းမီဒီယာများကနေတစ်ဆင့် အသိပညာပေးမှုများကိုလည်း ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံအတွက် မှန်ကန်တဲ့လူ့စွမ်းအားအရင်းအမြစ်ပေါ်ထွက်လာပြီး ပိုမိုပြည့်စုံကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

အာဆီယံဒေသတွင်းမှာလည်း အင်တာနက်ကနေတစ်ဆင့် မိန်းကလေးငယ်များအပါအဝင် ကလေးသူငယ်

> **အမျိုးသမီးများအနေနဲ့ နည်းပညာလက်လှမ်းမီရရှိပြီး ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်တဲ့ ငွေကြေးဆိုင်ရာဝန်ဆောင်မှုတွေကို လက်လှမ်းမီအသုံးပြုနိုင်မယ်ဆိုရင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ပိုမိုလုပ်ကိုင်လာနိုင်မှာဖြစ်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအား မှီခိုမှုကင်းစွာ ဆောင်ရွက်လာနိုင်မှာဖြစ်တာကြောင့် မိမိတို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အကျိုးသက်ရောက်လာစေမှာဖြစ်ပါတယ်။**

များအပေါ် နည်းမျိုးစုံနဲ့အမြတ်ထုတ်မှု၊ အလွဲသုံးမှုတို့မှ ကာကွယ်စောင့်ရှောက်ရေး အာဆီယံဒေသလုံးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲထားပြီးဖြစ်ပါတယ်။

အမျိုးသမီးတွေအနေနဲ့ အခွင့်အရေးများကို တန်းတူရရှိနိုင်စေရန်နဲ့ ခွဲခြားဆက်ဆံမှုများပပျောက်စေဖို့အတွက် နိုင်ငံတကာမှာချမှတ်ထားတဲ့ ကွန်ဗင်းရှင်းတွေကိုကြည့်မယ်ဆိုရင်လည်း ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့မှာ ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့တဲ့ **"အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း" (Convention on the Elimination of All forms of Discrimination Against Women–CEDAW)**မှာ အမျိုးသမီးတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကိုလည်း ပြဋ္ဌာန်းထားရှိပြီး နိုင်ငံတစ်နိုင်ငံရဲ့ပြီးပြည့်စုံတဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာကြီးတစ်ခုလုံးသာယာဝပြောရေးနဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ပေးတဲ့အကြောင်းတရားများရရှိဖို့အတွက် နယ်ပယ်အားလုံးမှာ အမျိုးသားများနဲ့တန်းတူ အမျိုးသမီးများရဲ့ပါဝင်မှုကို တိုးမြှင့်နိုင်သလောက် တိုးမြှင့်ပေးဖို့လိုအပ်ကြောင်း ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်မှာ **"အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း"** ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်တွေကို အလေးအနက်ထားအကောင်အထည်ဖော်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအစီရင်ခံစာအရ အိမ်ထောင်စုလူဦးရေ ၅၄ ဒသမ ၉ သန်းမှာ အမျိုးသား ၄၆ ဒသမ ၈ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၂ ရာခိုင်နှုန်းပါဝင်ပါတယ်။ ဒီကိန်းဂဏန်းအရ အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အလေးပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးသက်ရောက်စေမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝအခြေအနေမြင့်မားရေးမှာ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံမှာ အမျိုးသမီးများနဲ့ အမျိုးသားတန်းတူပါဝင်ခွင့်ရရှိရေးနဲ့ အမျိုးသမီးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကဏ္ဍပေါင်းစုံပါဝင်တဲ့ **"အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း"** (၂၀၁၃–၂၀၂၂) ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းဟာ ၂၀၂၂ ခုနှစ်မှာသက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်တာကြောင့် (၂၀၂၃–၂၀၃၂) မဟာဗျူဟာစီမံကိန်းအသစ်ရေးဆွဲရေးအတွက် ဦးဆောင်ကော်မတီနဲ့ လုပ်ငန်းကော်မတီ (၁၂) ရပ်ဖွဲ့စည်းပြီး စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မဟာဗျူဟာစီမံကိန်းအသစ်ရေးဆွဲရာမှာ ပြောင်းလဲတိုးတက်လာတဲ့ ခေတ်မီနည်းပညာများကိုအခြေခံပြီး ကဏ္ဍစုံ၊ နယ်ပယ်စုံမှာ ကျား/မတန်းတူညီမျှရေး၊ အမျိုးသမီးများ စွမ်းပကားမြင့်မားစေရေး၊ ကျေးလက်၊ မြို့ပြကွာဟမှုမရှိစေရေးတို့ကို အလေးထားဦးတည်ပြီး ကောင်းမွန်ပြည့်စုံတဲ့ မဟာဗျူဟာစီမံကိန်းတစ်ခုဖြစ်ရေး၊ ဝန်ကြီးဌာန/အဖွဲ့အစည်းအသီးသီးက ရေးဆွဲထားတဲ့စီမံကိန်းများနဲ့ ချိတ်ဆက်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် မိမိတို့နဲ့သက်ဆိုင်တဲ့လုပ်ငန်းကော်မတီများအလိုက် တက်တက်ကြွကြွနဲ့ဦးဆောင်ပါဝင်ဆောင်ရွက်ပေးဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနဲ့ လူမျိုးအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသားများနဲ့တန်းတူ ရင်ပေါင်တန်းပါဝင်ခဲ့တဲ့ အမျိုးသမီးများရဲ့ စွမ်းဆောင်နိုင်မှုတွေကို ဂုဏ်ယူလျက် လေးစားအသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

အမျိုးသမီးများနဲ့ မိန်းကလေးငယ်တွေအနေနဲ့ အစဉ်အလာအရ တွေ့ကြုံနေရတဲ့ အခက်အခဲအတားအဆီးတွေ၊ တွေ့ကြုံရတဲ့စိန်ခေါ်မှုတွေကိုကျော်လွှားနိုင်ဖို့အတွက် လိုအပ်နေတဲ့ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေအသစ်တွေရေးဆွဲဖို့ လိုအပ်သလို တည်ဆဲဥပဒေများအနေနဲ့ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များအတွက် ဥပဒေအရပိုမိုထိရောက်စွာကာကွယ်ပေးရန် လိုအပ်ချက်တွေရှိတယ်ဆိုရင်လည်း လက်ရှိအခြေအနေနဲ့ကိုက်ညီအောင်ပြင်ဆင်မှုတွေကိုလည်း ဆောင်ရွက်သွားကြဖို့ ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောကြားလိုတာကတော့ ဒီနေ့ခေတ်ဟာ အသိပညာအခြေပြုတဲ့ခေတ်ဖြစ်သလို နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသိပညာကြွယ်ဝတဲ့ လူသားအရင်းအမြစ်များရဲ့အခန်းကဏ္ဍဟာလည်း အဓိကကျပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံလူဦးရေရဲ့ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့အမျိုးသမီးများဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ အရေးပါတဲ့အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်တဲ့၊ အားကောင်းတဲ့ လူသားအရင်းအမြစ်တွေ ဖြစ်ကြပါတယ်။

အမျိုးသမီးအများစုဟာ သားသမီးများရဲ့ မိခင်များဖြစ်ကြသလို ကျောင်းသားကျောင်းသူများရဲ့ လက်ဦးဆရာများလည်းဖြစ်ကြတဲ့အတွက် နိုင်ငံရဲ့အနာဂတ်လူငယ်များ ပြုစုပျိုးထောင်ရေးမှာ အလွန်အရေးပါသူများ၊ အဓိကကျသူများဖြစ်ကြပါတယ်။ ဒီလိုအဖိုးတန်တဲ့ လူသားအရင်းအမြစ်တွေကို ကျေးလက်မြို့ပြကွာဟချက်နည်းပြီး ကဏ္ဍစုံမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်တို့ရဲ့ စွမ်းရည်ကို အသုံးချနိုင်ဖို့နဲ့ ယခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ရဲ့ **“ကျားမတန်းတူညီမျှဖို့ နည်းပညာနဲ့ဆန်းသစ်စို့”** ဆောင်ပုဒ်နဲ့အညီ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်တဲ့အနာဂတ်တစ်ခုရရှိဖို့တီထွင်ဆန်းသစ်တဲ့နည်းပညာများနဲ့အတူ **အမျိုးသမီးများအားလုံးအနေဖြင့် အမျိုးသားများနှင့်တန်းတူ** အကျုံးဝင်ပါဝင်ခွင့်ရရှိရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

■ ■ ■

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၁၁ - ၃ - ၂၀၂၃)

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ ဆေးပညာရပ်ဆိုင်ရာပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ရည်ရွယ်ချက်များ

ထို့နောက် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲ ဒုတိယပိုင်းကို Plenary Hall ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် **"မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီး" ကို "အရည်အသွေးရေးရှုကျန်းမာရေးစောင့်ရှောက်မှု" "Quality Care in Medical Practice"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များမှာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိကျန်းမာရေးနယ်ပယ်အသီးသီးမှပညာရှင်များ ချစ်ကြည်ရင်းနှီးမှုရှိစေရန်နှင့် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းသင်ကြားရေးနှင့် ကုသရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာရေးကဏ္ဍနယ်ပယ်စုံမှ ပညာရှင်များပါဝင်ဆင်နွှဲစေခြင်းဖြင့် ခေတ်မီဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့်ပတ်သက်၍ သိရှိနားလည်နိုင်စေရန်၊ ဆေးနှင့်ဆေးနီးနွယ်ပညာရှင်များအနေဖြင့် တိုးတက်ပြောင်းလဲနေသောဆေးပညာရပ်များအား စဉ်ဆက်မပြတ်လေ့လာဆည်းပူးလိုစိတ်များဖြစ်ထွန်းစေရန်၊ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် အထောက်အကူပြုနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်ဟု သိရှိရကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ်အားပေးဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံအသီးသီးမှ ပြည်သူအပေါင်း၏အသက်အန္တရာယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ကြီးမားစွာရိုက်ခတ်စေခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးနှင့် အဆိုပါ ရောဂါဆိုးကြောင့် ပေါ်ပေါက်လာခဲ့သည့် လူမှုရေး၊ စီးပွားရေး နောက်ဆက်တွဲဆိုးကျိုးများကို ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် မိမိကိုယ်တိုင်ဦးဆောင်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌဦးဆောင်သည့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းပြီး လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ဦးဆောင်လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားပညာရှင်များ အပါအဝင် ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ နိုင်ငံအတွင်းရှိ စေတနာရှင်ပရဟိတအဖွဲ့အစည်းများ၏ စွမ်းအားကိုအခြေခံပြီး မိတ်ဆွေနိုင်ငံများ၏ပံ့ပိုးကူညီမှုများ၊ တိုင်းရင်းသားပြည်သူအပေါင်း၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးမှုများနှင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကို အခြေအနေတစ်ရပ်အထိ ထိထိရောက်ရောက် အောင်အောင်မြင်မြင် ထိန်းချုပ်၊ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ ပင်ဖြစ်ပါကြောင်း။

စုပေါင်းအင်အားဖြင့် ဖြေရှင်းဆောင်ရွက်

ထို့အတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူ၊ သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အဆိုပါ အောင်မြင်မှုကိုနမူနာယူပြီး တိုင်းရင်းသားပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့်အခြားကျန်းမာရေးပြဿနာများကိုလည်း မိမိတို့နိုင်ငံတွင်းရှိစုပေါင်းအင်အားဖြင့်ဖြေရှင်းဆောင်ရွက်ပြီး အောင်မြင်စွာကျော်လွှားနိုင်ကြမည်ဟု ယုံကြည်မိကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကိုစတင်ထမ်းဆောင်စဉ်ကတည်းက ရှေ့လုပ်ငန်းစဉ်ကြီး (၅) ရပ်ကို နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးကို ရှေးရှုပြီး ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ်ကာလနှစ်နှစ်အတွင်းတွင် ရှေ့လုပ်ငန်းစဉ်အမှတ် (၂) အနေဖြင့် **"လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက်ဆောင်ရွက်သွားမည်"** ဆိုသည့် ဦးတည်ချက်နှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ဆက်လက်တာဝန်ယူမည့်ကာလအတွက် ဦးတည်ချက်မှာ **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်**

သွားမည်”ဟု ပြောင်းလဲချမှတ်ထားပြီး ကျန်းမာရေးကဏ္ဍအတွက် အားလုံးခြုံငုံပါဝင်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးဦးတည်ချက် (၄) ရပ်၊ စီးပွားရေးဦးတည်ချက် (၄) ရပ်နှင့် လူမှုရေးဦးတည်ချက် (၄) ရပ်တို့နှင့်အညီ ရေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အမိကအခန်းကဏ္ဍမှ ပါဝင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များအနက်မှ တတိယအချက်ဖြစ်သည့် **“နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး”** ဦးတည်ချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမိကအခန်းကဏ္ဍမှပါဝင်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ နီးနွယ်ဆက်စပ်နေသည့်ဌာနဆိုင်ရာများ၊ နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးစီးပွားကိုလိုလားသည့် စေတနာရှင်ပရဟိတလူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီပံ့ပိုးမှုများ၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်မှုစွမ်းအားများနှင့် ဦးတည်ချက်ကို အောင်မြင်မှုရရှိလာသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည် တိုက်တွန်းပြောကြားလိုပါကြောင်း။

တစ်မျိုးသားလုံးသက်ရှည်ကျန်းမာရန်အတွက်

> **လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ပြည်သူလူထု၏ မျှော်မှန်းသက်တမ်းတိုးတက်မြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးပညာရှင်များ၏ လုပ်ဆောင်မှုများသာမက သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်။**

ကျန်းမာရေးကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး၊ မွေးကင်းစနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး၊ ကူးစက်ရောဂါနှင့် မကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး၊ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း၊ ပုံမှန်ကာကွယ်ဆေးများထိုးခြင်း၊ လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေး၊ ကျန်းမာရေးအဆင့်မြင့်တင်ရေး စသည့်ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီပြီး သာတူညီမျှရှိတဲ့ ကျန်းမာရေးလွှမ်းခြုံမှုစနစ်တစ်ရပ်ဖြစ်လာစေရေးဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

ပူးပေါင်းပါဝင်ဆောင်ရွက်

လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ပြည်သူလူထု၏ မျှော်မှန်းသက်တမ်းတိုးတက်မြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးပညာရှင်များ၏ လုပ်ဆောင်မှုများသာမက သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့်ပြည်သူလူထုကို ကျန်းမာရေးအသိပညာတိုးတက်မြင့်မားစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများနှင့် နေထိုင်သွားစေရန်အတွက် စဉ်ဆက်မပြတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန်ကိုလည်း မှာကြားလိုပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရန်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါကအရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုများပေးနိုင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏ အရင်းအမြစ်များအပေါ်မူတည်ပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည့် မူဝါဒများ၊ စီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများအနေဖြင့် အချိန်ပြည့်အရေးပေါ်လူနာများ လက်ခံကုသနိုင်ရေးအတွက် စီမံထားရှိခြင်း၊ လူနာများကိုတတ်နိုင်သမျှ ကုန်ကျစရိတ်မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေ လျှော့နည်းစေရေးတို့အတွက် လိုအပ်သည့်ဆေးဝါးများ၊ ရောဂါရှာဖွေခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းများကိုဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပြည်သူ

များနေရာထိုင်ခင်းကောင်းမွန်စွာဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများအား မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မီဆေးကုသမှုများ ခံယူနိုင်စေရန်ဆေးဝါးများ၊ ခေတ်မီဆေးပစ္စည်းကိရိယာများ စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း နိုင်ငံတော်အနေဖြင့် နှစ်စဉ်ဘတ်ဂျက်များ တိုးမြှင့်လျာထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးနေသည့်အပြင် ချီးမြှင့်ငွေနှင့်စရိတ်မျိုးစုံကို ခံစားခွင့်ရရှိစေရန်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြောင်းလဲသင်ကြားလျက်ရှိ

အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ် (၁၆)ခု၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(၅၃)ကျောင်းတို့ကိုဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများကို လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲပြီး သင်ကြားပေးလျက်ရှိပါကြောင်း၊ ယခုဆေးပညာသင်ရိုးညွှန်းတမ်းကို နိုင်ငံတကာအဆင့်မီဖြစ်စေရန် မျှော်မှန်းရလဒ်အခြေခံသည့် စုစည်းချိတ်ဆက်သင်ကြားခြင်းစနစ်ကို ပြောင်းလဲသင်ကြားလျက်ရှိပြီး ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှု (Inter-Professional Education)နှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်တတ်စေရေးတို့ကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိသည်ကို သိရပါကြောင်း။

ဆေးဘက်ဆိုင်ရာပညာများကို အရေးအတွက်သာမက အရည်အချင်းကိုပါအလေးထားပြီး ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာများကိုပါ ထည့်သွင်းသင်ကြားပေးနေသည်ကို သိရသည့်အတွက် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် များစွာကျေနပ်အားရဖြစ်မိပါကြောင်း၊ ထို့ပြင် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များကိုတက်ရောက်ရန် ဝင်ခွင့်ရွေးချယ်ရာတွင်လည်း ဆေးပညာရပ်ကိုအမှန်တကယ်စိတ်ဝင်စားသူများ၊ ဆေးပညာကျင့်ဝတ်လိုက်နာစောင့်ထိန်းမည့်သူများ၊ ကျန်းမာရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်လိုသူများ၊ မေတ္တာစေတနာနှင့် ကျန်းမာရေးစောင့်ရှောက်ပေးလိုသူများကိုသာ ရွေးချယ်ပြုစုပျိုးထောင်နိုင်ရေးအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများကို စနစ်တကျစိစစ်ရွေးချယ်ပြီး ဝင်ခွင့်ပြုသည့်စနစ်သစ်ကို ၂၀၂၂ ခုနှစ် ပညာသင်နှစ်မှ စတင်ကျင့်သုံးလျက်ရှိပါကြောင်း။

မြန်ဆန်တိကျမှန်ကန်စွာ စစ်ဆေးဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့်လည်း ပြည်သူလူထုအတွင်း စိတ်ချယုံကြည်စွာ စားသောက်သုံးစွဲနိုင်မည့်ပစ္စည်းမှန်၊ အမျိုးမှန်၊ အစားအစာနှင့် ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူး၊ တင်သွင်းရောင်းချနိုင်စေရန် ကြီးကြပ်ကွပ်ကဲမှုများ၊ ဝန်ဆောင်မှုများ စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စားသောက်ကုန်နှင့် ဆေးဝါးများကို မြန်ဆန်တိကျမှန်ကန်စွာဖြင့် စစ်ဆေးဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပြည်သူလူထု၏ ကျန်းမာရေးကိုထိရောက်စွာစောင့်ရှောက်ပေးနိုင်စေရန်အတွက် မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်ပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများကို (၂၁) ကြိမ်မြောက်အထိ အောင်မြင်စွာကျင်းပပြုလုပ်ခဲ့သည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

အောင်မြင်စွာကျင်းပနိုင်ခဲ့

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့်လည်း ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေမည့် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Myancopharm ကိုဗစ်ရောဂါကာကွယ်ဆေးနှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနကထုတ်လုပ်သည့်ဝိသမအဖျားရောဂါပျောက်ဆေးနှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ၊ ရောဂါပိုးများ၏ မျိုးရိုးဗီဇပြောင်းလဲမှုနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့်အပြင် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို (၅၁) ကြိမ်မြောက်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်းလည်း ပြောကြားလိုပါကြောင်း။

ပြည်သူများ၏ မျှော်မှန်းသက်တမ်းမြင့်မား လာပြီး ပြည်သူများအနေဖြင့်မိမိတို့၏ ကိုယ်ပိုင်ငွေကြေးမှ စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ်များ သက်သက်သာသာဖြင့် အားလုံးလက်လှမ်းမီသည့်အရည်အသွေး ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ရပ်ဖြစ်ပေါ်လာစေရေး ဆောင်ရွက် နေမှုများကို ပိုမိုပြီးသတိပြုသိရှိစေမည်ဖြစ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်ရှေ့လုပ်ငန်းစဉ်များ၏ဦးတည်ချက်များ အောင်မြင်စေရေးဆောင်ရွက်ရာတွင် ကျန်းမာသည့်လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ပြည်သူတစ်ရပ်လုံးသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေး၊ ရောဂါဘယကင်းဝေးစေရေးအတွက် ဦးတည်ချက်ထားပြီး နေ့ညမပြတ်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယနေ့ကျင်းပသည့် **"မြန်မာနိုင်ငံက အဆိုပါ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကြီး"** ရည်ရွယ်ချက်များအောင်မြင်စေရန် ကြီးမားသည့် အထောက်အပံ့တစ်ခုဖြစ်စေမည်ဟု လေးနက်စွာယုံကြည်မျှော်လင့်မိပါကြောင်း။

ယခုကျင်းပသည့် နှီးနှောဖလှယ်ပွဲကြီးတွင် ကျန်းမာရေးနှင့်သက်ဆိုင်သည့် နယ်ပယ်အသီးသီးက ပြည်တွင်း/ပြည်ပမှ ပါမောက္ခဆရာဝန်ကြီးများ၊ ဆေးဘက်ဆိုင်ရာ ပညာရှင်များက မိမိတို့၏တန်ဖိုးကြီးမားသော ဆေးပညာအတွေ့အကြုံများကို အနာဂတ်ကာလတွင် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ကိုပခုံးပြောင်းပြီး တာဝန်ယူကြမည့် မျိုးဆက်သစ်လူငယ်ဆရာဝန်များ၊ ဆေးပညာရှင်များကိုလက်ဆင့်ကမ်းပြီး ပညာအမွေပေးအပ်ကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အနာဂတ်ကာလ၌ဆက်လက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ရောဂါကာကွယ်တားဆီးရေး၊ ကုသရေးနှင့်ပြန်လည်သန်စွမ်းရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းကိစ္စရပ်များအတွက် အခြေခံကောင်းများ၊ အတွေးအမြင်သစ်များနှင့် အတွေ့အကြုံကောင်းများ၊ သင်ခန်းစာယူရမည့်အချက်များကို မျှဝေရရှိစေမည်ဖြစ်သည့်အတွက် မျိုးဆက်သစ်ကျန်းမာရေးပညာရှင်များ၊ ဝန်ထမ်းများအနေဖြင့်ထိထိရောက်ရောက် လေ့လာဆွေးနွေးသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အပြန်အလှန်ဆွေးနွေးမေးမြန်းသွားကြမည်

ယခုကျင်းပသည့် နှီးနှောဖလှယ်ပွဲကြီးသည် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပထမဦးဆုံး ဦးဆောင်ကြီးမှူးကျင်းပခြင်းဖြစ်သည်ဟုသိရပြီး နောင်အနာဂတ်တွင်လည်း အလားတူဘက်စုံ၊ ကဏ္ဍစုံပါဝင်သည့် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို ပုံမှန်ကျင်းပနိုင်ကြပါစေရန်လည်း ဆန္ဒပြုပြောကြားလိုပါကြောင်း၊ ယခုနှီးနှောဖလှယ်ပွဲကြီးတွင် ဆေးကုသမှုဆိုင်ရာ၊ ခွဲစိတ်ကုသမှုဆိုင်ရာ၊ သားဖွားမီးယပ်နှင့် ကလေးရောဂါများကုသမှုဆိုင်ရာ၊ အရိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများနှင့် ပတ်သက်သည့်ကုသမှုများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ၊ ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှုနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက် မှုဆိုင်ရာများကို ပြည်တွင်း/ပြည်ပမှ ပညာရှင်ဆရာဝန်ကြီး များက မိမိတို့သက်ဆိုင်ရာနယ်ပယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် ဆေးပညာရှင်များကလည်း သိလိုသည်များကို အပြန်အလှန်ဆွေးနွေးမေးမြန်းသွားကြမည်ဖြစ်သည့်အတွက် တက်ရောက်လာသူများအားလုံး အသိပညာဗဟုသုတများ များစွာတိုးပွားစေမည့်အပြင် မိမိတို့သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များတွင်လည်း ယခုနှီးနှောဖလှယ်ပွဲကြီးမှရရှိသည့် အတွေ့အကြုံဗဟုသုတကောင်းများကို ကောင်းစွာအသုံးချ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာနကဆောင်ရွက်ပေးနေသည့် အဆင့်မြင့်ကုသရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်မွေးထုတ်နေမှုများ၊ အဆင့်မြင့်ဆေးသုတေသနဆိုင်ရာစွမ်းဆောင်မှုများ၊ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးရေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုကဏ္ဍများ မြှင့်တင်ဆောင်ရွက်နေမှုများ စသည့် ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သိရှိလာစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူများ၏ မျှော်မှန်းသက်တမ်းမြင့်မားလာပြီး ပြည်သူများအနေဖြင့်မိမိတို့၏

ကိုယ်ပိုင်ငွေကြေးမှ စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ်များသက်သက်သာသာဖြင့်အားလုံးလက်လှမ်းမီသည့်အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ်ဖြစ်ပေါ်လာစေရေးဆောင်ရွက်နေမှုများကို ပိုမိုပြီးသတိပြုသိရှိစေမည်ဖြစ်ပါကြောင်း။

အကြိုလှုပ်ရှားမှုများ

ထိုသို့သိရှိနိုင်စေရေးအတွက် နီးနှောဖလှယ်ပွဲကြီး၏ အကြိုလှုပ်ရှားမှုများအဖြစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သော မျက်စိရောဂါများကိုခွဲစိတ်ကုသပေးခြင်း၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနေသူများကို ခွဲစိတ်ကုသပေးခြင်း၊ ကျောင်းသား/ကျောင်းသူများကို မျက်စိရောဂါနှင့် မျက်မှန်တပ်ဆင်ရန် လိုအပ်မှုရှိ/မရှိ အမြင်အာရုံစမ်းသပ်စစ်ဆေးပေးခြင်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သက်ဆိုင်ရာဒေသခံပြည်သူများ၏ကျန်းမာရေးအတွက် ထိရောက်စွာဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း အသိအမှတ်ပြုပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပသည့် ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကြီးမှရရှိသည့် ပညာရပ်ဆိုင်ရာအတွေ့အကြုံ၊ ဗဟုသုတများ၊ နည်းပညာသစ်များကို သေချာစွာ ဆန်းစစ်လေ့လာပြီး မြန်မာနိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာစေရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့်အတိုင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နီးနွှယ်ဆက်စပ်ဝန်ကြီးဌာနများတွင်ရှိသည့် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ကျန်းမာရေးပညာရှင်များစသည့် ကျန်းမာရေးကဏ္ဍဆိုင်ရာပညာရှင်အားလုံး အတူတကွပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာရေးကဏ္ဍကိုမြှင့်တင်ပေးကြရန် မှာကြားလိုပါကြောင်း၊ တိုင်းရင်းသားပြည်သူအပေါင်း၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းတိုးတက်မြင့်မားလာစေရေး၊ ပြည်သူများ၏ မျှော်မှန်းလူ့သက်တမ်းမြင့်မားလာပြီး လူတိုင်းသက်တမ်းစေ့နေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းစေရေးစသည့်ရည်မှန်းချက်များပြည့်မီစေရန်နှင့် ပြည်သူများ၏ ကိုယ်ပိုင်ငွေကြေးထဲမှ စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျမှုသက်သာစေပြီး အားလုံး လက်လှမ်းမီအရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ်ဖြစ်ပေါ်လာစေရေးတို့အတွက် စိတ်ကောင်းစေတနာ၊ မွန်မြတ်စိတ်ထားမေတ္တာတရားအပြည့်ဖြင့် ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

■ ■ ■

အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

(၁၉ - ၃ - ၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ်လ ၁၉ ရက် မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

စုစည်းညီညွတ်မှုအင်အားများ တည်ဆောက်

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် **“အင်အား” ဟူသည့်စကားမှာ စကားလုံးတစ်လုံးတည်းသာဖြစ်သော်လည်း နိုင်ငံတော်အတွက်၊ တပ်မတော်အတွက် ကောင်းမွန်တိုးတက်သောအပြောင်းအလဲများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ တပ်တွင်းစည်းလုံးညီညွတ်မှုအား၊ နိုင်ငံအတွင်းစုစည်းညီညွတ်မှုအင်အားများကို မဖြစ်မနေတည်ဆောက်သွားရမည်ဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားသည်။**

နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထို့နောက် နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေးတပ်မတော်မှ ဦးဆောင်ခဲ့သည့်အခြေအနေများနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီအစိုးရသက်တမ်း ၂ ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်တွင်ဖြစ်ပေါ်လာခဲ့သည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ ခေတ်အဆက်ဆက် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲခဲ့မှုအခြေအနေများနှင့် တပ်မတော်အနေဖြင့် မည်သည့်အစိုးရက အုပ်ချုပ်သည်ဖြစ်စေ နိုင်ငံတော်၏ အမျိုးသားအကျိုး

စီးပွားကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် ပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို တရားဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လျက်ရှိသည့်အခက်အခဲများ၊ နိုင်ငံရေးအကြောင်းပြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားကြသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြားမှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှုရရှိရေး၊ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ဖော်ဆောင်ပေးနိုင်ရေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုထိပါးလာသည့် ပြည်ပအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံနှင့်နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ **လက်ရှိအခြေအနေတွင် မိမိတို့အနေဖြင့် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးရန်နှင့် တစ်နိုင်ငံလုံးငြိမ်းချမ်းမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဦးတည်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိပြီး ဖိအားကင်းစွာဖြင့် မဲပေးနိုင်မှသာလျှင်လွတ်လပ်၍ တရားမျှတသည့်၊ စစ်မှန်သည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာမည်ဖြစ်ပြီး ဖိအားပေးမှုနှင့် ခြိမ်းခြောက်မှုများမရှိအောင်ဆောင်ရွက်နိုင်မှသာ မဲရလဒ်များမှန်ကန်မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် မဖြစ်မနေဆောင်ရွက်ပေးရမည့်ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံးငြိမ်းချမ်းမှုရရှိရေးသည် အဓိကလိုအပ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ၎င်းတို့၏လိုလားချက်များ၊ ဖြစ်ချင်သည်များကို နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည်များနှင့်ချိန်ထိုး၍ အကောင်းဆုံးဖြစ်အောင် တပ်မတော်အနေဖြင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရအမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီတောင်းဆိုနိုင်ရေးအတွက်နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်နိုင်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများအရ နိုင်ငံတော်အတွက်အပြုသဘောဆောင်သည့်ရလဒ်များကိုဖော်ဆောင်နိုင်ခဲ့ပြီး ဆက်လက်၍လည်း အသေးစိတ်ဆွေးနွေးရန်ကျန်ရှိသည်များကို ဆက်လက်ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာနယ်မြေဒေသများအလိုက် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေရသည့်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စစ်ရေးစွမ်းရည် ထက်မြက်ရေးနှင့် စည်းကမ်းစနစ်တကျရှိစေရေး

သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို အပြည့်အဝအသုံးချရန်လိုပြီး စစ်ရေးစွမ်းရည်ထက်မြက်နေရန်အတွက် အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားများအားလုံးသည် တတ်မြောက်ရမည့် အခြေခံစစ်ပညာသင်တန်းများကို သင်ကြားပြီးမြောက်ပြီးဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်း သင်ယူတတ်မြောက်ထားသည့်စစ်နည်းဗျူဟာများနှင့်စစ်အတတ်ပညာများကိုအပြည့်အဝအသုံးချမှသာ စစ်မြေပြင်တွင် ထိခိုက်မှုနည်းပါးစေမည်ဖြစ်ကြောင်း၊ စစ်အတတ်ပညာများ အမြဲအသုံးချနိုင်ရေး Fit For Duty ဖြစ်အောင် နေ့စဉ်ဆောင်ရွက်ရမည့်သမားစဉ်လုပ်ငန်းများကိုမှန်မှန်ကန်ကန်လုပ်ဆောင်နေရန်လိုကြောင်း၊ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rule of Engagement) ကို လိုက်နာပြီး စစ်စည်းကမ်းသည် တပ်မတော်၏ကျောရိုးပင်ဖြစ်၍ ချမှတ်ထားသည့်စည်းကမ်းနှင့်အညီနေထိုင်ခြင်းသည် မိမိကိုယ်ကို စစ်သားကောင်းတစ်ဦးအဖြစ် ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တစ်ဦးချင်းအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ ကြိုးစား

အားထုတ်၍ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်သဖြင့် ကြိုးစားအားထုတ်လုပ်ဆောင်တတ်သည့်“အား”ကို မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှုရှိမှသာလျှင် တပ်အတွင်း၌ စုစည်းညီညွတ်သည့် “အား” တစ်ခုကိုဖော်ဆောင်နိုင်မည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **တပ်တွင်းစည်းလုံးညီညွတ်ရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် ညီညွတ်မှုတသည့်အုပ်ချုပ်မှုစနစ်ရှိမှသာလျှင် တပ်တွင်းစည်းလုံးညီညွတ်မှုအား ပိုမိုကောင်းမွန်လာမည်ဖြစ်**ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိကိုယ်ကိုသစ္စာရှိရန်၊ မိမိ မိသားစုအပေါ်သစ္စာရှိရန်၊ မိမိတို့၏လုပ်ဖော်ကိုင်ဖက်အချင်းချင်းအပေါ် သစ္စာရှိရန်၊ တပ်မတော်နှင့် နိုင်ငံတော်အပေါ်သစ္စာရှိရန်အတွက် စောင့်ထိန်းကြရန်လိုကြောင်း၊ **“တပ်မတော်၏အား” “နိုင်ငံတော်၏အား”** မြှင့်တင်နိုင်မည့်ကိစ္စရပ်များကို လုပ်ဆောင်ကြရန်နှင့် နိုင်ငံတော်၏အကျိုးအတွက် အမြင်ကျယ်ကျယ်ဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

ပညာရည်မြှင့်တင်ရေး အားပေးဆောင်ရွက်ကြရန်လို

ထို့ပြင် လူတစ်ဦး၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာနှင့် ပြည့်စုံသည့်လူသားအရင်းအမြစ်ကောင်းများရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့်လည်း မိမိတို့အတွက် ဗဟုသုတများတိုးပွားစေနိုင်သည့်စာပေများကို လေ့လာဖတ်မှတ်ခြင်းများကို အမြဲမပြတ်ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏အကျိုးကိုဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ နွေရာသီကျောင်းပိတ်ရက်အတွင်း မိမိတို့၏ ကလေးငယ်များအချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် သင်ကြားခဲ့ရသည့် ကျောင်းစာများကို ပြန်လည်ဖတ်ရှုလေ့လာခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ကွန်ပျူတာအခြေခံသင်တန်းများနှင့် အခြားသောနွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရန်လိုကြောင်း၊ မိမိတို့၏သားသမီးများ လမ်းမမှားစေရေး ထိန်းကြောင်းပေးရန် လိုသကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း အသိ၊ သတိဖြင့်နေထိုင်ဆောင်ရွက်ရန်လိုကြောင်း။

အသောက်အစား၊ အပျော်အပါးနှင့် လောင်းကစားမှုများကို တစ်ဦးချင်း အသိ၊ သတိဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လို

မိမိအတွက် အကျိုးမရှိစေနိုင်သည့် အသောက်အစားအပျော်အပါးများကို ရှောင်ရှားကြရန်လိုကြောင်း၊ ဆေးလိပ်၊ အရက်နှင့်ကွမ်းတို့ကို သုံးစွဲခြင်းသည် မိမိတို့တစ်ဦးချင်းနှင့်ပတ်ဝန်းကျင်၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်သာမကလူမှုစီးပွားကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ဆင်ခြင်မှုတရားမဲ့စွာဖြင့် သောက်စားပျော်ပါးခြင်း၊ လောင်းကစားခြင်းများကြောင့် မိသားစု၏စားဝတ်နေရေးကိုထိခိုက်စေနိုင်သဖြင့် တစ်ဦးချင်းအသိစိတ်ဖြင့်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လောင်းကစားပြုလုပ်ခြင်းများကို လုံးဝရှောင်ကြဉ်ကြရန်လိုပြီးသက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သက်သာချောင်ချိရေး ဆောင်ရွက်ပေးလျက်ရှိမှု

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ မိမိကိုယ်ကိုမိမိဆောင်ရွက်သည့် သက်သာချောင်ချိရေးနှင့် အထက်မှဆောင်ရွက်ပေးသည့် သက်သာချောင်ချိရေးဟူ၍ရှိကြောင်း၊ မိမိတို့သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တတ်နိုင်သမျှဆောင်ရွက်ရန်လိုပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏အသုံးစရိတ်ကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် တပ်မတော်သားမိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် ဆောင်

လက်ရှိအခြေအနေတွင် မိမိတို့အနေဖြင့်
လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲ
တစ်ရပ်ကိုဖော်ဆောင်ပေးရန်နှင့် တစ်နိုင်ငံလုံး
ငြိမ်းချမ်းမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေး
တို့အတွက် ဦးတည်ဆောင်ရွက်လျက်ရှိ၊
တည်ငြိမ်အေးချမ်းမှုရှိပြီး ဖိအားကင်းစွာဖြင့်
မဲပေးနိုင်မှသာလျှင် လွတ်လပ်၍တရားမျှတ
သည့်၊ စစ်မှန်သည့် ရွေးကောက်ပွဲတစ်ရပ်
ဖြစ်လာမည်ဖြစ်ပြီး ဖိအားပေးမှုနှင့်
ခြိမ်းခြောက်မှုများမရှိအောင်ဆောင်ရွက်
နိုင်မှသာ မဲရလဒ်များမှန်ကန်မည်ဖြစ်။

ရွက်နေခြင်းဖြစ်ပြီး အကျိုးအမြတ်အတွက် ဆောင်ရွက်နေခြင်းမဟုတ်ကြောင်း၊ ထို့ကြောင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုစနစ်တကျဖြင့်အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သားမိသားစုများ၏သက်သာချောင်ချိမှုမှ ပိုလျှံသည့်စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်သည့်အတွက် တပ်တွင်းသက်သာချောင်ချိရေးကိုသာမက နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရာရှိ စစ်သည်တစ်ဦးချင်းအဆင့်အလိုက် ရသင့်ရထိုက်သည့်ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို နေရေး၊ စားရေး၊ ဝတ်ရေးတို့မှအစ တတ်နိုင်သရွေ့ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် စစ်သည်တစ်ဦးချင်းအတွက် အကျိုးကိုခိုင်မာစွာဖြစ်ပေါ်စေနိုင်ပြီး စဉ်ဆက်မပြတ်သော အမြတ်ငွေများ နှစ်စဉ်ရရှိစေနိုင်သည့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အစုရှယ်ယာထည့်ဝင်ခြင်းများကို ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းကောင်းများဖော်ဆောင် ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးတစ်ယောက်ချင်း၏ အကျိုးကိုမြှော်တွေး၍ ဆောင်ရွက်ပေးထားခြင်းဖြစ်သဖြင့် မိမိတို့၏ကိုယ်ပိုင်စဉ်းစားဆင်ခြင်မှုများဖြင့် ရေရှည်ကိုကြည့်ကာ ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း။

တပ်မတော်မှစနစ်တကျတွက်ချက်ထုတ်ပေးထားသည့် ရိက္ခာများကို အရာရှိ စစ်သည်များအားလုံး ပြည့်ဝစွာစားသုံးရန်လိုကြောင်း၊ သို့မှသာ ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်တွင်းသက်သာချောင်ချိရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်သည်၊ မိသားစုတစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုကောင်းမွန်စွာဖြင့် ဆောင်ရွက်တတ်သည့် "အား" ကို မွေးမြူဆောင်ရွက်နိုင်မည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်မှုကိုဖြစ်ထွန်းစေပြီး အောင်မြင်မှုများကို ရရှိနိုင်မည်ဖြစ်သည့်အတွက် စုစည်းညီညွတ်သည့် "အား" များ ရရှိအောင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားသည်။

စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တိုင်းစစ်ဌာနချုပ်ပေါင်းစည်းလယ်ယာသို့ရောက်ရှိစစ်ဆေးရာ ဦးစွာရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်အတွင်း တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ဥစားကြက်၊ အသားစားကြက်၊ DYL ဝက်၊ ဆိတ်၊ အသားတိုးနွား၊ နို့စားနွားနှင့် ကာကီကင်းဘဲများမွေးမြူခြင်း၊ Green House ဖြင့်ရာသီသီးနှံများစိုက်ပျိုးထားရှိမှုနှင့် တစ်သျှူးငှက်ပျောများစိုက်ပျိုးထားရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် အသား၊ ငါး၊ နို့နှင့် ဟင်းသီးဟင်းရွက်များကို အရာရှိ၊ စစ်သည်မိသားစုများထံ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥစားကြက်၊ အသားစားကြက်များမွေးမြူရာတွင် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ ကြက်များမွေးမြူရာတွင် နည်းစနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ စစ်သည်များ အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေး အသားစားနွားများကို အောင်မြင်အောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ နို့စားနွားများကိုလည်း ဖြစ်ထွန်းအောင်စနစ်တကျမွေးမြူရန်လိုကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စားသုံးမှုကို အမှန်တကယ် အထောက်အကူပြုစေမည့် ငါးမျိုးများကိုသာ စိုက်ထည့်မွေးမြူရန်လိုကြောင်း၊ Green House များဖြင့် သီးနှံများစိုက်ပျိုးရာတွင်လည်း ဒေသတွင်ကောင်းမွန်စွာထွက်ရှိမှုမရှိသော အသီးအနှံများကိုသာ စိုက်ပျိုးရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ၄ မျိုးစလုံးပြည့်စုံအောင်ဆောင်ရွက်နိုင်မှသာ အထွက်နှုန်းများတိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူနည်းစုအတွက် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ လူအများစားသုံးနိုင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

■ ■ ■

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ချင်းတွင်းခန်းမ၌ တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

(၂၀ - ၃ - ၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ်လ ၂၀ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ ချင်းတွင်းခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒေါက်တာမှူထန်၊ ဒေါ်ဒွဲဘူနှင့် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအားတစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်စက်မှုဇုန်များ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ MSME ထုတ်ကုန်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် Talk Show များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းပို့ချပေးခြင်းများဆောင်ရွက်လျက်ရှိမှုနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME) ရှင်များဖြစ်ကြသည့် စစ်ကိုင်းမြို့ စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးကိုကိုမြင့်၊ စစ်ကိုင်းမြို့ကုန်သည်လုပ်ငန်း

ရှင်များကိုယ်စား ဦးထွန်းထွန်းဦး၊ ရွှေဘိုမြို့စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးဖြိုးသူရ၊ ရွှေဘိုမြို့ကုန်သည်လုပ်ငန်းရှင်များကိုယ်စား ဦးကျော်ဌေး၊ ကလေးမြို့စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးဇော်ဝမ်း၊ ကလေးမြို့ကုန်သည်လုပ်ငန်းရှင်များကိုယ်စား ဦးစိုးမြင့်၊ မုံရွာမြို့စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးခင်မောင်ညို၊ မုံရွာမြို့ကုန်သည်လုပ်ငန်းရှင်များကိုယ်စား ဦးသန်းဌေးအောင်နှင့် တက်ရောက်လာကြသူများက စစ်ကိုင်းစက်မှုဇုန်ဆိုင်ရာအချက်အလက်များနှင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စစ်ကိုင်းမြို့၌ စက်သုံးဆီလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ ဆန်စက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံငွေများကို နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်စေလိုမှု၊ အရည်အသွေးကောင်းများကို ပိုင်ဆိုင်ထားသည့် ရွှေဘိုပေါ်ဆန်းကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့်လျှပ်စစ်စွမ်းအားလိုအပ်ချက်ကို ဖြည့်ဆည်းပေးစေလိုမှု၊ လေကြောင်းခရီးစဉ်များကို ယခုထက် ပိုမိုပြေးဆွဲဆောင်ရွက်ပေးစေလိုမှု၊ စက်မှုဇုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များကိုအဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုနှင့် ခေတ်မီစက်ကိရိယာများတင်သွင်းရာတွင် ပိုမိုလျင်မြန်မှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ တိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှုပိုမိုလျင်မြန်ချောမွေ့စေရေးနှင့်လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ရေးတို့အတွက် ဆောင်ရွက်ပေးစေလိုမှု၊ စစ်ကိုင်းမြို့ရေလုံလောက်စွာရရှိရေးအတွက် ဆိုလာစနစ်သုံးရေပေးဝေရေးစနစ်ဖော်ဆောင်ပေးစေလိုမှု၊ ပြည်တွင်းပြည်ပခရီးသွားများ အများဆုံးအသုံးပြုလျက်ရှိသည့် စစ်ကိုင်းတောင်ရိုးလမ်းနှင့် ကမ်းနားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ မြို့တွင်း၌ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စစ်ကိုင်းမြို့မြို့ရှောင်လမ်းဆောင်ရွက်ပေးစေလိုမှု၊ ရိုးရာငွေထည်လုပ်ငန်း၊ ကြေးထည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုး တက်ရေးအတွက် မန္တလေး-စစ်ကိုင်း-အင်းတော်-ကသာ မီးရထားလမ်းပြေးဆွဲဆောင်ရွက်ပေးစေလိုမှုနှင့်ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှအားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စပါးစိုက်တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့ဒေသများရှိဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူလူထုတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့်နည်းပညာ၊ စက်ကိရိယာနှင့်အရင်းအနှီးများ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ MSME ပြပွဲ၊ ပြိုင်ပွဲများ နိုင်ငံတစ်ဝန်းဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုများသည်ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေနိုင်သည့်အတွက် လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက်သွားကြရန်လိုအပ်မှုစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက်ပြန်လည်ဆွေးနွေးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ်အလေးထားမှတ်သား၍ တိုင်းဒေသကြီးအစိုးရအနေဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆက်သွယ်၍သော်လည်းကောင်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်

> ဒေသတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိမှ သာလျှင် ရောင်းကုန်ပစ္စည်းများရရှိမည်ဖြစ်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက် နိုင်ရန်အတွက် ကုန်ကြမ်းပစ္စည်းများလိုအပ် မည်ဖြစ်၊ ဒေသတွင်း၌ထွက်ရှိသည့် ကုန်ကြမ်း များကို ကုန်ကြမ်းအတိုင်းသာရောင်းချမည် ဆိုပါက အကျိုးအမြတ်ရရှိမှုနည်းပါးမည် ဖြစ်ပြီး ကုန်ချောအဖြစ်ထုတ်လုပ်၍ တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ်ရောင်းချနိုင်မည် ဆိုပါက အကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်။

သည်များ ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့် လုပ်ငန်းရှင်များကိုတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယနေ့တွေ့ဆုံမှုတွင် တစ်ဦးချင်း၏ စီးပွားရေးလုပ်ငန်းများတွင် ကြုံတွေ့ရသည့်အခက်အခဲ များကို တွေ့ရှိရကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် မိမိ တို့ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များ ဖြင့် ကုန်ထုတ်လုပ်ငန်းများကိုအောင်မြင်စွာဆောင်ရွက်လျက် ရှိသည့်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ အခြားဒေသ များမှထွက်ရှိသည့် ကုန်ကြမ်းများကိုမှီခိုရန်မလိုဘဲ မိမိဒေသ အတွင်းထွက်ကုန်များဖြင့် အောင်မြင်စွာထုတ်လုပ်နိုင်သည့် ဒေသတစ်ခုဖြစ်သည့်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာဆောင်ရွက် နိုင်မည့်ဒေသဖြစ်ပြီး ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်နှစ်ခု အကြားတွင်တည်ရှိနေသည့် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုလည်း ဖြစ်ကြောင်း။

စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာလျှင် နိုင်ငံရေး မောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားကို တည် ဆောက်နိုင်မည်

နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင် အားတို့ဖြင့်ရပ်တည်ဆောင်ရွက်ရကြောင်း၊ စည်းလုံး ညီညွတ်မှုရှိသည့် နိုင်ငံသားများဖြင့်ရပ်တည်ဆောင်ရွက် မည်ဆိုပါက နိုင်ငံရေးအားကောင်းမွန်မည်ဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်ပါက နိုင်ငံဖွံ့ဖြိုးတိုး တက်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ကာကွယ်ရေးကိုတည်ဆောက် နိုင်ပါက နိုင်ငံတကာတွင်အထိုက်အလျောက်သြဇာရှိနိုင် ကြောင်း၊ မောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင် အားသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံး ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုကိုအထောက်အကူပြုစေနိုင် ကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံ ရေးနှင့်ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက် နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးပညာရပ်ကို လူ တိုင်းနားလည်သင့်ကြောင်း၊ အစိုးရအနေဖြင့်တစ်နိုင်ငံလုံး စီးပွားရေးနှင့် ပြည်သူလူထု၏ စီးပွားရေးတိုးတက်အောင် စီမံဆောင်ရွက်ရကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူ ရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားတိုး တက်စေရေးနှင့် လူအများကိုကြီးပွားချမ်းသာစေမည့်လမ်း ကြောင်းကိုမြင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေး ကိုအခြေခံသည့် စီးပွားရေးကိုအဓိကထားဆောင်ရွက်ရ မည်ဖြစ်ကြောင်း။

ဒေသတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိမှသာလျှင် ရောင်းကုန်ပစ္စည်းများရရှိမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ် မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကုန်ကြမ်းပစ္စည်း များလိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ထွက်ရှိသည့် ကုန်ကြမ်းများကို ကုန်ကြမ်းအတိုင်းသာရောင်းချမည်ဆို ပါက အကျိုးအမြတ်ရရှိမှုနည်းပါးမည်ဖြစ်ပြီး ကုန်ချောအဖြစ် ထုတ်လုပ်၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ရောင်းချနိုင်မည် ဆိုပါက အကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း။

ဒေသတွင်း အောင်မြင်စွာဆောင်ရွက်နိုင်မည့် စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများကို အောင်မြင်အောင်ကြိုးပမ်းဆောင် ရွက်ရန်လို

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်း များနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်များပြည့်မီမှုမရှိ သည်ကိုတွေ့ရကြောင်း၊ စပါးစိုက်ပျိုးမှုများကိုစနစ်တကျ ဆောင်ရွက်ပြီး တစ်ဧကချင်းအတွက်နှုန်းများ တိုးတက် အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းဝမ်းစာဖူလုံ

မှုကို အထောက်အကူပြုနိုင်သည့်အပြင် ပိုမိုထွက်ရှိသည့် ထုတ်ကုန်များကို ပြင်ပသို့ရောင်းချနိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဂျုံစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း စစ်ကိုင်းတိုင်းဒေသကြီးသည် တစ်နိုင်ငံလုံးတွင် စိုက်ပျိုးမှုအမြင့်မားဆုံးဖြစ်ပြီး ယခုထက်ပိုမိုထွက်ရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ဂျုံမျိုးကောင်းမျိုးသန့်များရရှိအောင် စိုက်ပျိုးရေးသုတေသနဌာန၊ ဂျုံစိုက်တောင်သူများနှင့် ဂျုံအသုံးပြုသူများ သုံးဦးသုံးဖလှယ်ပူးပေါင်းဆောင်ရွက်၍ ဂျုံမျိုးကောင်းမျိုးသန့်များရရှိအောင် သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း၊ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပဈေးကွက်သို့တင်ပို့နိုင်ရေးအထိ မျှော်မှန်းစိုက်ပျိုးရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးမြေများကို အကျိုးရှိရှိအသုံးချရန်လိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးအတွက် ခွင့်ပြုထားသည့် စိုက်ပျိုးမြေ ၅ သိန်းခန့်မှာ ပြည့်မီစွာစိုက်ပျိုးမှုမရှိသည်ကို တွေ့ရကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ပြီးအထွက်နှုန်းတိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်များဖြစ်ရန်၊ မြေကောင်းမွန်ရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်မှန်ကန်ရန်လိုကြောင်း၊ ဓာတ်မြေသြဇာလိုအပ်မှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူဆောင်ရွက်ပြီး တိရစ္ဆာန်များ၏စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာအဖြစ်အသုံးပြုနိုင်ကြောင်း၊ နို့စားနွားနှင့် အသားစားနွားမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်အောင်မြင်အောင်ဆောင်ရွက်နိုင်မည်၊ စိုက်ပျိုးမွေးမြူရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်၍ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက စစ်ကိုင်းတိုင်းဒေသကြီးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လူတို့တွင် မွေးဖွားစဉ်မှသေဆုံးသည့်အချိန်အထိ အဝတ်အထည်များလိုအပ်ကြောင်း၊ ထို့ကြောင့် အဝတ်အထည်များရက်လုပ်ခြင်းအတွက် လိုအပ်သည့်ဝါစိုက်ပျိုးမှုများကို အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဝါစိုက်ပျိုးမှုများကို ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးမှုများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ အရည်အသွေးပြည့်မီသည့် ဝါမျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေးဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်မှလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဝါစိုက်ပျိုးရေးကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်မှုကိုသာမက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါး၊ ဂျုံ၊ ဝါနှင့် ဆီထွက်ပစ္စည်းများကို အောင်မြင်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတိုးတက်မှုများကို ပိုမိုဖြစ်ထွန်းစေပြီး နိုင်ငံအတွက်လည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၌ စစ်ကိုင်းတိုင်းဒေသကြီးသည် ဝါးထွက်ရှိမှုနှုန်းအမြင့်ဆုံးဖြစ်ကြောင်း၊ အဆိုပါဝါးများကို အသုံးပြု၍ နိုင်ငံအတွက်လိုအပ်သည့် စက္ကူပျော့ဖတ်များကိုထုတ်လုပ်နိုင်ကြောင်း၊ စက္ကူပျော့ဖတ်များကိုထုတ်လုပ်နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိမည်ဖြစ်ကြောင်း၊ စက္ကူစက်ရုံများတည်ဆောက်လိုပါကလည်း နိုင်ငံတော်အနေဖြင့်ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းဒေသတွင် ရော်ဘာထွက်ရှိပြီး ရော်ဘာကိုအခြေခံသည့် မော်တော်ဆိုင်ကယ်တာယာများ၊ စက်ဘီးတာယာများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ရော်ဘာထုတ်ကုန်ပစ္စည်းများထုတ်လုပ်မည်ဆိုပါက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားလုံလောက်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိ

မိမိတို့နိုင်ငံတွင် စားသုံးဆီနှင့်စက်သုံးဆီလိုအပ်ချက်အတွက် ပြည်ပမှနှစ်စဉ်တင်သွင်းနေရကြောင်း၊ နိုင်ငံအတွင်းစားသုံးဆီလိုအပ်ချက်ကိုတစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးနိုင်ရန်အတွက် နေကြာစိုက်ပျိုးမှုများနှင့် ဆီထွက်သီးနှံများကိုလည်း အောင်မြင်အောင်စိုက်ပျိုးကြစေလိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုများလျှော့ချရေးအတွက်လည်း စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးအများသုံးသယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသုံး မော်တော်ယာဉ်တင်သွင်းမှုများကိုလည်းခွင့်ပြုပေးထားပြီး အချို့နေရာများတွင် စတင်အသုံးပြုနေပြီဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက်လည်း နိုင်ငံတော်မှစီမံဆောင်ရွက်လျက်

ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုဆောင်ရွက်နိုင်ကြောင်း၊ လုပ်ငန်းရှင်များတစ်ဦးချင်းအနေဖြင့်လည်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆောင်ရွက်ကြစေလိုကြောင်း၊ ချင်းတွင်းမြစ်နှင့်ဧရာဝတီမြစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကိုဆောင်ရွက်နိုင်သည့်နေရာအများအပြားရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားကိုအသုံးပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်မြစ်ရေတင်လုပ်ငန်းများကိုဆောင်ရွက်နိုင်ကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု မရှိသေးသည့်အတွက် မိမိတို့အနေဖြင့် အဆိုပါရေအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ်များကို အပြည့်အဝအသုံးချနိုင်မှုမရှိခြင်းကြောင့် နိုင်ငံ၏အကျိုးစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ထိခိုက်နစ်နာလျက်ရှိကြောင်း၊ ကလေးဝကျောက်မီးသွေးထုတ်လုပ်ခြင်းမှလည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကိုလည်းဆောင်ရွက်၍ရကြောင်း၊ မိမိတို့ဒေသနှင့် တိုင်းပြည်ကို အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံများအနေဖြင့် ဒေသနှင့်တိုင်းပြည်၏ အကျိုးကိုကြည့်၍ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အတွက်အကျိုးရှိစေမည့် စီမံကိန်းများအောင်မြင်မှုမရှိစေရေး နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏သွေးထိုးလှုံ့ဆော်မှုများကို မိမိတို့၏ကိုယ်ပိုင်ဆင်ခြင်တုံတရားဖြင့် စဉ်းစားဆုံးဖြတ်ကြစေလိုကြောင်း။

လူသားအရင်းအမြစ်များပေါ်ထွက်လာရေး ပညာရေးကို အားပေးဆောင်ရွက်

မိမိ၏မူဝါဒမှာ ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရံပုံငွေမှ ရင်းနှီးမတည်ငွေများလွှဲအပ်ပေးထားပြီးဖြစ်သဖြင့် စနစ်တကျအကျိုးရှိစွာအသုံးချရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုအတွက်လိုအပ်သည့်ကုန်ကြမ်းများ၊ အရင်းအနှီး၊ စက်သုံးဆီ၊ လျှပ်စစ်ဓာတ်အားနှင့်လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များရရှိစေရေး ခရိုင် ၅၀ တွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံသင်တန်းကျောင်းများဖွင့်လှစ်လျက်ရှိကြောင်း၊ အလားတူသိပ္ပံကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း၊ ၎င်းမှ တစ်ဆင့် ကောလိပ်နှင့် တက္ကသိုလ်များကိုတက်ရောက်နိုင်ကြောင်း၊ ယခင်ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ကျောင်းဖွင့်လှစ်မှုနှင့် ကျောင်းတက်ရောက်မှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ကြောင်း၊ မိမိတို့သားသမီးများ၏ ပညာရည်မြှင့်တင်ရေးအတွက် ဝိုင်းဝန်းအားပေးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးသည် ကိုယ်ပိုင်ပစ္စည်းများဖြင့် ရပ်တည်နေသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကိုအသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက မြို့ပေါ်ဒေသတိုးတက်မှုကိုသာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတိုးတက်ရေးအတွက် ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံများအားလုံး ညီညီညွတ်ညွတ်ဖြင့်ပူပေါင်းဆောင်ရွက်ကြမည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ စည်းကမ်းစနစ်တကျရှိစေရေးအတွက် ဒေသတွင်းရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများက ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ ဒေသခံများအနေဖြင့်လည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန်လိုကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်နေခြင်းသည် နိုင်ငံရေးဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိဒေသ၊ မိမိနိုင်ငံအကျိုးကို ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

■ ■ ■

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၃) အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

(၂၁ - ၃ - ၂၀၂၃)

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၃) အစည်းအဝေးကို မတ်လ ၂၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေး(၁/၂၀၂၃)သည် **“၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း” “ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း”**တို့ကို ဆွေးနွေးအတည်ပြုကြရန်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် အတည်ပြုပြီးသည့်အခါ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်လက်ပေးပို့တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အရအသုံးလျာထားချက်များဖြစ်

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၁၂ ရပ်တို့ကိုချမှတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်သည် မိမိတို့ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက် ၁၂ ရပ်တို့ကိုဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အရအသုံးလျာထားချက်များဖြစ်ပါကြောင်း။

အထူးသဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်

၄ ရပ်ဖြစ်သည့် **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍ များကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက် ရေး" "ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော် ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး" "သွင်းကုန်အစားထိုး ရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများ ကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွား ရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိ အောင်အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများဆောင် ရွက်ဖော်ဆောင်ရေး" "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး"**တို့ကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ဝန်ကြီးဌာန အသီးသီးက ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးအသုံး စရိတ်များ သတ်မှတ်သုံးစွဲကြရမည်ဖြစ်ပါကြောင်း။

ဌာန၊ အဖွဲ့အစည်းများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများ လျာထား ရာတွင် အမှန်အကောင်အထည်ဖော်နိုင်မှု နီးစပ်အောင် လျာထားခြင်း၊ ဘတ်ဂျက်လိုငွေကို ထိန်းသိမ်းဆောင်ရွက် နိုင်ရန် ရငွေလျာထားချက်အပေါ် ပြည့်မီကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ အသုံးစရိတ်များလျာထားရာတွင် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုနိုင်မည့်လုပ်ငန်းများနှင့် ပြည်သူ့လူမှု စီးပွားဘဝကိုမြှင့်တင်ပေးမည့်အသုံးစရိတ်များကို ဦးစား ပေးလျာထားသုံးစွဲခြင်း၊ အခြားအသုံးစရိတ်များကို စနစ် တကျ စိစိစစ်စစ်သုံးစွဲခြင်းစသည့်အချက်များကို လိုက်နာ ဆောင်ရွက်ကြစေလိုပါကြောင်း။

တာဝန်သိနိုင်ငံအဖြစ် ခံယူရပ်တည်

ကြွေးမြီဆိုင်ရာအသုံးစရိတ်များနှင့်စပ်လျဉ်းပြီး နိုင်ငံတော်က ရယူထားသည့်ပြည်ပချေးငွေများ ပြန်လည် ပေးဆပ်ရာတွင် မိမိတို့အနေဖြင့် တာဝန်သိနိုင်ငံအဖြစ်ခံယူ ရပ်တည်ပြီး အချိန်စေ့ရောက်သည့် အရင်းအတိုးများကို သူ့အချိန်နှင့်သူပေးဆပ်နိုင်ရန် ဦးစားပေးထည့်သွင်းလျာ ထားခွင့်ပြုထားပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အတူ ဖြစ်ပေါ်လာသည့် ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးကျ ဆင်းမှုအခြေအနေ၊ နိုင်ငံသုံးငွေတန်ဖိုးကျဆင်းမှုအခြေ အနေ၊ လောင်စာဆီနှင့် အထွေထွေကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာမှုအခြေအနေ စသည့်အခြေအနေအရပ်ရပ် ကြောင့် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပြည်သူ့ ဘဏ္ဍာငွေများကို စီမံခန့်ခွဲသုံးစွဲရာတွင် အထူးဂရုပြုပြီး စီမံခန့်ခွဲ သုံးစွဲရန်လိုအပ်လာပါကြောင်း။

ထို့ပြင် နိုင်ငံတော်တွင် အဓိကလိုအပ်နေသည့် လူ့ စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသုံးစရိတ်များ၊ အားကစား၊ သာသနာရေးနှင့်ယဉ်ကျေးမှု စသည့် အသုံးစရိတ်များကိုလည်း လိုအပ်ချက်နှင့်အညီ နိုင်ငံတော်က ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ Budget Allocation ဟုခေါ်သည့် အသုံးစရိတ်များခွဲဝေချထားရာတွင် ပြည်ထောင်စု၏ ရငွေအခြေအနေအပေါ်မူတည်၍ ခွဲဝေ ရခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် ဘဏ္ဍာရေး နှစ်အတွင်း မိမိတို့လျာထားသည့်ရငွေများကို ပြည့်ပြည့် ဝဝရရှိမှသာ မိမိတို့လျာထားသည့်အသုံးစရိတ်များကိုလည်း ပြည့်ပြည့်ဝဝသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို ပွင့်လင်းမြင်သာစွာဖြင့် တည်ဆဲဥပဒေများနှင့်အညီဆောင် ရွက်လျက်ရှိပြီး အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရေး၊ တင်ဒါ စည်းမျဉ်းစည်းကမ်းများလိုက်နာရေး၊ စာရင်းစစ်ဆေးမှု ခံယူရေး စသည်တို့ကိုလည်း အမိန့်ညွှန်ကြားချက်များထုတ် ပြန်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ရှင်းလင်း တင်ပြမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာ ငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ပြည်ထောင်စုအစိုးရ အဖွဲ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်မီ ပေးပို့တင်ပြနိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးကြစေ

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများ လျာထားရာတွင် အမှန်ကောင်အထည်ဖော်နိုင်မှု နီးစပ်အောင်လျာထားခြင်း၊ ဘတ်ဂျက်လိုငွေကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရငွေလျာထားချက်အပေါ် ပြည့်မီကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ အသုံးစရိတ်များလျာထားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုနိုင်မည့်လုပ်ငန်းများနှင့် ပြည်သူ့လူမှုစီးပွားဘဝကိုမြှင့်တင်ပေးမည့် အသုံးစရိတ်များကို ဦးစားပေးလျာထားသုံးစွဲခြင်း၊ အခြားအသုံးစရိတ်များကို စနစ်တကျ စိစိစစ်စစ်သုံးစွဲခြင်းစသည့်အချက်များကို လိုက်နာဆောင်ရွက်ကြစေလို။

လိုကြောင်း ပြောကြားသည်။

ထပ်ဆင့်စိစစ်ခဲ့

ထို့နောက်ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကတာဝန်ယူပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်အတူ စိစစ်ထားသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအပေါ် မိမိအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာသုံးစွဲနိုင်မည့် အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအသုံးစရိတ်များနှင့် အခြားမဖြစ်မနေသုံးစွဲရမည့်အသုံးစရိတ်များကို ထပ်ဆင့်စိစစ်ခဲ့ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြည်ထောင်စုမှ ထောက်ပံ့သည့်ငွေများကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်တည်ဆောက်၍ လူမှုစီးပွားရေးအခြေပြုညွှန်းကိန်း(၆)ခုကိုအသုံးပြုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အချိုးကျမျှတမှုရှိစေရန် နှစ်စဉ်ခွဲဝေလျာထားပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက်ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာစစ်ဆေးတွေ့ရှိချက်များ၊ စစ်ဆေးတွေ့ရှိချက်များအပေါ် သုံးသပ်တွေ့ရှိချက်များနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုပြင်လိုက်နာဆောင်ရွက်သွားရမည့်အချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်တင်ပြသွားမည်

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် ၂၀၂၃-၂၀၂၄ **“ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း”** တို့ကို စိစစ်အတည်ပြုပြီးခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

မိမိတို့လျာထားတဲ့အတိုင်း ရငွေများရရှိစေရန်၊ မိမိတို့လျာထားသည့်အတိုင်း သုံးငွေများကိုအချိန်မီသုံးစွဲနိုင်စေရန် ဌာန၊ အဖွဲ့အစည်း အကြီးအမှူးများကိုယ်တိုင် စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတော်အတွက်ရငွေများဖြစ်သည့် အခွန်အကောက်မှရရှိငွေများကို တည်ဆဲအခွန်အကောက်ဆိုင်ရာဥပဒေများနှင့်အညီ

အပြည့်အဝကောက်ခံရရှိနိုင်အောင် သက်ဆိုင်ရာဌာနများ အနေဖြင့် ကြိုးပမ်းဆောင်ရွက်ဖို့တိုက်တွန်းပြောကြားလိုပါကြောင်း၊ အခွန်အကောက်မဟုတ်သောရငွေများဖြစ်သည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေများတိုးတက်လာစေရန်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အထူးကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့ဌာနအဖွဲ့အစည်းများ၏ပကတိအခြေအနေကို စနစ်တကျစိစစ်သုံးသပ်ပြီး လျာထားချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် စီမံကိန်းနှင့်ဘတ်ဂျက် ဆက်စပ်ဆောင်ရွက်ရန်နှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ ရငွေ၊ သုံးငွေနှင့်စပ်လျဉ်း၍လည်း စာရင်းစစ်ဆေးမှုကိုစနစ်တကျခံယူနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည်အရေးကြီးသကဲ့သို့ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရမည့်လုပ်ငန်းစဉ်များသည်လည်းအရေးကြီးပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်ကအားပေးမြှင့်တင်လျက်ရှိပြီး ဘတ်ဂျက်ခွဲဝေချထားပေးသည့် အသုံးစရိတ်များမှာ ထည့်သွင်းလျာထားပေးထားသကဲ့သို့တစ်ဖက်ကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စသည့်ရန်ပုံငွေများကိုထူထောင်ပေးထားပြီး ရင်းနှီးမြှုပ်နှံငွေလိုအပ်ချက်များကို ဖြည့်ဆည်းထောက်ကူဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး၊ သွင်းကုန်တင်သွင်းသည့်နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာရေး၊ တစ်ဦးချင်းဝင်ငွေများ မြင့်တက်လာရေးတို့အတွက် ဌာန၊ အဖွဲ့အစည်းအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့

ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုနည်းပါးပြီး ပြည်တွင်းသုံးစွဲမှုမလုံလောက်သည့်အတွက် ပြည်ပမှသွင်းကုန်တင်သွင်းမှုကိုသာ အားထားဆောင်ရွက်ခဲ့ရသဖြင့် ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ရပ်တန့်ထားသည့် နိုင်ငံပိုင်စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရာတွင် ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေးကောင်းကောင်းနှင့် လုံလုံလောက်လောက်ထုတ်လုပ်ပေးနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည်လည်းအရေးကြီးသည့်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့်သက်ဆိုင်သော အသုံးစရိတ်များကိုလည်း တိုးမြှင့်ပေးထားပါကြောင်း၊ တစ်ဘက်ကလည်း ကာလတိုအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရရှိနိုင်ရေး ပြည်နယ်နှင့်တိုင်းအလိုက် လေ့လာဆောင်ရွက်စေလိုပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို တိုးတက်ထုတ်လုပ်နိုင်စေရန်ဆောင်ရွက်ရသကဲ့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအပိုင်းတွင် လေလွင့်ဆုံးရှုံးမှုများမဖြစ်ရေး၊ ဓာတ်အားဝယ်ယူမှု၊ ဖြန့်ဖြူးရောင်းချမှုများကို ဟန်ချက်ညီအောင်ဆောင်ရွက်နိုင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း။

ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအားလုံးအနေဖြင့် နိုင်ငံတော်ကချမှတ်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းပြောကြားသည်။

■ ■ ■

အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၃)အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၂၁ - ၃ - ၂၀၂၃)

အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၃) အစည်းအဝေးကို မတ်လ ၂၁ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အမျိုးသားစီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးသည့်နောက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ဘဏ္ဍာရေးနှစ်ကာလပြောင်းလဲခဲ့ပြီး ကြားကာလ ၆ လ စီမံကိန်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတို့ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ယခုလက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အမျိုးသားစီမံကိန်းတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်အပြည့်ဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းဖြစ်ပါကြောင်း။

တိုးတက်မှုနှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်း ရရှိလာနိုင်

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် စီးပွားရေးတိုးတက်မှုနှုန်း အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ကြားကာလ ၆ လ စီမံကိန်းအကောင်အထည်ဖော်မှုတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်စီမံကိန်း ပထမ ၆ လ အကောင်အထည်ဖော်မှုတွင် ၃ ဒသမ ၄ ရာခိုင်နှုန်း ပြန်လည်တိုးတက်ရရှိလာသည်ကို တွေ့ရပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်ကုန်တွင် ယာယီခန့်မှန်းခြေစာရင်းအရ တစ်နှစ်လုံးအတွက် တိုးတက်မှုနှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်းရရှိလာနိုင်သည်ဟု သက်ဆိုင်ရာဌာနများက ခန့်မှန်းထားပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ စွမ်းအားပြည့်လည်ပတ်နိုင်ရေးသည်အရေးကြီးပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုတိုးတက်မှ စားရေရိက္ခာလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုဖူလုံစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သွင်းကုန်လျှော့ချနိုင်ပြီး ပို့ကုန်

တင်ပို့မှုလည်း တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများအားကောင်းလာပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည့်အတွက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် တိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကျေးလက်အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် သမားရိုးကျဆောင်ရွက်နေသည့် ပုံစံမှ ခေတ်မီနည်းစနစ်များဖြင့် သွင်းအားစုများကိုထိရောက်စွာအသုံးပြုပြီး အထွက်တိုးအောင်ကြိုးစားကြရန်နှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရေးကိုလည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဒေသအလိုက်အလားအလာကောင်းသည့် သီးနှံများစိုက်ပျိုးနိုင်ရေး၊ တန်ဖိုးမြင့်ထွက်ကုန် ပစ္စည်းများထုတ်လုပ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကိုဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှု

မိမိတို့နိုင်ငံ၌ မြို့ပြနေလူဦးရေ ၃၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းရှိပါကြောင်း၊ လူအများစုနေထိုင်ကြသည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာပြီး မြို့ပြနှင့်ကျေးလက်ကွာဟချက်များ လျော့ကျလာနိုင်မည်ဖြစ်သည့်အပြင် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နေရာဒေသမရွေး တစ်ဦးတစ်ယောက်မှနောက်ကျမကျန်စေရေး အတွက် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အဓိကအထောက်အကူဖြစ်စေသည့် နေကြာစိုက်ပျိုးမှုကို ရည်မှန်းချက်အတိုင်းအောင်မြင်စေရေးကိုဆက်လက်ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ မိုးနှင့်ဆောင်းနေကြာစိုက်ပျိုးမှုများမှ အခက်အခဲနှင့်အတွေ့အကြုံများကိုသင်ခန်းစာရယူပြီး ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေးကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံရန်ခွင့်ပြုထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတိုးတက်ရေးကို ဆထက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် သတ်မှတ်ချိန်အတိုင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများပြီးပြတ်စေရေးကို အားလုံးကအထူးအလေးထားပြီးဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ အထူးသဖြင့် အကြောင်းအမျိုးမျိုးကြောင့်နှောင့်နှေးကြန့်ကြာနေသည့်ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ အမြန်ဆုံးပြီးစီးမှသာ လျှပ်စစ်လိုအပ်ချက်ကိုအချိန်မီဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုများကိုလည်း သတ်မှတ်ချိန်အတိုင်းပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း။

အားပေးကူညီရမည်

ပြည်ပမှ မှာယူတင်သွင်းနေရသည့် သံ၊ သံမဏိ၊ ဓာတ်မြေဩဇာ စသည့်ကုန်စည်များကို ပြည်တွင်း၌ရှိသည့်စက်ရုံများက ရည်မှန်းချက်အတိုင်း ပြည့်မီကျော်လွန်သည်အထိ ထုတ်လုပ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများက ပြည်တွင်းဈေးကွက်လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးနှင့်ဝန်ဆောင်မှုအရည်အသွေးပြည့်မီစေရေးကိုလည်း အကောင်အထည်ဖော်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးသည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုများ တိုးတက်ရေးအတွက် အားပေးကူညီရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်အတွက် ပြည်တွင်းနှင့်ပြည်ပမှရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နည်းလမ်းမျိုးစုံနှင့်ဖိတ်ခေါ်ပြီး ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများက ထိထိရောက်ရောက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ကောင်းမွန်သည့် အခြေခံအဆောက်အအုံများရှိမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဒေသတစ်ခုနှင့်တစ်ခုကြား ဆက်သွယ်မှုလွယ်ကူမြန်ဆန်ပြီး ဒေသတွင်းနှင့်ဒေသများကြား ကွာဟချက်များကို လျော့ချနိုင်မည်ဖြစ်သည့်အတွက် စီးပွားရေး

လူတိုင်းကျန်းမာရေး အသိတိုးမြင့်လာပြီး ကျန်းမာသည့်လူနေမှုစနစ်နှင့်အညီနေထိုင်နိုင်မှသာ ကျန်းမာသန်စွမ်းသည့် လူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်၊ ထို့ကြောင့် လူတိုင်းကိုယ်စီ အသိနှင့်ဆောင်ရွက်သွားရန်လိုမည်ဖြစ်သကဲ့သို့ ကျန်းမာရေး အသိပညာပေးမှုများလည်း ဆက်လက်တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်။

အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးပြီး ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရန် လိုအပ်ပါကြောင်း။

အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို လူတိုင်းလက်လှမ်းမီရေး၊ မျှော်မှန်းသက်တမ်းမြင့်မားရေး၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးနှုန်းကျဆင်းရေး၊ ကူးစက်ရောဂါနှင့် ကူးစက်နိုင်ခြင်းမရှိသည့် ရောဂါများကြောင့်သေဆုံးမှုများလျှော့ချနိုင်ရေးကို ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ လူတိုင်းကျန်းမာရေး အသိတိုးမြင့်လာပြီး ကျန်းမာသည့်လူနေမှုစနစ်နှင့်အညီ နေထိုင်နိုင်မှသာ ကျန်းမာသန်စွမ်းသည့် လူမှုအဖွဲ့အစည်းကိုတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူတိုင်းကိုယ်စီအသိနှင့် ဆောင်ရွက်သွားရန်လိုမည်ဖြစ်သကဲ့သို့ ကျန်းမာရေးအသိပညာပေးမှုများလည်း ဆက်လက်တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုးမြှင့်ခွင့်ပြုပေးထား

ကျန်းမာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ ဆရာမများ၏ နေထိုင်မှုအဆင်ပြေချောမွေ့စေရေးအတွက် ဝန်ထမ်းအိမ်ရာတည်ဆောက်မှုများ၊ ကျန်းမာရေးအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတိုးတက်စေရေးအတွက် စီမံကိန်းလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ပေးထားပြီး ကျန်းမာရေးအသုံးစရိတ်ကိုလည်း တိုးမြှင့်ခွင့်ပြုပေးထားပါကြောင်း။

ကျန်းမာသန်စွမ်းသည့် လူမှုအဖွဲ့အစည်းဖြစ်စေရေးနှင့် နိုင်ငံတော်၏ဂုဏ်ကိုဆောင်သည့် အားကစားကဏ္ဍမြင့်တင်ရေးတို့အတွက် နှစ်စဉ်ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အဆင့်မီဘောလုံးအားကစားကွင်းများ၊ မိုးလုံလေလုံအားကစားကွင်းများ၊ ပြေးလမ်းများ၊ ရေကူးကန်များတည်ဆောက်ပေးလျက်ရှိပါကြောင်း။

ပညာရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ပညာရည်အဆင့်နိမ့်ကျမှုမရှိစေရေးနှင့် လူတိုင်းသင်ယူနိုင်မှုအခွင့်အလမ်းများရရှိစေရေးကိုလည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူသည့်အချိန်မှစပြီး KG+9အထိမသင်မနေရပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် KG + 9 နှင့် KG + 12 ကျောင်းဆောင်အသစ်များတည်ဆောက်ခြင်း၊ ဥပမိရုပ်မကောင်းသည့်ကျောင်းဆောင်များ ပြန်လည်ဆောက်လုပ်ခြင်း၊ စာသင်ခန်းများလုံလောက်စေရန် တိုးချဲ့ဆောက်လုပ်ခြင်းစသည့်တည်ဆောက်ရေးလုပ်ငန်းများကိုပိုမိုဆောင်ရွက်နိုင်ရန်အတွက် ပညာရေးအသုံးစရိတ်များကိုလည်း တိုးမြှင့်ခွင့်ပြုပေးထားပါကြောင်း။

ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လိုအပ်သည့်ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ယခုအခါ ခရိုင် ၅၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းပြီး စက်မှု၊စိုက်ပျိုး၊မွေးမြူရေးကျောင်း (၅၁) ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် စာသင်ဆောင်နှင့် လက်တွေ့သင်ကြားရေးဆောင်များကိုလည်း တည်ဆောက်ရန် ခွင့်ပြုထားပါကြောင်း၊ လုပ်ငန်းခွင်နှင့် ချိတ်ဆက်သည့် အလုပ်အာမခံချက်ရရှိရေးနှင့် ထူးချွန်ထက်မြက်သူများကို သက်ဆိုင်ရာဘာသာရပ်အလိုက် အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရေးတို့ကို စီစဉ်ပေးထားသည့်အပြင် ပညာသင်ထောက်ပံ့ကြေးများကိုလည်း ခွင့်ပြုပေးထားပါကြောင်း။

ဝိုင်းဝန်းကြိုးပမ်းရမည်

ပညာတက်ရောက်သင်ယူမှုနှင့်ပတ်သက်ပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအရ အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုမှာ တဖြည်းဖြည်းလျော့ကျလာသည်ကို တွေ့ရပါကြောင်း၊ အဆိုပါသန်းခေါင်

စာရင်းအရ အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုမှာ ၁၄ နှစ် နှင့် ၁၅ နှစ်ကြားအုပ်စုတွင် ၇၆ ရာခိုင်နှုန်း၊ ၁၅ နှစ်နှင့် ၂၄ နှစ်ကြားအုပ်စုတွင် ၃၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၅ နှစ်နှင့်အထက်အုပ်စုတွင် သုညဒသမ ၃ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရပါကြောင်း၊ အဆိုပါအချက်မှာ အနာဂတ်တွင် နိုင်ငံအတွက်ကောင်းမွန်သည့် အလားအလာမဟုတ်သည့်အတွက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနှုန်းတိုးမြှင့်စေရေးနှင့် ကျောင်းထွက်နှုန်းကျဆင်းရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အနာဂတ်တွင် အသိပညာ၊ အတတ်ပညာများပြည့်ဝစေရေးအတွက် ဘဝတစ်သက်တာပညာသင်ယူနိုင်မှုအခွင့်အလမ်းကိုလူတိုင်းလက်လှမ်းမီရရှိခံစားနိုင်ရေး၊ အရေအတွက်သာမက အရည်အချင်းနှင့်ပြည့်ဝသည့် ပညာရေးစနစ်ဖြစ်စေရေးနှင့် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျောင်းသားများကိုယ်တိုင်က လေ့လာသင်ယူလိုစိတ်ပြင်းပြကြရမည်ဖြစ်ပြီး မိဘ၊ ဆရာနှင့်လူမှုအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တစ်ကမ္ဘာလုံး၌ ကြုံတွေ့နေရသည့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဆိုးရွားသည့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများရှိလာပြီး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများကို အထူးဂရုပြုဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ သစ်တောနှင့် သစ်ပင်များ အမြဲရှင်သန်စေရေးနှင့် သစ်တောဖုံးလွှမ်းမှုဧရိယာများတိုးတက်လာစေရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများအနေဖြင့် လာမည့်ကာလများတွင် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် စွန့်စားရမှု(Risk) ဖြစ်နိုင်ခြေများပြားနိုင်သည်ကိုဖော်ထုတ်ထားခြင်းကိုတွေ့ရပါကြောင်း၊ ထို့ကြောင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှုနှင့် အဆောက်အအုံများပျက်စီးဆုံးရှုံးမှုလျော့နည်းစေရေးအတွက် ကြိုတင်အစီအမံများကို စနစ်တကျရေးဆွဲထားရမှာဖြစ်ပါကြောင်း၊ ထို့ပြင်သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးချက်များကို ကျေးလက်ဒေသရှိ ပြည်သူများထံအချိန်နှင့်တစ်ပြေးညီရောက်ရှိစေရေးနှင့် ထိခိုက်လွယ်သည့်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် တစ်ကမ္ဘာလုံးတွင် လောင်စာဆီဈေးနှုန်းမြင့်တက်မှု၊ အဆိုပါအချက်နှင့်ဆက်စပ်ပြီးဖြစ်နေသည့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အတိုးနှုန်းပြောင်းလဲမှုနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေများကြောင့် ကြွေးမြီမြင့်တက်လာပြီး ပြည်တွင်းသုံးငွေကြေးတန်ဖိုးကျဆင်းမှုများဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အကျိုးဆက်များအနေဖြင့် ကမ္ဘာ့နိုင်ငံအချို့တွင် စားနပ်ရိက္ခာမဖူလုံမှု၊ လောင်စာဆီပြတ်လပ်မှု စသည့် အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရပါကြောင်း။

လောင်စာဆီသုံးစွဲမှု လျှော့ချနိုင်

ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ်ထားရှိဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ လောင်စာဆီသုံးစွဲမှုလျှော့ချနိုင်ရေးနှင့် ထိရောက်သည့် စွမ်းအင်သုံးစွဲမှုစနစ်ဖြစ်စေရေးကိုလည်း လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ကြိုးကြပ်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်မော်တော်ယာဉ်တင်သွင်းမှုနှင့် သုံးစွဲမှုများကိုရွှေ့ပြေးစီမံချက်အနေဖြင့် စတင်အကောင်အထည်ဖော်လျက်ရှိရာ စီမံချက်ရေရှည်တည်တံ့ရေးနှင့် တိုးတက်မှုရရှိစေရေးကို ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ သို့မှသာ လောင်စာဆီသုံးစွဲမှုကို ထိရောက်စွာလျှော့ချနိုင်ပြီး ကာဗွန်ကင်းစင်သည့် ပတ်ဝန်းကျင်ရောက်ရှိရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားအပြည့်အဝထုတ်လုပ်နိုင်ရေး၊ တည်ဆောက်ဆဲလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ အဖြစ်နိုင်ဆုံးအမြန်ပြီးစီးရေး၊ ဒေသအလိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ ကျယ်ပြန့်စွာဆောင်ရွက်မှုတို့နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုလျှော့ချရန် ကြိုးစားရမည်ဖြစ်သကဲ့သို့ နေရောင်ခြည်စွမ်းအား၊ လေစွမ်းအားသုံး လျှပ်စစ်စီမံကိန်းများ၊ နည်းပညာမြင့်မားသည့် ကျောက်မီးသွေးသုံးဓာတ်အားပေးလုပ်ငန်းများ၊ နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် အမြဲစောင့်ကြည့်သုံးသပ်ပြီး စီမံကိန်း

ရည်မှန်းထားသည့်အတိုင်းပြီးစီးမှု၊ ဘဏ္ဍာငွေသုံးစွဲမှုတို့ကို စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းကြောင့်ရရှိသည့် အကျိုးရလဒ်များကို ပြည်သူများအမြန်ဆုံးရရှိခံစားနိုင်စေရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အလုပ်နှင့်သက်သေပြနိုင်ရေး

နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများကို အောင်မြင်အောင် လက်တွေ့အလုပ်နှင့် သက်သေပြနိုင်ရေးကို အခုထက်ပိုမိုကြိုးပမ်းရမည်ဖြစ်သည့်အပြင် လုပ်ဆောင်ချက်များအားလုံး ရေရှည်တည်တံ့စေရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ဆောင်မှုအားလုံးကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများနှင့်အညီ ထိထိရောက်ရောက်ဆောင်ရွက်ရန်လိုပါကြောင်း၊ ဆောင်ရွက်မှုအားလုံးကိုလည်း စနစ်တကျမှတ်တမ်းများထားရှိရမည်ဖြစ်ပါကြောင်း။

ယနေ့တင်ပြမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၁၂ ရပ်တို့နှင့်ချိတ်ဆက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုသည်ကိုလည်း တွေ့ရပါကြောင်း၊ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အချိန်နှင့်တစ်ပြေးညီ ပုံမှန်သုံးသပ်ပြီး ရလဒ်များပြည့်မီရေးကို ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ရန်လိုအပ်သည့်ကိစ္စရပ်များကိုလည်း အချိန်မီပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် အစီရင်ခံမှုအားကောင်းစေရေးကိုလည်း ယခုထက်ပိုမိုအလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ချမှတ်ထားသည့်စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုများကို အမြဲသုံးသပ်စိစစ်ပြီးလိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ခြင်း (Plan, Do, Check, Act- PDCA) ဆိုသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို တက်ညီလက်ညီစိစစ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့အနေဖြင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ကိုဗစ်-၁၉ မတိုင်မီအခြေအနေထက်ကျော်လွှန်ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့မျှော်မှန်းထားသည့်ပန်းတိုင်ကို လျှောက်လှမ်းနိုင်ရန် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ အားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက်အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးတွင် အတည်ပြုချက်ရယူရမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက်ဦးတည်ပြီး ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြုပြီး အားလုံးပါဝင်နိုင်သည့် ရေရှည်ဖွံ့ဖြိုးမှုရရှိစေရန် ရည်ရွယ်ရေးဆွဲထားသည်ကို တွေ့ရှိရပါကြောင်း။

အလေးထားဆောင်ရွက်

စီမံကိန်းလျာထားချက်များကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းများအချိန်မီပြီးစီးရေး၊ လုပ်ငန်းပြီးစီးမှုပမာဏနှင့်ညီမျှသည့်ငွေကြေးသုံးစွဲမှုများဖြစ်စေရေး၊ ဆောင်ရွက်ဆဲလုပ်ငန်းများပြီးပြတ်စေရေးတို့ကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အကန့်အသတ်ဖြစ်နေသည့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ခွဲဝေသုံးစွဲခြင်းဖြစ်သည့်အတွက် ထိထိရောက်ရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးဆောင်ရွက်သည့်လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် စီမံကိန်းမှ ရလဒ်ကောင်းများရရှိရေးတို့ကို အလေးထား

> **တစ်ကမ္ဘာလုံး၌ ကြုံတွေ့နေရသည့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဆိုးရွားသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများရှိလာပြီး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများကို အထူးဂရုပြုဆောင်ရွက်ရမှာဖြစ်၊ သစ်တောနှင့် သစ်ပင်များ အမြဲရှင်သန်စေရေးနှင့် သစ်တောဖုံးလွှမ်းမှုဧရိယာများ တိုးတက်လာစေရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်။**

ဆောင်ရွက်ရန်လိုအပ်ကြောင်း။

နိုင်ငံတော်မှပံ့ပိုးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ၊ စီမံကိန်းများအတွက် ခွင့်ပြုထားသည့် ဘဏ္ဍာငွေအရင်းအမြစ်များဖြင့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများတိုးတက်စေရေးနှင့် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကိုသုံးသပ်ဆွေးနွေးပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း(မူကြမ်း) ရေးဆွဲထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ယခင်ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်မှတ်တမ်းများအပေါ် သုံးသပ်အကြံပြုချက်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စစ်ဆေးဆောင်ရွက်သွားမည့်အချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂-၂၀၂၃ အမျိုးသားစီမံကိန်းကိုပြန်ကြည့်ပါက လျာထားချက်များမပြည့်မီသည်ကိုတွေ့ရကြောင်း၊ မိမိအနေဖြင့် နိုင်ငံစီးပွားရေးမြှင့်တင်ရေးရန်ပုံငွေအဖြစ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသများသို့ ဘဏ္ဍာငွေကျပ် ဘီလီယံ ၄၀၀ ပေးအပ်ခဲ့ပါကြောင်း၊ အဓိကအားဖြင့် ဒေသခံပြည်သူလူထု စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာလတိုအတွင်း ငွေပြန်ပေါ်နိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သော နေကြာ၊ ပဲတီစိမ်းနှင့် နွေးစပါး စိုက်ပျိုးရေးလုပ်ငန်းများအတွက် မတည်ပေးခြင်းဖြစ်ကြောင်း၊ တစ်နေရာနှင့်တစ်နေရာအခြေအနေချင်းမတူညီသော်လည်း နည်းလမ်းများရှာကြံ၍ လျာထားချက်ပြည့်မီအောင် ကြိုးစားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ စီမံကိန်းရည်မှန်းချက်များကိုလက်တွေ့အောင်မြင်အောင်ဆောင်ရွက်ရန်နှင့် အမှန်တကယ်တိုးတက်အောင် စီမံဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ စီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေကိုသုံးသပ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိုတင်ပြင်ဆင်ရမည့်ကိစ္စရပ်များကို သေသေချာချာစိစစ်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော်မှုကို ပြီးပြတ်အောင်ဆောင်ရွက်ကြရန်လိုအပ်ပြီး အကြောင်းအမျိုးမျိုးကြောင့်မပြီးပြတ်ခဲ့ပါက ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် ဘဏ္ဍာငွေကို စနစ်တကျပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း၊ လာမည့်နှစ်တွင်လည်း အမှန်ဆောင်ရွက်နိုင်မည့်ပမာဏကိုချိန်ညှိကာ စီမံကိန်းတွင်ရေးဆွဲပြီး ဘဏ္ဍာငွေတောင်းခံရမည်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံကိန်းများကိုဆောင်ရွက်ရာတွင်လည်း ဖြစ်မြောက်နိုင်စွမ်းကိုလေ့လာပြီး စီးပွားရေးအရတွက်ခြေကိုက်မှုရှိစေရေးနှင့် ပြည်သူများအတွက် အကျိုးရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဥပဒေကိုမပြဋ္ဌာန်းမီ ဆောင်ရွက်ရမည့်လုပ်ငန်းများပြည့်စုံစေရေးကို ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်ကာလ

မည်သည့်စီမံကိန်းကိုမဆို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်သည့် ငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝစေရေး မှန်မှန်ကန်ကန် သုံးသပ်ဆောင်ရွက်ရမည်ဖြစ်၊ ပြည်သူဗဟိုပြုလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ပြီး တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်ရမည်ဖြစ်။

အတွင်းတွင်လည်း စောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းစဉ်များအားကောင်းရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန် ဒေသအလိုက် အဓိကအားသာချက်ရှိသည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကိုတွန်းအားပေးရာတွင် ပန်းတိုင်အထွက်နှုန်းရည်မှန်းချက်ပြည့်မီစေရေးကို အလေးထားဆောင်ရွက်ရေးနှင့် ဒေသတွင်းစားရေရိက္ခာဖူလုံရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အသေချာဆုံးသောစီးပွားရေးမြှင့်တင်မှုသည် အခြေခံခိုင်မာပြီးဖြစ်သည့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုတို့ဖြစ်ကြောင်း၊ ဒေသများကရရှိနိုင်သည့်ကုန်ကြမ်းများကို အပြည့်အဝအသုံးချပြီး ကုန်ချောထုတ်လုပ်နိုင်ရန် နည်းပညာပံ့ပိုးမည့်ဌာနများနှင့် သုတေသနဌာနများ အချိတ်အဆက်မိမိဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက်နည်းပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်မည်ဆိုပါက ကျေးလက်မှမြို့ပြသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်ကြခြင်းနှင့်ပြည်ပသို့ တရားမဝင်နည်းလမ်းများဖြင့် ထွက်ခွာမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း။

တိုင်းပြည်သာယာဝပြောရေးဆောင်ရွက်

ပြည်သူများ အဓိကလိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေနှင့်ထွက်ငွေမျှတရေးကိုလည်း ကြိုးပမ်းလုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ မည်သည့်စီမံကိန်းကိုမဆို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်သည့်ငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝစေရေး မှန်မှန်ကန်ကန်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဗဟိုပြုလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများကို အောင်မြင်အောင်အကောင်အထည်ဖော်ပြီး တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုအတည်ပြုမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါလုပ်ငန်းများကို ဥပဒေအဖြစ်ပြဋ္ဌာန်းပြီးပါက သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိဘဏ္ဍာရေးနှစ်၏ အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအားနည်းချက်၊ အားသာချက်များကိုဖော်ထုတ်ပြီး တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်အောင် ပိုမိုကြိုးပမ်းအားထုတ်လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်းပြောကြားသည်။

■ ■ ■

ကမ္ဘာ့ရေနေ့ ၂၀၂၃ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၂၂ - ၃ - ၂၀၂၃)

ကမ္ဘာ့ရေနေ့ ၂၀၂၃ အခမ်းအနားကို မတ်လ ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အခြေခံအကျဆုံး သဘာဝအရင်းအမြစ်

ဦးစွာ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရေသယံဇာတသည် သက်ရှိအားလုံးအတွက် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်ဖြစ်ပြီး လူသားများအတွက် စားရေရိက္ခာ၊ သောက်သုံးရေနှင့် ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် ဂေဟစနစ်ကိုအထောက်အပံ့ပြုလျက်ရှိပါကြောင်း၊ ရေကိုအလေအလွင့်မရှိ စနစ်တကျအကျိုးရှိအောင်အသုံးပြုရမည်ဖြစ်ပြီး လူတိုင်းလက်လှမ်းမီရရှိသုံးစွဲနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်လာခြင်း၊ မြို့ပြများနှင့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ

ရေလိုအပ်မှုသည်တိုးတက်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲလာမှုနှင့် လူသားများ၏ ပယောဂများကြောင့် ရေသယံဇာတနှင့်ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိပြီး ရေအရင်းအမြစ်များ လျော့နည်းလာနေပါကြောင်း၊ ရေအရင်းအမြစ်လျော့နည်းလာမှုကို ဖြေရှင်းကြရန်အတွက် ကမ္ဘာ့နိုင်ငံများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရေသယံဇာတနှင့်ပတ်သက်ပြီး အားလုံးအလေးထားဂရုပြုနိုင်ကြစေရန် နှစ်အလိုက်အထူးပြုအကြောင်းအရာဆောင်ပုဒ်များ **"Theme"** များ သတ်မှတ်ပြီး ကမ္ဘာ့ရေနေ့အခမ်းအနားများကို ကျင်းပပြုလုပ်လျက်ရှိပါကြောင်း၊ ယခုနှစ် ကမ္ဘာ့ရေနေ့ ၂၀၂၃ အတွက်အထူးပြုအကြောင်းအရာ "Theme" မှာ ရေဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရေးကို ရည်မှန်းချက်ထားသည့် **"အရှိန်အဟုန်မြှင့် ရှေ့သို့ကြိုးပမ်းပြောင်းလဲဆောင်ရွက်ခြင်း" "Accelerating Change"** ပင်ဖြစ်ပါကြောင်း။

ရေသည် လူများ၏ အသက်တမျှအဓိကကျ

"ရေအသက်တစ်မနက်" ဆိုသည့် စကားနှင့်အညီ ရေသည်လူများ၏ အသက်တမျှအဓိကကျပါကြောင်း၊ ရေလုံလောက်စွာမရရှိပါက လူသားများ၏စားဝတ်နေရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့မှအစ ဘက်ပေါင်းစုံတွင်ထိခိုက်ဆုံးရှုံးစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအသီးသီးအနေဖြင့် မိမိတို့၏ပြည်သူပြည်သားများ အန္တရာယ်ကင်းသည့် ရေကောင်းရေသန့်လုံလုံလောက်လောက်ရရှိရန် ကြိုးပမ်းလုပ်ဆောင်နေကြရပါကြောင်း၊ ရောဂါဖြစ်စေသည့် ပစ္စည်းများကင်းစင်ပြီး အန္တရာယ်ရှိသည့်ဓာတုပစ္စည်းများလုံးဝမပါဘဲ အရောင်အဆင်းအနံ့အရသာကင်းသည့် ရေမဟုတ်ပါက ညစ်ညမ်းသည့်ရေ၊ သုံးစွဲရန်မသင့်သည့်ရေဟုသတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ရေညစ်ညမ်းမှုသည် သဘာဝကြောင့် ဖြစ်နိုင်သကဲ့သို့ လူများ၏ ပယောဂများကြောင့်လည်းဖြစ်နိုင်ခြင်းကြောင့် သန့်ရှင်းသည့်ရေအရင်းအမြစ်ဖြစ်အောင်ထိန်းသိမ်းကြဖို့နှင့် ညစ်ညမ်းသည့်ရေ မဖြစ်အောင် သတိပြုကြရန်အရေးကြီးပါကြောင်း။

ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းသည် ရေများဖုံးလွှမ်းလျက်ရှိသော်လည်း အဆိုပါရေပမာဏ၏ ၉၆ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ပင်လယ်၊ သမုဒ္ဒရာများဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရေချို ပြန်လည်ပြည့်ဖြိုးမြဲရေဖြစ်ပြီး ထိုအထဲတွင် ဝင်ရိုးစွန်းများတွင်ရှိသည့် ရေခဲတောင်၊ ရေခဲပြင်များသည် ၆၈ ရာခိုင်နှုန်းနှင့် မြေအောက်ရေ ၃၀ ရာခိုင်နှုန်းခန့်ရှိနေသည်ကို လေ့လာသိရှိရပါကြောင်း၊ ထို့ကြောင့် မြေပြင်ပေါ်တွင်ရှိသည့် ရေအားလုံး၏ သုည ဒသမ ၅ ရာခိုင်နှုန်းလောက်သာ ရေချိုဖြစ်သည်ကို လေ့လာသိရှိရပါကြောင်း။

မိမိတို့နိုင်ငံတွင် မြစ်ချောင်းများ၊ အင်းအိုင်များ၊ သဘာဝရေထွက်များစသည့် ပုံစံအမျိုးမျိုးဖြင့် ရေချိုအရင်းအမြစ်များ များပြားခြင်းကြောင့် တစ်ကမ္ဘာလုံး ရေချိုပိုင်ဆိုင်မှု၏ ၁ ဒသမ ၇ ရာခိုင်နှုန်းရှိသည်ဟု သိရသည့်အတွက် ရေချိုပေါများသော နိုင်ငံဟုဆိုရမည်ဖြစ်ပါကြောင်း၊ အချို့နိုင်ငံများတွင် ရေချိုမလုံလောက်သဖြင့် ပင်လယ်ရေငန်ကို ပြုပြင်သုံးစွဲရခြင်းမျိုး၊ စွန့်ပစ်ရေဆိုးကို ပြန်လည်ပြုပြင်သုံးစွဲနေရခြင်း မျိုးများရှိနေသည်ကိုလည်း အားလုံးအသိဖြစ်ပါကြောင်း။

သောက်သုံးရေအခက်အခဲ

မိမိတို့နိုင်ငံတွင် သဘာဝရေအရင်းအမြစ်ကြွယ်ဝသည် ဆိုသော်လည်း အချို့နေရာဒေသများတွင် သောက်သုံးရေ အခက်အခဲ မလုံလောက်သည့်ပြဿနာများရှိနေပါကြောင်း၊ အထူးသဖြင့် အပူပိုင်းအညာဒေသ၊ မိုးခေါင်ရေရှားဒေသ တချို့တွင် နွေရာသီကာလ၌ သောက်သုံးရေ အခက်အခဲများရှိနေပါကြောင်း၊ ထို့ပြင်အဆိုပါ ကျေးလက်ဒေသများ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင်လည်း ရေအခက်အခဲကြောင့် လူမှုစီးပွားဘဝအဆင်မပြေမှုများရှိနေပါကြောင်း။

မိမိတို့မြန်မာများ၏ဆိုရိုးစကား၌ **"ရေကုသိုလ်"**ဆိုပြီး တန်ဖိုးထားပြောဆိုကြသကဲ့သို့ လူသားများအတွက် ရေသည်မရှိမဖြစ်အရေးကြီးကြောင်းကို **"ရွှေကိုမလို၊ ရေကဲ့သို့သာလိုသည်"** ဆိုသည့် စကားအတိုင်းရေကို ရွှေလို တန်ဖိုးထားကြရန်လည်း အသိပေးမှာကြားလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံစေရေးအတွက် ပြည်သူလူထုဇဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်"** ဆိုသည့် ရှေ့လုပ်ငန်းစဉ်နှင့်အညီ ပြည်သူလူထုအတွက်ရေရရှိရေးနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးများကို ဦးစား

ပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေရှားပါးသည့် ဒေသများတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေကို သွယ်တန်းပေးခြင်း၊ အဝီစိတွင်းများ တူးဖော်ပေးခြင်း၊ ဆည်တာတမံများ ဆောက်လုပ်၍ ထိန်းသိမ်းပေးခြင်း၊ မြစ်ရေတင်စီမံကိန်းများ ဖော်ဆောင်ပေးခြင်း၊ မြေအောက်ရေထိန်းတမံများ ဆောက်လုပ်ပေးခြင်း စသည့်ရေရရှိနိုင်မည့် နည်းလမ်းမျိုးစုံဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အချို့သောမိုးများသည့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် မိုးရာသီသာ ရေချိုပေါများပြီး နွေရာသီတွင် ရေချိုရှားပါးမှု အခက်အခဲများရှိပါကြောင်း၊ အဆိုပါဒေသများတွင် ရေကိုစနစ်တကျ သုံးစွဲခြင်း၊ မိုးရေကို ရနိုင်သမျှသိုလှောင်ခြင်း၊ မြေအောက်ရေကို နည်းလမ်းတကျ တူးယူသုံးစွဲခြင်းများနှင့် ဖြေရှင်းကြရမည်ဖြစ်ပါကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးအတွက် ရေကိုရယူသုံးစွဲရာတွင် ဆည်မြောင်းစနစ်များမှရယူခြင်း၊ မြေအောက်ရေကို ထုတ်ယူခြင်းများတွင် လိုအပ်သလောက်ကိုသာ ရယူသုံးစွဲကြရန် ရေကိုထိထိရောက်ရောက်နှင့် အဟောသိကံမဖြစ်အောင် ချွေတာသုံးစွဲကြရန်လိုအပ်ပါကြောင်း၊ သက်ရှိသတ္တဝါများအတွက် ရေလုံလောက်စွာရရှိရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဦးစားပေးဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း။

မြစ်ချောင်းများ မတိမ်ကောရေး

ရေအရင်းအမြစ်သည် လူသားများကိုသောက်သုံးရေနှင့် စိုက်ပျိုးမွေးမြူရေး အတွက်သာမက အရေးကြီးသည့် ကဏ္ဍဖြစ်သော သယ်ယူပို့ဆောင်ရေးအတွက်သည်လည်း အရေးပါကြောင်း၊ ရေကြောင်းခရီးဖြင့် သွားလာခြင်း၊ ပို့ဆောင်ခြင်းများတွင် လွယ်ကူမြန်ဆန်ထိရောက်ခြင်းကြောင့် မြစ်ချောင်းများမတိမ်ကောရေး ဂရုပြုထိန်းသိမ်းကြရန်လိုအပ်ပါကြောင်း။

ရေရှားပါးမှုဖြစ်ရခြင်းသည် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း၊ စိမ်းလန်းစိုပြည်မှုမရှိခြင်း၊ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းစသည့် သဘာဝပန်းကျင် ပျက်စီးယိုယွင်းမှုများနှင့် ဆက်စပ်နေပြီး အပြန်အလှန်သက်ရောက်မှုကိုလည်း ဖြစ်စေပါကြောင်း၊ နေ့စဉ်စားဝတ်နေရေးအတွက် သစ်ပင်သစ်တောများကို ခုတ်ယူသုံးစွဲမှုများကြောင့် သစ်တောများကွယ်ပျောက်ပြီး ရာသီဥတုဆိုးရွားခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများ ဖြစ်လာ

> **ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှုများကို တစ်စတစ်စပိုမိုခံစားလာရခြင်းကြောင့် ဆိုးကျိုးသက်ရောက်မှုများ လျော့ပါးသက်သာစေရန် မိမိတို့အားလုံး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်လိုအပ်၊ ရာသီဥတုဆိုင်ရာမူဝါဒများနှင့် ရေနှင့်ဆက်နွှယ်သည့် မူဝါဒများချမှတ်ရာတွင် ရေနှင့်ပတ်သက်ပြီး အလေးထားစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်၊ ရေသယံဇာတသည် ရာသီဥတုပြောင်းလဲမှုကို ခုခံရန်အတွက် လက်နက်ကောင်းတစ်ခုဖြစ်၊ ထို့ကြောင့် ရေရှည်တည်တံ့ပြီး ကုန်ကျစရိတ်သက်သာသည့် ရေပေးဝေမှုနှင့် သန့်ရှင်းမှုဆိုင်ရာနည်းလမ်းများကို ရှာဖွေအသုံးပြုကြရမည်ဖြစ်။**

ပါကြောင်း၊ ရာသီဥတုကို သဘာဝကဖန်တီးခြင်းဖြစ်သောကြောင့် သဘာဝဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်ပင်သစ်တောများ ထူထောင်ရေးကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ရေဝေရေလဲဒေသများနှင့် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်သွားကြမည်ဆိုပါက ရေရှားပါးမှုအခက်အခဲများ သက်သာစေပြီး ရာသီဥတုနှင့် ကျန်းမာရေးကိုပါ အထောက်အကူဖြစ်စေသည်ကို သတိထားပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် မှာကြားလိုပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများနှင့် ရေဆိုင်ရာအခက်အခဲ ပြဿနာများကို ဖြေရှင်းနိုင်ရန် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲရေးဗဟိုကော်မတီ၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၊ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီတို့ကို စနစ်တကျဖွဲ့စည်းပြီး ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်း

ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို တစ်စတစ်စ ပိုမိုခံစားလာရခြင်းကြောင့် ဆိုးကျိုးသက်ရောက်မှုများ လျော့ပါးသက်သာစေရန် မိမိတို့အားလုံး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ရာသီဥတုဆိုင်ရာမူဝါဒများနှင့် ရေနှင့်ဆက်နွယ်သည့် မူဝါဒများချမှတ်ရာတွင် ရေနှင့်ပတ်သက်ပြီး အလေးထားစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရေသယံဇာတသည် ရာသီဥတုပြောင်းလဲမှုကို ခုခံရန်အတွက် လက်နက်ကောင်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေရှည်တည်တံ့ပြီး ကုန်ကျစရိတ်သက်သာသည့် ရေပေးဝေမှုနှင့် သန့်ရှင်းမှုဆိုင်ရာနည်းလမ်းများကို ရှာဖွေအသုံးပြုကြရမည်ဖြစ်ပါကြောင်း။

တိုးမြှင့်ဆောင်ရွက်ကြရမည်

ရေအသုံးပြုသူများအကြား ရေရှည်တည်တံ့သည့် ရေအသုံးချမှုနှင့် ပတ်သက်သော အသိပညာ၊ ဗဟုသုတ၊ နည်းပညာ၊ ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးတိုင်ပင်မှု၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ရေနှင့်လျှပ်စစ်ကို ချွေတာသုံးစွဲရန်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်ပင်များ စိုက်ပျိုးမှုတွင် ပါဝင်ဆောင်ရွက်ရန်၊ ရေအရင်းအမြစ်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ ရှောင်ရှားကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

ယခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဆောင်ပုဒ်အတိုင်း ရေလိုအပ်ချက်များကို အရှိန်အဟုန်ဖြင့် ဖြည့်တင်းနိုင်ရေးအတွက် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကဦးဆောင်ပြီး ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိရာတွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နေသည့် မိတ်ဆွေနိုင်ငံများ၊ အစိုးရမဟုတ်သည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများအနေဖြင့် ဆက်လက်ပူးပေါင်းပါဝင်အလေးထားဆောင်ရွက်ပေးကြရန်၊ ဒေသအားလုံးရှိ သက်ရှိသတ္တဝါများအားလုံး ရေလုံလောက်မှုရှိစေရေး အမျိုးသားရေးကိစ္စအဖြစ်ဆောင်ရွက်ပေးကြရန်၊ ရေဆိုင်ရာလုပ်ငန်းများသည် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂကချမှတ်ထားသော ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းချက်များ (Sustainable Development Goals) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန်၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် **“ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ ”** ဆိုသည့်အတိုင်း ကဏ္ဍစုံတွင် မိမိတို့လိုချင်သည့် ပန်းတိုင်များသို့ရောက်အောင် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

(၂၄ - ၃ - ၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို မတ်လ ၂၄ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှူထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အလေးထား စဉ်းစားဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကာကွယ်ရေးတို့အတွက် အစီအမံများချမှတ်ဆောင်ရွက်ရကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ချိန်တွင် ရည်မှန်းချက်(၅)ရပ်နှင့်ဦးတည်ချက်(၁၂)ရပ်ကိုချမှတ်၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ဆောင်ရွက်နေရသည့်အခန်းကဏ္ဍသည် နိုင်ငံတော်အဆင့်ဆောင်ရွက်နေရခြင်းဖြစ်သောကြောင့် လုပ်ငန်းများဆောင်ရွက်

ရာတွင် အလေးထားစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့အစိုးရသည် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီမှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)နှင့်အညီ နိုင်ငံရေးအရအရေးပေါ် အခြေအနေကြေညာခဲ့ပြီး နိုင်ငံတော်၏တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းရန်အတွက် ရိုးသားစွာဖြင့်တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်ခဲ့မှုများသည် သမိုင်းမှတ်တမ်းများတွင် ကျန်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်များကိုထမ်းဆောင်ချိန်တွင် ရိုးသားစွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ထိန်းသိမ်းဆောင်ရွက်ခဲ့ရ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဆန္ဒထုတ်ဖော်မှုများဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင်ဆူပူဆန္ဒပြမှုနှင့် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာခြင်းကြောင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် အချို့သော EAO အဖွဲ့အစည်းများအနေဖြင့်လည်း ၎င်းအခြေအနေကို အခွင့်ကောင်းယူ၍ အကြမ်းဖက်သမားများကိုမီးလောင်ရာလေပင့် မြောက်ပင့်သွေးထိုးဆောင်ရွက်ခဲ့မှုများကြောင့် မိုင်းထောင်ဖောက်ခွဲခြင်း၊ အကြမ်းဖက်လုယက်သတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုတိုက်ခိုက်ခြင်း၊ ရုံးဌာနအဆောက်အဦများကို မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများ နိုင်ငံ့ဝန်ထမ်းများကိုအကြမ်းဖက်သတ်ဖြတ်ခြင်းများဖြစ်ပေါ်လာခဲ့ကြောင်း၊ အဆိုပါအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုများလည်း ပြင်းထန်လျက်ရှိသည့် အချိန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရာ ကူးစက်မှုများနှင့် သေဆုံးမှုများကျဆင်းသွားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကိုကျော်လွှားနိုင်ခဲ့ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများသည်လည်း ၂၀၂၂ ခုနှစ် ဧပြီလနောက်ပိုင်းတွင် လျော့နည်းသွားခဲ့ကြောင်း၊ နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်သည့် နိုင်ငံဖြစ်ပြီး စားသောက်ကုန်များ စဉ်ဆက်မပြတ်ထုတ်လုပ်မှုရှိနေသောကြောင့် စားသောက်ကုန်များ ပြတ်လပ်မှုမရှိခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးအရ နိုင်ငံတော်ကိုအရေးပေါ်ကြေညာပြီး တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်သည့် အချို့သောပြည်တွင်း၊ပြည်ပအဖွဲ့အစည်းတစ်ချို့က အစိုးရ၏ အုပ်ချုပ်မှုယန္တရားနှင့် ဘဏ်လုပ်ငန်းစနစ်များ ပြိုလဲစေရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် ထိုးနှက်တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့် ဘဏ်စနစ်များထိခိုက်ပြိုလဲမှုများမဖြစ်ပေါ်စေရေး အခက်အခဲများကြားမှ ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် လည်ပတ်သုံးစွဲငွေများ ပုံမှန်အတိုင်း ပြန်လည်ဖြစ်ပေါ်ခဲ့ကြောင်း။

တဖြည်းဖြည်းကျဆင်းလာ

၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ နိုင်ငံ့စီးပွားရေးသည် တဖြည်းဖြည်းကျဆင်းလာခဲ့ကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ပြည်တွင်းစီးပွားရေးအားပေးမှုနှင့် စီမံခန့်ခွဲရေးပိုင်းတို့တွင်အားနည်းခဲ့ခြင်းကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏ဂျီဒီပီသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်နေသည့်အခက်အခဲများကြားမှ မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်ချိန်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အောက်တိုဘာမှ မတ်လအထိ ပထမခြောက်လပတ်ကာလတွင် နိုင်ငံ၏ဂျီဒီပီမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ အနုတ် ၅ ဒသမ အနုတ် ၉ ရာခိုင်နှုန်းမှ အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခြင်းကြောင့်နိုင်ငံ၏ စီးပွားရေးတိုးတက်လာခြင်းပင်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းသို့တိုးတက်လာခဲ့ပြီး ဆက်လက်ပြီး တိုးတက်မှုများရှိမည်ဟု ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ခန့်မှန်းထားကြကြောင်း။

ထိုသို့ နိုင်ငံ၏ဂျီဒီပီများတိုးတက်လာခြင်းသည် မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်အတွက် စေတနာထား၍ ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့်အခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် မြေသယံဇာတများ

ကိုအကျိုးရှိရှိအသုံးချနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အများစုမှာစပါးကိုစိုက်ပျိုးကြပြီး မိုးစပါးစိုက်ဧကမှာ ၁၅ သန်းခန့်ရှိပြီး နွေစပါးစိုက်ဧကမှာ ၃ သန်းခန့်ရှိကြောင်း၊ မိုးစပါးစိုက်ဧက ၁၅ သန်းတွင် လယ် ၁၃ ဒသမ ၂ သန်းကျော်ရှိကြောင်း၊ ကျန်စိုက်ပျိုးမှုများမှာ ယာ၊ တောင်ယာ၊ အခြားမြေများဖြစ်ကြောင်း၊ ယင်း ၁၃ ဒသမ ၂ သန်းအနက် တစ်သီးသာစိုက်သည့်မြေ ဧက ၅ သန်းခန့်ရှိနေကြောင်း၊ ယင်းမြေများကို သီးထပ်စိုက်ပျိုးနိုင်ရန်ကြိုးစားရမည်ဖြစ်ကြောင်း၊ အလားတူ ပဲ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများကိုလည်း စိုက်ပျိုးကြရန်လိုကြောင်း၊ စပါး၊ ပဲ၊ ဆီထွက်သီးနှံများနှင့် အခြားသီးနှံများကို ပန်းတိုင်အထွက်နှုန်းပြည့်မီစွာထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်၍ မြေကိုအကျိုးရှိရှိအသုံးချကြရန်လိုကြောင်း။

နိုင်ငံခြားငွေသုံးစွဲကုန်ကျမှု များပြားလျက်ရှိ

စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ စားသုံးဆီလိုအပ်ချက်များကိုပြည်ပမှနှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲကုန်ကျမှု များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေး မိမိအနေဖြင့် စဉ်ဆက်မပြတ်တိုက်တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်းလေးမျိုးပြည့်စုံမည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရန်နှင့်ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဒုတိယအချက်နေဖြင့် မူလစိုက်ပျိုးမြေဖြစ်သော်လည်း စိုက်ပျိုးမှုမရှိသည့်မြေများကိုပြန်လည်စိုက်ပျိုး၍ စိုက်ဧကတိုးချဲ့နိုင်ပါက မိမိတို့နိုင်ငံ၏စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုသည် များစွာတိုးတက်ပြောင်းလဲသွားမည်ဖြစ်ကြောင်း။

နေကြာစိုက်ပျိုးမှုနှင့်ပတ်သက်၍ နေကြာဆီသည် မိမိတို့နိုင်ငံ၏ အဓိကစားသုံးဆီတွင် ပါဝင်ခြင်းမရှိကြောင်း၊ မူလက ပဲဆီနှင့်နှမ်းဆီကိုသာအဓိကစားသုံးကြပြီး နောက်ပိုင်းတွင် ဈေးနှုန်းသက်သာသည့် စားအုန်းဆီများကို စားသုံးလာကြကြောင်း၊ နေကြာဆီသုံးစွဲမှုမှာ နည်းပါးကြောင်း၊ မိမိတို့နိုင်ငံရှိ စပ်မျိုးနေကြာမှာ တစ်ဧကလျှင် အထွက်နှုန်းတင်း ၅၀ ကျော်၊ ဆီပိဿာ ၁၄၀ ခန့်အထိထွက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ အဆိုပါနေကြာများကို တိုးချဲ့စိုက်ပျိုးမည်ဆိုပါက နိုင်ငံ၏စားသုံးဆီလိုအပ်ချက်ကို ပြည့်မီအောင်ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ပဲ၊ နှမ်းနှင့် အခြားဆီထွက် သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုး မည်ဆိုပါက စားသုံးဆီလိုအပ်ချက်များကိုဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးဆီများဖူလုံမှုရှိပါက နိုင်ငံခြားငွေသုံးစွဲမှုများနည်းပါးသွားမည်ဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့်တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး အလေးအနက်ထားဆောင်ရွက်ကြစေလိုကြောင်း။

ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန်

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ လက်ရှိထွက်ရှိနေသည့်အထွက်နှုန်းထက်ပိုမိုတိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း ၄ မျိုးဖြင့် စနစ်တကျစိုက်ပျိုးဆောင်ရွက်မည်ဆိုပါက တစ်ဧကချင်းအထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ စပါးတစ်ဧကလျှင်ပျမ်းမျှ ၅ တင်းခန့် ပိုမိုထွက်ရှိလာမည်ဆိုပါက စိုက်ပျိုးဧက ၁၃ ဒသမ ၂ သန်းတွင် စပါးတင်း ၆၆ သန်းပိုမိုထွက်ရှိမည်ဖြစ်သဖြင့် တစ်တင်းလျှင်ကျပ်တစ်သောင်းနှုန်းဖြင့် တွက်ချက်မည်ဆိုပါက ငွေကျပ် ၆၆၀ ဘီလီယံ၊ တစ်သောင်းခွဲနှုန်းဖြင့် တွက်ချက်မည်ဆိုပါက ၉၉၀ ဘီလီယံရရှိမည်ဖြစ်ကြောင်း၊ ထိုသို့စပါးတစ်ဧကလျှင် ၅ တင်းပိုမိုထွက်ရှိအောင်စိုက်ပျိုးနိုင်မည်ဆိုပါက စပါးစိုက်တောင်သူများဝင်ငွေပိုမိုတိုးတက်ရရှိလာမည်ဖြစ်ပြီး ဝယ်လိုအားတက်လာမည်ဖြစ်သဖြင့် နိုင်ငံအတွင်းလည်ပတ်သုံးစွဲငွေများတိုးတက်လာပြီး တိုင်းပြည်၏စီးပွားရေးအားသည် ယခင်ကထက် ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ တိုင်းပြည် ၏ GDP သည်လည်း တက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ဖူလုံပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများလည်းရရှိလာမည်ဖြစ်ပြီး ပြည်ပမှ နိုင်ငံခြားငွေကြေးသုံးစွဲ၍တင်သွင်းနေရသည့် မဖြစ်မနေလိုအပ်သည့်ပစ္စည်းများကို ပိုမိုတင်သွင်းလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများကိုဆောင်ရွက်ရာတွင်ရေရှည်ကိုကြည့်၍သုံးသပ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများကိုမှာကြားလိုကြောင်း။

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ တိုင်းပြည်၏အဓိကစိုက်ပျိုးသည့်သီးနှံများအနက် ဝါသည် တစ်ခုအပါအဝင်

ဖြစ်ပြီး ၄ ဒသမ ၅ သိန်းဧက စိုက်ပျိုးကြောင်း၊ ၂၀၁၁ ခုနှစ်တွင်ဧက ၈ သိန်းအထိစိုက်ပျိုးခဲ့ပြီး နောက်ပိုင်းတွင်အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးမှုရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ယခင်နှစ် ဝါထွက်ရှိမှုအနေဖြင့် ၁ ဧကလျှင် ၄၃၈ ဒသမ ၅ ပိဿာနှုန်းဖြင့် စုစုပေါင်း ဝါပိဿာချိန် ၁၉၈ ဒသမ ၇ သန်း ရရှိခဲ့ပြီး ယခုလက်ရှိတွင် နိုင်ငံ၏ဝါလိုအပ်ချက်သည် ပိဿာပေါင်း ၃၆၃ သန်းလိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် ပိဿာချိန်ထက်ဝက်နီးပါးခန့် လိုအပ်ချက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် တစ်ဧကအထွက်နှုန်းကို ၇၀၀ ပိဿာနှုန်းအထိထွက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့် ယခင်ဝါစိုက်ဧကများအတိုင်း ပြန်လည်စိုက်ပျိုးနိုင်စေရေး လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်၍ လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ချည်မျှင်ရှည်ဝါကိုအဓိကထား၍ စိုက်ပျိုးကြသည်ကိုတွေ့ရှိရပြီး အရည်အသွေးပြည့်မီသည့် ချည်မျှင်ထွက်ရှိနိုင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အရည်အသွေးပြည့်မီမှုမရှိသဖြင့် အဝတ်အထည်များ ရက်လုပ်ရန်အတွက် လိုအပ်သည့်ချည်များကို ပြည်ပမှတင်သွင်းနေရသောကြောင့် ဝါစိုက်ပျိုးမှုတိုးတက်စေရေးပြုပြင်ပြောင်းလဲမှုများ မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးသည့်ဒေသများအနေဖြင့် ဝါစိုက်ဧကများတိုးချဲ့နိုင်ရေးနှင့် မှန်မှန်ကန်ကန်စိုက်ပျိုးမှုရှိစေရေး၊ ဝါအထွက်နှုန်းကောင်းမွန်ပြည့်မီစေရေး၊ မျိုးကောင်းမျိုးသန့်များရရှိစေရေးတို့အတွက် စီမံပေးရန်လိုကြောင်း၊ စိုက်ပျိုးသည့်တောင်သူများ၊ အသုံးပြုသည့်လုပ်ငန်းရှင်များနှင့် အစိုးရတို့သုံးဦးသုံးဖလှယ်ပူးပေါင်း၍ လိုအပ်သည့်မျိုးကောင်းမျိုးသန့်များရရှိအောင်၊ ဝါအရည်အသွေးကောင်းမွန်အောင်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဝါလိုအပ်ချက်ပြည့်မီစေရေးအတွက် ပြည်ပနိုင်ငံများမှနည်းစနစ်နှင့် မျိုးကောင်းမျိုးသန့်များရရှိစေရေး အစိုးရမှကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဝါစိုက်တောင်သူများနှင့်သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများကလည်း စိတ်ပါဝင်စားစွာဖြင့် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို စနစ်တကျဖြင့် အောင်မြင်အောင်စီမံ ဆောင်ရွက်နိုင်မည်ဆိုပါက အမျိုးသားရေး မျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး တို့ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်၊ နိုင်ငံသူ နိုင်ငံသားများ ဝင်ငွေရှိမှသာလျှင်တိုင်းပြည် သာယာဝပြောမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက် နိုင်ရေးအတွက် တိုင်းပြည်အတွင်း စားရေ ရိက္ခာထုတ်လုပ်မှုကောင်းမွန်ရမည်ဖြစ်၊ ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဖော်ဆောင်နေခြင်း ဖြစ်ပြီး မိမိတို့နိုင်ငံ၏ ရှိရင်းစွဲအရင်းအမြစ် များကို အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်။

သွားကြရန်မှာကြားလိုကြောင်း။

အရည်အသွေးပြည့်မီသည့် ဂျုံများရရှိအောင်

အလားတူ ဂျုံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဂျုံစိုက်ဧက ၁၃၂၅၀၀ ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် အများဆုံးစိုက်ပျိုးသည့်တိုင်းဒေသကြီးဖြစ်ပြီး ဒုတိယအများဆုံးမှာ ရှမ်းပြည်နယ်ဖြစ်ကြောင်း၊ ဂျုံနှင့်ပတ်သက်၍ အထွက်နှုန်းတိုးအောင်ဆောင်ရွက်ကြရန်နှင့် အရည်အသွေးပြည့်မီသည့် ဂျုံများရရှိအောင် ကြိုးပမ်းဆောင် ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဂျုံနှင့်ပတ်သက်သည့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအများစု၌ ပြည်ပမှတင်သွင်းသည့်ဂျုံများကိုသာ အများဆုံးအသုံးပြုကြသည်ကို တွေ့ရှိရပြီး ပြည်တွင်းမှထွက်ရှိသည့် ဂျုံများသည်အရည်အသွေးပိုင်းတွင်ပြည့်မီမှုရှိရန် လိုအပ်သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် ဂျုံစိုက်ပျိုးထုတ်လုပ်မှုများကိုလည်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသားများသည်ဆန်ကိုအဓိကထားစားသုံးကြကြောင်း၊စားသောက်မှုပုံစံကိုပြောင်းလဲ၍ ဂျုံကိုနေ့စဉ်တစ်နပ်နှုန်းဖြင့် ထည့်သွင်းစားသုံးမည်ဆိုပါက မိမိတို့နိုင်ငံသားများ၏ ကိုယ်ခန္ဓာကြီး

ထွားဖွံ့ဖြိုးမှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသများအနေဖြင့် စဉ်းစားသုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသအလိုက် မိမိတို့ရရှိထားသည့် မြေသယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မြေကိုကောင်းမွန်မှုရှိအောင် ပြုပြင်ခြင်း၊ ရေရရှိအောင်ဆောင်ရွက်ခြင်းတို့ဖြင့်ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထွက်ရှိနိုင်အောင်ဆောင် ရွက်ရန်လိုကြောင်း၊ မိမိတို့ဒေသမှ စိုက်ပျိုးရေးထုတ်ကုန် လုံလောက်မှုမရှိပါက ပြင်ပမှဝယ်ယူသုံးစွဲရမည်ဖြစ်ပြီး ဒေသ တွင်းလည်ပတ်သုံးစွဲငွေများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိခိုက်စေနိုင်မည်ဖြစ် သဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် မွေးမြူရေး ဆောင်ရွက်မှုများကို စားကျက်မြေများတွင် လွှတ်မွေးသည့် စနစ်ဖြင့် အများဆုံးမွေးမြူကြကြောင်း၊ မွေးမြူရေးစနစ် တွင်လှောင်၍ မွေးမြူပြီးအစာကောင်းမွန်စွာ ကျွေးမွေး သည့်စနစ်သည် အကောင်းဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးစနစ်ကိုလည်းပြုပြင်ပြောင်းလဲ၍ နည်းစနစ် ကျသည့် ခေတ်မီမွေးမြူရေးစနစ်ကိုဆောင်ရွက်ကြစေလို ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင် ရွက်နိုင်ပါက မွေးမြူရေးလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ ကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာအသုံး ချနိုင်မည်ဖြစ်ပြီး အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင် စွာဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း။

အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်

မိမိတို့အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေး ကဏ္ဍကို စနစ်တကျဖြင့် အောင်မြင်အောင်စီမံဆောင်ရွက် နိုင်မည်ဆိုပါက အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ် သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံ ရေးတို့ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ ဝင်ငွေရှိမှသာလျှင်တိုင်းပြည်သာယာဝပြော မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တိုင်းပြည် အတွင်း စားရေရိက္ခာထုတ်လုပ်မှုကောင်းမွန်ရမည်ဖြစ် ကြောင်း၊ ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဖော်ဆောင်နေခြင်းဖြစ်ပြီး မိမိ တို့နိုင်ငံ၏ ရှိရင်းစွဲအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချ နိုင်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုရှိမှသာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှု ကို မဖြစ်မနေအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခင်နှစ်မှစ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်း များကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်း များကိုအခြေခံသည့် စက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း သည်ခိုင်မာသည့်စီးပွားရေးလုပ်ငန်းကိုအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မဖြစ်မနေလိုအပ်ချက် များဖြစ်သည့် လျှပ်စစ်စွမ်းအားလိုအပ်ချက်ပြည့်မီစေရေး အတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

ရေနံနှင့်ပတ်သက်၍ သယံဇာတများစွာရှိပြီးဖြစ်သဖြင့် စည်းကမ်းစနစ်တကျမရှိဘဲ တူးဖော်ထုတ်လုပ်နေမှုများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လောင်စာ ဆီနှင့်ပတ်သက်၍ ရေနံနှင့်ရေနံထွက်ပစ္စည်းများကို နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၆၀၀၀ ကျော်ဖိုးခန့် ဝယ်ယူ တင်သွင်းရလျက်ရှိသဖြင့် လောင်စာဆီသုံးစွဲမှုများကိုလည်း ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သံမဏိလုပ်ငန်း နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် သံရိုင်းများထွက်ရှိပြီး သံမဏိစက်ရုံအကြီး ၂ ရုံသာရှိကြောင်း၊ နှစ်စဉ် သံမဏိ တန်ချိန် ၃ သန်းခန့် လိုအပ်ချက်ရှိနေပြီး ဆောက်လုပ်ရေး လုပ်ငန်းများတွင် အဓိကလိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် သံမဏိထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကိုဖိတ်ခေါ်ဆောင်ရွက် နိုင်သဖြင့်အလေးထားအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ သံရိုင်းထုတ်လုပ်သည့်အဆင့်မှ သံမဏိထုတ်လုပ်သည့် အဆင့်ထိဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်ကြစေ လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သံမဏိ အပြင် ဘိလပ်မြေထုတ်လုပ်သည့်လုပ်ငန်းများ၊ ဆက်စပ် လုပ်ငန်းဖြစ်သည့် ကျောက်မီးသွေးထုတ်လုပ်မှုလုပ်ငန်း များကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် ရွှေတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်း အစရှိသည့် နိုင်ငံတော်၏ မြေပေါ်မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် သတ်မှတ်စည်းမျဉ်းစည်းကမ်း နည်းဥပဒေများနှင့်အညီသာ ထုတ်ယူသုံးစွဲစေရေး၊ တရား

မဝင်ထုတ်ယူသုံးစွဲမှုများမရှိစေရေး ထိထိရောက်ရောက် ထိန်းသိမ်းကြပ်မတ်ကြစေလိုကြောင်း၊ ထုတ်ယူသုံးစွဲရာတွင်လည်း မလိုလားအပ်ဘဲ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျဆောင်ရွက်စေလိုပြီး အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်း သစ်ပင်စိုက်ပျိုးခြင်းများနှင့် စနစ်တကျထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စီးပွားရေးမောင်းနှင်အားသည် အဓိက

မိမိတို့အနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍ စီးပွားရေးဦးတည်ချက်အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် အခြားဦးတည်ချက်များကိုပါ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့်လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးနှင့်ကာကွယ်ရေးမောင်းနှင်အားတို့ကိုတည်ဆောက်နိုင်မည်ဖြစ်ပြီး အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဥက္ကဋ္ဌများက စိုက်ပျိုးမွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ သောက်သုံးရေနှင့်စိုက်ပျိုးရေးများ လုံလောက်စွာရရှိရေးဆောင်ရွက်နေမှု၊ အခွန်အကောက်ငွေများကောက်ခံရရှိမှု၊ သစ်တောများရေရှည်တည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်များ စတင်အသုံးပြုလျက်ရှိမှုနှင့် အားသွင်းစတေရှင်များ တည်ဆောက်ပြီးစီးမှုနှင့် တိုးချဲ့တည်ဆောက်နေမှု၊ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များဝင်ရောက်မှု၊ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးပေးနေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ဒေသတစ်ခုထွက်ကုန်တစ်ခု (One Region One Product) ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရေး စိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေ၊ ဒေသအလိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ရရှိမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ တက္ကသိုလ်ကောလိပ်များဖွင့်လှစ်သင်ကြားပေးနေမှုနှင့် ပြည်ထောင်စုအစိုးရမှဆောင်ရွက်ပေးရန်လိုအပ်သည့် ကဏ္ဍများကိုရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းပြောကြားကြသည်။

အကျိုးရှိရှိအသုံးပြု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအနေဖြင့် နိုင်ငံတော်မှထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကိုအကျိုးရှိရှိအသုံးပြုကြရန်လိုကြောင်း၊ အဆိုပါငွေများကိုအမှန်တကယ်ရင်းနှီးမြှုပ်နှံသူများလက်သို့ရောက်ရှိစေရေး စနစ်တကျဆောင်ရွက်ရန်နှင့် ထုတ်ပေးထားသည့်ငွေများမပျောက်ပျက်စေရေးနှင့် သတ်မှတ်ကာလအတွင်းမှန်မှန်ကန်ကန်ပြန်လည်ပေးဆပ်စေရေး ဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံရှိ တိုင်းရင်းသားဒေသများအလိုက် မိမိတို့ရိုးရာယဉ်ကျေးမှုများ၊ ဂီတနှင့်ဝတ်စားဆင်ယင်မှုများကိုထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းရင်းသားဘာသာစကားနှင့်ပတ်သက်၍လည်း ဥပဒေအရခွင့်ပြုပေးထားကြောင်း၊ မြန်မာစကားကိုနားမလည်ခြင်းကြောင့်စာပေသင်ကြားမှုတွင် အခက်အခဲဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံရှိရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစာပေနှင့် မြန်မာစကားကို မဖြစ်မနေသင်ကြားတတ်မြောက်ထားမှသာ ပညာသင်ကြားမှုနှင့် အလုပ်အကိုင်များဆောင်

ရွက်ရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများရှိ ကျောင်းသား၊ ကျောင်းသူကလေးငယ်များ မြန်မာစာပေကိုသင်ကြားမှု အဆင်ပြေစေရေးအတွက် မြန်မာဘာသာရပ်ကိုသင်ကြားပေးသည့် ဆရာ၊ ဆရာမများအနေဖြင့် အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း။

ပညာသင်ကြားရေးနှင့်ပတ်သက်၍ ၂၀၂၀–၂၀၂၁ ခုနှစ် ပညာသင်နှစ်မှစတင်၍အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ သို့သော် ကျောင်းအပ်နှံသူ ကျောင်းသားဦးရေမှာ ယခင် ကိုဗစ်–၁၉ မဖြစ်ပွားမီအချိန်ကထက်လျော့နည်းနေသည်ကိုတွေ့ရှိရသဖြင့် ပညာရည်မြှင့်တင်မှုကို ထိခိုက်စေနိုင်ကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသူများလည်း လျော့နည်းလာသည်ကိုတွေ့ရှိရကြောင်း၊ အချို့သောနေရာဒေသများတွင် လုံခြုံမှုအရပညာသင်ကြားမှုကို ထိခိုက်သည်မှန်သော်လည်း အချို့သောဒေသများတွင် တည်ငြိမ်အေးချမ်းသော်လည်း ကျောင်းတက်ရောက်မှုရာခိုင်နှုန်းများ ကျဆင်းလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ တစ်နိုင်ငံလုံးရှိ ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါနွေရာသီကျောင်းပိတ်ရက်သို့ရောက်ရှိနေပြီဖြစ်ပြီး နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းပိတ်ရက်ကို အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းများ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် အခြားကလေးငယ်များအတွက် အကျိုးဖြစ်ထွန်းစေမည့် နွေရာသီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ယခင်ပညာသင်နှစ်ကသင်ကြားခဲ့ရသည့် သင်ခန်းစာများကိုပြန်လည်လေ့လာဖတ်မှတ်မှုများကိုဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ပတ်ဝန်းကျင်ရှိကလေးငယ်များ အနာဂတ်လှပစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

မကြာမီကာလတွင် မြန်မာ့ရိုးရာသင်္ကြန်ကာလသို့ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ သင်္ကြန်ကာလတွင် ပျော်ပွဲရွှင်ပွဲများကို စည်းကမ်းတကျ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မထိခိုက်စေဘဲ ကျင်းပဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် အန္တရာယ်ကင်းစွာကျင်းပနိုင်ရေး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

လိုင်စင်မဲ့မော်တော်ယာဉ်များ ပပျောက်စေရေး

မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းမှုနှင့်ပတ်သက်၍ လိုင်စင်မဲ့မော်တော်ယာဉ် များပပျောက်စေရေး နိုင်ငံတော်အနေဖြင့် စီမံချက်ချ၍ဆောင်ရွက်လျက်ရှိကြောင်း၊ ဖမ်းဆီးရမိသည့်မော်တော်ယာဉ်များကိုလည်း ဖျက်ဆီးဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူလိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ တရားမဝင်တင်သွင်းမှု၊ ရောင်းချမှုနှင့် စီးနင်းမှုများမဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတင်သွင်းခြင်း၊ ရောင်းချခြင်းနှင့် စီးနင်းခြင်းများကြောင့် နိုင်ငံတော်၏ အခွန်ငွေများကိုထိခိုက်စေသကဲ့သို့ အကြမ်းဖက်လုပ်ရပ်များလုပ်ကိုင်ရာတွင် အဆိုပါလိုင်စင်မဲ့ယာဉ်များကို အသုံးပြုခြင်းကြောင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုလုပ်ငန်းစဉ်များကို ထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယာဉ်နံပါတ်ပြားများကိုလည်း ပုံစံသစ်လဲလှယ်တပ်ဆင်အသုံးပြုရေးကြပ်မတ်ရန်လိုကြောင်း။

အုပ်ချုပ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များကိုတိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါတိုးချဲ့ခဲ့သည့်ခရိုင်များရှိ ဌာနဆိုင်ရာများအလိုက် လုပ်ငန်းများအဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုပ်သားရှားပါးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်သားလိုအပ်မှုအနည်းဆုံးဖြင့်ဆောင်ရွက်နိုင်မည့် ခေတ်မီစက်ကိရိယာများကို အသုံးပြုဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ရှိ သည့်သီးနှံများကို စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့်သီးနှံထွက်ကုန်များကို ပြည်ပသို့ကုန်ကြမ်းတင်ပို့ခြင်းထက် တန်ဖိုးမြှင့် ထုတ်ကုန်များ အဖြစ်ထုတ်လုပ်၍တင်ပို့နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ပြောင်းသီးနှံမှ စားသောက်ကုန်များကိုသာမက တိရစ္ဆာန်အစာများကိုလည်းထုတ်လုပ်နိုင်သဖြင့် ပြည်တွင်း၌ လိုအပ်ချက်ရှိသကဲ့သို့ ပြည်ပဈေးကွက်ရရှိသဖြင့် ပြောင်းစိုက်ပျိုး

မှုကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

ရင်းနှီးမတည်ငွေများ ထုတ်ပေးလျက်ရှိ

မိမိတို့နိုင်ငံ၏ အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းတစ်ခုဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများထုတ်ပေးလျက်ရှိကြောင်း၊ အဆိုပါထုတ်ပေးထားသည့် ရင်းနှီးမတည်ငွေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် အကျိုးဖြစ်ထွန်းနိုင်မည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ကြစေလိုကြောင်း၊ အဆိုပါထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများသည်တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း၏ အကျိုးအတွက်ထုတ်ပေးထားခြင်းမဟုတ်ဘဲ အများကောင်းစားရေး၊ တိုင်းပြည်ကောင်းစားရေးအတွက်ဖြစ်ကြောင်း။

အချို့ဒေသများရှိ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် စိုက်ပျိုးရေလိုအပ်ချက်ရှိခြင်းကြောင့် အောင်မြင်အောင်စိုက်ပျိုးရန်အတွက် အခက်အခဲရှိကြောင်း၊ အဆိုပါစိုက်ပျိုးရေလိုအပ်မှုကို အထောက်အကူဖြစ်စေရန်အတွက် ထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြု၍နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်၍ ဒေသအတွက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့် မြို့ကွက်များစနစ်တကျရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ရှိနေသေးကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို ချွေတာရန်လိုကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုများကို လျှော့ချဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီသုံးစွဲမှုကိုလျှော့ချနိုင်ရန်အတွက် လျှပ်စစ်ကားတင်သွင်းမှုနှင့်ပတ်သက်၍ အခွန်ငွေများကိုလျှော့ချပြီး တင်သွင်းခွင့်ပေးထားကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ လုပ်ငန်းများကိုဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြင့် အောင်မြင်မှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

■ ■ ■

၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျင်းပသော (၇၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

(၂၇ - ၃ - ၂၀၂၃)

ရဲဘော်တို့

ဒီနေ့ဟာ အမိမြန်မာနိုင်ငံတော်ကြီးကို ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းကြောင်းအစဉ်အလာကြီးမားတဲ့ တို့မြန်မာ့တပ်မတော်ရဲ့ (၇၈) နှစ်မြောက်တပ်မတော်နေ့ဖြစ်တယ်။ ဒီ(၇၈)နှစ်တာကာလအတွင်းမှာ တပ်မတော်ဟာ ပြည်သူနဲ့အတူလက်တွဲပြီး လွတ်လပ်ရေးအရယူပေးခဲ့တဲ့အပြင် ရရှိပြီးလွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးစေဖို့အတွက် နိုင်ငံ့ရှေ့က မားမားမတ်မတ်ရပ်တည်ပေးနိုင်ခဲ့တာကြောင့် ယခုနှစ်အတွင်းမှာ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ခမ်းနားထည်ဝါစွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်နဲ့တပ်မတော်အတွက် သမိုင်းမော်ကွန်းသစ်ရေးထိုးနိုင်ခဲ့တယ်။

ရဲဘော်တို့

တို့နိုင်ငံရဲ့ သမိုင်းကြောင်းကိုပြန်ကြည့်ရင် အချုပ်အခြာအာဏာတည့်တံ့ခိုင်မြဲပြီး ရေမြေပိုင်နက်နယ်နိမိတ်နဲ့ ခိုင်မာတဲ့သမိုင်းကြောင်းရှိတဲ့ နိုင်ငံတစ်ခုဖြစ်တယ်ဆိုတာ တွေ့ရတယ်။ ပုဂံခေတ်မတိုင်မီကာလမှာ ဗိသနိုး၊ ဟန်လင်း၊ သရေခေတ္တရာစတဲ့ပျူမြို့ပြတွေကိုထူထောင်နိုင်ခဲ့ကြတယ်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှာ ကျယ်ပြန့်တဲ့ ပထမမြန်မာနိုင်ငံတော်ကြီး ခမ်းနားထည်ဝါစွာ ထူထောင်နိုင်ခဲ့တဲ့အပြင် ဘုရင့်နောင်မင်းလက်ထက်မှာ ဒုတိယမြန်မာနိုင်ငံတော်၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်မှာ တတိယမြန်မာနိုင်ငံတော်တို့ကို ပိုင်နက်နယ်ပယ်ကျယ်ဝန်းပြီး သာယာဝပြောတဲ့နိုင်ငံများအဖြစ် တည်ထောင်ခဲ့တယ်ဆိုတာ သမိုင်းကြောင်းအထောက်အထားများအရတွေ့ရတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာအားကောင်းခဲ့တဲ့ တို့နိုင်ငံဟာ ကုန်းဘောင်ခေတ်မှာတော့ အနောက်နိုင်ငံများရဲ့လုပ်ကြံခြေထိုးမှုတို့ကြောင့် စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရတယ်။ နယ်ချဲ့အင်္ဂလိပ်တို့ဟာ ၁၈၂၄ ခုနှစ်မှာ ပထမကျူးကျော်စစ်၊ ၁၈၅၂ ခုနှစ်မှာ ဒုတိယကျူးကျော်စစ်နဲ့ ၁၈၈၅ ခုနှစ်မှာ တတိယကျူးကျော်စစ်တို့ကိုဆင်နွှဲပြီး တစ်နိုင်ငံလုံးကိုသိမ်းပိုက်ခဲ့တာကြောင့် တို့မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝကျရောက်ခဲ့ရတယ်။ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် နိုင်ငံတစ်ဝန်းနယ်ချဲ့တော်လှန်ရေးများကိုဆောင်ရွက်ခဲ့ပေမယ့် စနစ်တကျဖွဲ့စည်းမှုမရှိခြင်းနဲ့ လက်နက်အင်အားမမျှတခြင်းတို့ကြောင့် နောက်ဆုံးမှာ အင်္ဂလိပ်တို့ကို အရေးနိမ့်ခဲ့ရတယ်။ ဆုံးရှုံးသွားတဲ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ရေးအတွက် သခင်အောင်ဆန်းဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်ဟာ ဂျပန်တို့ထံမှာ ခေတ်မီတပ်မတော်ဖွဲ့စည်းနိုင်ရေးအတွက် စစ်ပညာသင်ကြားခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ဖွဲ့စည်းခဲ့တဲ့ BIA ဟာ ဂျပန်ဘုရင့်တပ်မတော်နှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းများခွဲဝင်ရောက်လာ

ခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်တို့ကို ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုဖြင့် တိုက်ထုတ်ခဲ့ကြတယ်။ အင်္ဂလိပ်တို့ဆုတ်ခွာသွားခဲ့သော်လည်း ဂျပန်တို့ဟာ လွတ်လပ်ရေးပေးမယ့်ကတိကို ပျက်ကွက်ခဲ့တဲ့အပြင် ပြည်သူလူထုအပေါ် ညှဉ်းပန်းနှိပ်စက်လာခဲ့တာကြောင့် တို့တပ်မတော်အနေနဲ့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်မှာ သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးကို တိုင်းရင်းသားပြည်သူလူထုနဲ့အတူ လက်တွဲဆင်နွှဲခဲ့ကြတယ်။ အဲဒီနေ့ကို တပ်မတော်နေ့အဖြစ်သတ်မှတ်ခဲ့ပြီး ယနေ့ဆိုလျှင် ၇၈ နှစ်ပင် ပြည့်မြောက်ခဲ့ပြီဖြစ်တယ်။

ရဲဘော်တို့

ယနေ့မြန်မာ့တပ်မတော်ရဲ့ အမြုတေတပ်မတော်အဖြစ် စတင်ခဲ့တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ဟာ ၁၉၄၂ ခုနှစ်မှာ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)၊ ၁၉၄၃ ခုနှစ်မှာ ဗမာ့အမျိုးသားတပ်မတော် (BNA)၊ ၁၉၄၅ ခုနှစ်၊ ဇူလိုင်လမှာ မျိုးချစ်ဗမာ့တပ်မတော် (PBF) နဲ့ စက်တင်ဘာလမှာ ဗမာ့တပ်မတော် (Burma Army) အဖြစ် အဆင့်ဆင့် အမည်ပြောင်းလဲဖွဲ့စည်းခဲ့တယ်။ ပြောင်းလဲဖွဲ့စည်းခဲ့တဲ့ မျိုးချစ်ဗမာ့တပ်မတော်ဟာဆိုရင်လည်း ပြည်သူလူထုနဲ့အတူလက်တွဲပြီး ဖက်ဆစ်ဂျပန်တို့ကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့တယ်။ ဒါ့ကြောင့်တို့တပ်မတော်ဟာ ဘယ်လိုပင်အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းသော်လည်း ပြည်သူလူထုနဲ့အတူလက်တွဲပြီး တိုင်းတစ်ပါးအုပ်စိုးမှုအောက်မှ မြန်မာနိုင်ငံကိုလွတ်လပ်ရေးရရှိအောင်ဆောင်ရွက်ပေးခဲ့တဲ့အတွက် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာခဲ့တဲ့တပ်မတော်လည်းဖြစ်တယ်။

ရဲဘော်တို့

တို့နိုင်ငံဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ နယ်ချဲ့အင်္ဂလိပ်တွေနဲ့ ဖက်ဆစ်ဂျပန်တို့ရဲ့ မြေစာပင်ဖြစ်ခဲ့ရသလို လွတ်လပ်ရေးရရှိချိန်မှာလည်း နိုင်ငံထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်ဖို့ မျှော်မှန်းခဲ့ကြပေမယ့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများနဲ့ မမျှော်လင့်ဘဲကြုံတွေ့လာခဲ့ရတယ်။ အဲဒီလက်နက်ကိုင်သောင်းကျန်းမှုတွေဟာ ၁၉၄၉ ခုနှစ်ဝန်းကျင်မှာ အဆိုးရွားဆုံးအခြေအနေအထိရောက်ရှိခဲ့ပြီး ရန်ကုန်အစိုးရလို့ပင် လှောင်ပြောင်ခေါ်ဆိုခံရတဲ့ အခြေအနေအထိ ဖြစ်ပေါ်ခဲ့ရတယ်။

တို့တပ်မတော်အနေနဲ့ပြည်တွင်းရောင်စုံသောင်းကျန်းသူများကို နှိမ်နင်းနေစဉ်မှာပဲ တရုတ်ဖြူ (ကူမင်တန်) နဲ့ မူဂျာဟစ်ကုလားဆိုးသောင်းကျန်းမှုစတဲ့ ပြည်ပကျူးကျော်မှုများကိုလည်း နှိမ်နင်းခဲ့ရတယ်။ ဒါ့အပြင် ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်နဲ့ ၁၉၈၈ ခုနှစ်တို့မှာဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံတော်မှာ အန္တရာယ်ကြီးမားတဲ့အရေးကိစ္စတွေ ကြုံတွေ့လာတဲ့အချိန်များမှာလည်း တပ်မတော်အနေနဲ့ မှန်ကန်တဲ့ရပ်တည်ချက်၊ အမျိုးသားရေးခံယူချက်တို့နဲ့အတူ နိုင်ငံတော်နဲ့ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။ ဒါ့အပြင် တပ်မတော်ဟာ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာလည်း နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးရန်ပြုလာတဲ့ သောင်းကျန်းသူများအား အောင်မြင်စွာတိုက်ခိုက်ချေမှုန်းနိုင်ခဲ့တယ်။ ဒါ့ကြောင့် တို့တပ်မတော်ဟာ ယနေ့အချိန်အထိ နိုင်ငံတော်အပေါ်ကျရောက်လာတဲ့ ရန်စွယ်ဟူသမျှကို ရှေ့ကနေ မားမားမတ်မတ်ရပ်တည်ကာကွယ်ပေးနိုင်ခဲ့တယ်ဆိုတာ ဂုဏ်ယူစွာနဲ့ပြောကြားလိုတယ်။

ရဲဘော်တို့

တို့တပ်မတော်ဟာ လွတ်လပ်ရေးရပြီးနောက် ခေတ်အဆက်ဆက်မှာ နိုင်ငံတော်ရဲ့ပကတိလိုအပ်ချက်နဲ့ ပြည်သူတို့ရဲ့ လိုအင်ဆန္ဒများကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တယ်။ ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်းကာလမှာ တပ်မတော်ဟာ အိမ်စောင့်အစိုးရတာဝန်ကိုရယူပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ သောင်းကျန်းသူနှိမ်နင်းရေးနဲ့ လွတ်လပ်၍တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးရေး စတဲ့နိုင်ငံတော်ရဲ့ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ဖို့ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ကိုရယူခဲ့ချိန်မှာလည်း အဲဒီခေတ်ကာလ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုချမှတ်ပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ နိုင်ငံတော်ကိုတည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ ၁၉၈၈ ခုနှစ်မှာ ပါတီစုံဒီမိုကရေစီတောင်းဆိုမှုနဲ့အတူ ဆူပူဆန္ဒပြမှုများပြင်းထန်လာမှုကြောင့် အစိုးရပြိုကွဲသွားပြီး တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို စောင့်ရှောက်ရယူခဲ့ရချိန်မှာလည်း တပ်မတော်ဟာ ပြည်သူတို့ရဲ့လိုအင်ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ထူထောင်နိုင်ရေးအတွက်လိုအပ်တဲ့အခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့တယ်။ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်နိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)

ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်း ပေးနိုင်ခဲ့တဲ့အပြင် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲကိုကျင်းပခဲ့ပြီး အနိုင်ရရှိတဲ့ပါတီထံ နိုင်ငံ့တာဝန်အရပ်ရပ်ကို အဆင်ပြေချောမွေ့စွာလွှဲပြောင်း ပေးနိုင်ရေး ကမကထပြုဆောင်ရွက်ပေးနိုင်ခဲ့တယ်။

ရဲဘော်တို့

တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဟာ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့သဘောဆန္ဒ အရ ရေးဆွဲထားခြင်းမဟုတ်ဘဲ အမျိုးသားညီလာခံတစ်ရပ် ကျင်းပပြီး ကိုယ်စားလှယ် ၁,၀၀၀ ကျော်ပါတဲ့ အစုအဖွဲ့ ၈ ဖွဲ့နဲ့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးရေးဆွဲခဲ့ကြတာဖြစ် တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဟာ ပြည်သူ လူထုရဲ့တစ်ခဲနက်ထောက်ခံမှုနဲ့ ပေါ်ထွန်းလာတာကြောင့် ပြည်သူတစ်ရပ်လုံးက လေးစားလိုက်နာရမှာဖြစ်သလို ပြည်သူကပေါက်ဖွားလာတဲ့ တို့တပ်မတော်သားတွေ အနေနဲ့လည်း လိုက်နာစောင့်ထိန်းရမှာဖြစ်တယ်။ လက်ရှိ ကျင့်သုံးနေတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရဲ့ ပုဒ်မ ၂၀ (စ) မှာ **"တပ်မတော်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"** လို့ အတိအလင်းပြဋ္ဌာန်းထား တာကို တွေ့ရှိရမှာပဲဖြစ်တယ်။ **တပ်မတော်အနေနဲ့ ဖွဲ့စည်း ပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည် နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းတကျပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်တာ၊ တစ်နည်း အားဖြင့် ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်ဆိုတာကို ခိုင်ခိုင် မာမာပြောကြားလိုတယ်။**

ရဲဘော်တို့

အင်အားကြီးနိုင်ငံများရဲ့ အားပြိုင်မှုများမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိတဲ့ ပဋိပက္ခများဟာ **"တောင်လဲရာ မြက်ပြတ်"** ဆိုတဲ့ စကားပုံအတိုင်း နိုင်ငံငယ်များအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်တဲ့အတွက် နိုင်ငံတကာ ရေးရာများကို မျက်ခြည်မပြတ်လေ့လာပြီး ကိုယ့်နိုင်ငံရှင် သန်ရပ်တည်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုများအမြဲလုပ်ဆောင် နေရမှာဖြစ်တယ်။ တို့နိုင်ငံအနေနဲ့လည်း ကာကွယ်ရေး ကဏ္ဍမြင့်တင်နိုင်ရေးအတွက် တပ်မတော်ကို သမားရိုးကျ စစ်ပွဲဆင်နွှဲနိုင်ပြီး တိုက်စွမ်းရည်နဲ့တိုက်စွမ်းအားရှိတဲ့ ခေတ်မီ

> **မည်သည့်နိုင်ငံရေးစနစ်ကို လျှောက်လှမ်း သည်ဖြစ်စေ နိုင်ငံတည်ငြိမ်အေးချမ်းမှု ရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှာပဲ ဖြစ်တယ်၊ ဒီမိုကရေစီဆိုတာ ပြည်သူ တစ်ရပ်လုံး အကြားအလပ်မရှိ ပါဝင် ဖော်ဆောင်ရခြင်းဖြစ်တာကြောင့် ကဏ္ဍအသီးသီးမှာ တည်ငြိမ်အေးချမ်းမှု အရေးကြီးပြီး ဒီလိုဆောင်ရွက်ဖို့အတွက် ကြိုးပမ်းရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်။**

တပ်မတော် (Standard Army) အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိတယ်။ အနာဂတ်တပ်မတော် ကို Standard Army အဖြစ်တည်ဆောက်ရာမှာ တပ် များကို ခေတ်နဲ့ကိုက်ညီအောင် လုပ်ဆောင်လျက်ရှိတယ်။ တပ်မတော်သား အဆင့်အတန်းအားလုံးအနေနဲ့လည်း လက်ဝယ်ပိုင်ဆိုင်ထားတဲ့ ခေတ်မီစစ်လက်နက်ပစ္စည်း များကို ကျွမ်းကျင်ပိုင်နိုင်စွာကိုင်တွယ်အသုံးပြုနိုင်ဖို့နဲ့ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်မှာ ကျွမ်းကျင်ဖို့အတွက် လေ့ကျင့်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမှာ ဖြစ်တယ်။ အဲဒီလိုလေ့ကျင့်တဲ့နေရာမှာ စစ်သည်တစ်ဦးချင်း လေ့ကျင့်ရေးနဲ့ တပ်ဖွဲ့လိုက်လေ့ကျင့်ရေးများပါဝင်ပြီး လေ့ကျင့် ရေးမူဝါဒများနဲ့အညီ ဆောင်ရွက်သွားဖို့လိုအပ်တယ်။ **စစ်သည်တိုင်း မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်တွေကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်း ဟာလည်း လေ့ကျင့်ရေးဆောင်ရွက်နေတာပဲဖြစ်တယ်။** တပ်မတော်ရဲ့အရည်အချင်းဟာ လူတစ်ဦးစီရဲ့စွမ်းရည် ပေါ်မှာအခြေခံပြီး စစ်လက်နက်ပစ္စည်းများ၏ စွမ်းအားနဲ့ ပေါင်းစပ်ရတာဖြစ်တဲ့အတွက် တစ်ဦးချင်းစွမ်းရည်မြင့်မား ရေးကို အလေးအနက်ထားလုပ်ဆောင်ကြဖို့ တိုက်တွန်း မှာကြားလိုတယ်။

ရဲဘော်တို့

စည်းလုံးညီညွတ်ခြင်းဟာ အင်အားကိုဖြစ်စေတယ်။ ဒါ့ကြောင့် တပ်မတော်အင်အားတောင့်တင်းခိုင်မာမှုရှိရေး

အတွက် တပ်တွင်းစည်းလုံးညီညွတ်ရမှာဖြစ်သလို နိုင်ငံ့အင်အား တောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်မတော်နဲ့ ပြည်သူစည်းလုံးညီညွတ်နေဖို့ တိုင်းရင်းသားပြည်သူများရဲ့ သားသမီးများဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်ပြင်စည်းရုံးရေးကိုလည်း အလေးထားလုပ်ဆောင်ကြရမယ်။

တပ်မတော်သားများအနေနဲ့ ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ် ၁၀ ပါးနဲ့အညီ နေထိုင်ကျင့်ကြံပြီး ပြည်သူလူထုရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရမှာပဲဖြစ်တယ်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုတဲ့အတိုင်း နိုင်ငံတော်ကို ဘက်ပေါင်းစုံကာကွယ်နိုင်ဖို့ဟာ ပြည်သူလူထုရဲ့ တစ်ခဲနက်ပူးပေါင်းပါဝင်မှုသာခိုင်မာမယ်။ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝလုံခြုံမှုသာ ပြည်သူများကလည်း စိတ်ရောကိုယ်ပါ လက်တွဲဆောင်ရွက်နိုင်မှာဖြစ်လို့ ပြည်သူတို့အပေါ်ကျရောက်လာနိုင်တဲ့ ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်မဆိုင်းဘဲကာကွယ်ဆောင်ရွက်ပေးကြရမယ်။ ဒေသအလိုက်ရှိတဲ့ ခေါင်းဆောင်များက ဒေသနဲ့ နိုင်ငံရဲ့ဖြစ်ပေါ်နေတဲ့ အခြေအနေမှန်ကို အမြဲလေ့လာသုံးသပ်ပြီး ဆောင်ရွက်သင့်တာများ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်သွားကြဖို့ မှာကြားလိုတယ်။ ဒီနေရာမှာ **"လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ"၊ "ကျန်းမာရေးသည် အဓိက၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်"** ဆိုတဲ့အတိုင်း မိမိတို့တိုင်းရင်းသားပြည်သူအပေါင်းကို ကာကွယ်စောင့်ရှောက်ကြရမယ်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက အားသွန်ခွန်စိုက်ဆောင်ရွက်နေတဲ့ နေရာမှာ တို့တပ်မတော်သားတွေဟာ ကျရာနေရာအခန်းကဏ္ဍက ပါဝင်ကူညီဆောင်ရွက်သွားဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့

ကမ္ဘာ့နိုင်ငံအသီးသီးဟာနိုင်ငံရဲ့ ပထဝီအနေအထား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ စတဲ့အကြောင်းအချက်အလက်တွေအပေါ်မူတည်ပြီး မိမိနိုင်ငံနဲ့သင့်လျော်တဲ့ နိုင်ငံရေးစနစ်တစ်ခု ချမှတ်လျှောက်လှမ်းနေကြတာပဲ ဖြစ်တယ်။ မည်သည့်နိုင်ငံရေးစနစ်ကို လျှောက်လှမ်းသည်ဖြစ်စေ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှာပဲဖြစ်တယ်။ **ဒီမိုကရေစီဆိုတာ ပြည်သူတစ်ရပ်လုံး အကြား အလပ်မရှိ ပါဝင်ဖော်ဆောင်ရခြင်းဖြစ်တာကြောင့် ကဏ္ဍအသီးသီးမှာ တည်ငြိမ်အေးချမ်းမှုအရေးကြီးပြီး ဒီလိုဆောင်ရွက်ဖို့အတွက် ကြိုးပမ်း ရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်။**

ရဲဘော်တို့

နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို အသက်၊ သွေး၊ ချွေးတွေ ပေးဆပ်ပြီးထမ်းဆောင်နေတဲ့ တို့တပ်မတော်သားတွေဟာ ငြိမ်းချမ်းရေးကို အလိုလားဆုံးအဖွဲ့အစည်းပဲဖြစ်တယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ခဲ့တာနဲ့အညီ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့တယ်။ အဲဒီလိုဖိတ်ခေါ်ခဲ့ရာမှာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့နဲ့ လက်မှတ်ရေးထိုးခြင်းမပြုရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၃ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့တို့မှ ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာလျှောက်လှမ်းနိုင်မဲ့ ရလဒ်များကိုလည်းဖော်ဆောင်နိုင်ခဲ့တယ်။ NCA ပါ သဘောတူညီချက်တွေဟာ ပြည်ထောင်စုနဲ့ တိုင်းရင်းသားအားလုံးရဲ့ အနာဂတ်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးရှုထားတာဖြစ်တယ်။ ဒါဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားများအပေါ် အာမခံထားခြင်းပဲဖြစ်တယ်။ ဒါ့ကြောင့် နယ်ချဲ့တို့ရဲ့အမွေဆိုးဖြစ်တဲ့ လူမျိုးရေးအမြင် ကျဉ်းမြောင်းမှုတွေကိုဖယ်ရှားရမယ်။ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းတည်ပြီး မတူညီတဲ့အယူအဆတွေကို တူညီတဲ့ဘုံသဘောထားတွေနဲ့ ပေါင်းစည်းကြဖို့လိုအပ်တယ်။

ငြိမ်းချမ်းရေးဆွေးနွေးရာမှာလည်း တစ်ဖက်နဲ့တစ်ဖက်သဘောထားကြီးစွာနဲ့ ဆွေးနွေးဆောင်ရွက်သွားဖို့ လိုအပ်သလို နိုင်ငံတော်အတွက် ဖြစ်နိုင်သည်များနဲ့ဖြစ်သင့်သည်များကိုချိန်ထိုးပြီး အကောင်းဆုံးဖြစ်အောင်ဆွေးနွေးအဖြေထုတ်ရမှာပဲဖြစ်တယ်။ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဟာ နိုင်ငံရေးရဲ့အစိတ်အပိုင်းတစ်ရပ်ဖြစ်သော်လည်း နိုင်ငံရေးရဲ့လက်နက်တစ်ခုမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနဲ့ အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်**

မှသာ အနာဂတ်နိုင်ငံတည်ဆောက်ရေးကို အထောက်အကူ ဖြစ်စေမှာဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုတယ်။ ယနေ့ အချိန်အထိ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ လာရောက်နိုင်အောင် အစဉ်အမြဲတံခါးဖွင့်ပေးလျက်ရှိတယ်။

ရဲဘော်တို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဟာ ယခင် NLD အစိုးရရဲ့ ရွေးကောက်ပွဲမဲမသမာမှုမှတစ်ဆင့် နိုင်ငံတော်အာဏာအား မသမာတဲ့နည်းလမ်းနဲ့ အဓမ္မရယူကြိုးပမ်းခဲ့တာကိုတားဆီးဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး ပေါ်ပေါက်လာတဲ့အစိုးရဖြစ်တယ်။ နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်အစပိုင်းမှာ ဆူပူမှုများသာကြုံတွေ့ခဲ့ရပေမယ့် နောက်ပိုင်းမှာ အကြမ်းဖက်သမားတွေက အပြစ်မဲ့ပြည်သူများ၊ စစ်ရေးပစ်မှတ်မဟုတ်တဲ့ အခြားသောနေရာများကိုပါ ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားပြီး တိုက်ခိုက်လာတာကို တွေ့ရှိရမှာပဲဖြစ်တယ်။ ဒီမိုကရေစီအပေါ် သဘောထားကွဲလွဲမှုကြောင့် လုပ်ဆောင်လာတဲ့ အကြမ်းဖက်တိုက်ခိုက်မှုကို မည်သည့်နိုင်ငံအစိုးရကမှ ခွင့်ပြုမှာမဟုတ်တဲ့အပြင် ဒီမိုကရေစီကို အကြမ်းဖက်နည်းလမ်းနဲ့လည်း ရရှိနိုင်မှာမဟုတ်ကြောင်း ပြောကြားလိုတယ်။ ဒီအကြမ်းဖက်တိုက်ခိုက်မှုများဟာ နိုင်ငံရေးရည်ရွယ်ချက်ရှိရှိနဲ့ ဖွဲ့စည်းခဲ့တဲ့ NUG က ပေါက်ဖွားလာတဲ့ PDF အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများနဲ့ ၎င်းတို့ကိုကူညီနေတဲ့ အချို့သော EAO များရဲ့ နိုင်ငံအပေါ်ပျက်စီးရာပျက်စီးကြောင်းကြံစည်လုပ်ဆောင်မှုများသာဖြစ်တယ်။ အကြမ်းဖက်သမားများရဲ့ အဖျက်အမှောင့်လုပ်ရပ်တွေကြောင့် ပျက်စီးဆုံးရှုံးမှုများဟာ အစိုးရတစ်ရပ်အတွက်နစ်နာဆုံးရှုံးမှုမဟုတ်ဘဲ နိုင်ငံတော်ရဲ့ ရေရှည်ဆက်လျှောက်လှမ်းမယ့် အမျိုးသားအကျိုးစီးပွားများ နစ်နာဆုံးရှုံးခြင်းဖြစ်တာကို နားလည်သဘောပေါက်ဖို့ လိုအပ်မှာပဲဖြစ်တယ်။

တို့တပ်မတော်အနေနဲ့ အစိုးရကချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နဲ့အညီ **"နိုင်ငံတစ်ဝန်းရှိ ပြည်သူများရဲ့ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိရန် အလေးထား လုပ်ဆောင်သွားမှာပဲ"** ဖြစ်တယ်။

အဲလိုလုပ်ဆောင်ရာမှာ NUG နဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေ၊ ၎င်းတို့ကို ပံ့ပိုးနေတဲ့ EAO အဖွဲ့အစည်းအချို့ကို ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ဒ့ါကြောင့် ဒုတိယအကြိမ် အရေးပေါ်သက်တမ်းကာလမှာ အရေးကြီးတဲ့ မြို့နယ်တွေကို စစ်အုပ်ချုပ်ရေးအမိန့်များ တိုးမြှင့်သတ်မှတ်ပြီး ထိန်းချုပ်ဆောင်ရွက်လျက်ရှိတယ်။ ဒါဟာ ပြည်သူများကို ထိန်းချုပ်ကန့်သတ်ခြင်းမဟုတ်ဘဲ ဒေသခံပြည်သူလူထု အကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင်ဆောင်ရွက်နေကြတဲ့ အကြမ်းဖက်သမားများရဲ့လုပ်ဆောင်ချက်တွေကိုထိရောက်စွာထိန်းချုပ်နိုင်ဖို့ပဲဆိုတာ ထည့်သွင်းပြောကြားလိုတယ်။

ရဲဘော်တို့

နိုင်ငံတော်အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ရဲ့ နောက်ဆုံးအချက်မှာ **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ**

> **စည်းလုံးညီညွတ်ခြင်းဟာ အင်အားကိုဖြစ်စေတယ်။ ဒ့ါကြောင့် တပ်မတော်အင်အားတောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်တွင်းစည်းလုံးညီညွတ်ရမှာဖြစ်သလို နိုင်ငံ့အင်အား တောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်မတော်နဲ့ ပြည်သူစည်းလုံးညီညွတ်နေဖို့ တိုင်းရင်းသားပြည်သူများရဲ့ သားသမီးများဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်ပြင်စည်းရုံးရေးကိုလည်း အလေးထားလုပ်ဆောင်ကြရမယ်၊ ဒီမိုကရေစီဆိုတာ ပြည်သူတစ်ရပ်လုံး အကြားအလပ်မရှိ ပါဝင်ဖော်ဆောင်ရခြင်းဖြစ်တာကြောင့် ကဏ္ဍအသီးသီးမှာ တည်ငြိမ် အေးချမ်းမှုအရေးကြီးပြီး ဒီလိုဆောင်ရွက်ဖို့အတွက် ကြိုးပမ်းရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်။**

နှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်” ဆိုတဲ့အချက်ကို အတိအလင်းဖော်ပြထားပြီးဖြစ်တယ်။ **ရွေးကောက်ပွဲကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်ပြီးတရားမျှတစွာနဲ့ ပြည်သူများ ဒီမိုကရေစီအခွင့်အရေး မဆုံးရှုံးစေရေး၊ အကြားအလပ်မရှိ မဲပေးနိုင်ရေးကို စောလျင်စွာဆောင်ရွက်နိုင်ဖို့အတွက် အဓိကလိုအပ်ချက်ဟာ တည်ငြိမ်အေးချမ်းရေးပဲဖြစ်တယ်။** အထွေထွေရွေးကောက်ပွဲဟာ ပြည်သူများက သူတို့ရဲ့ အနာဂတ်မျှော်လင့်ချက်အတွက် မဲပေးရွေးချယ်တင်မြှောက်ခြင်းဖြစ်တယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲကိုပြီးစလွယ်လုပ်လို့ မရနိုင်ဘူး၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်တဲ့နေ့မှာ ပြည်သူအပေါင်းက ယုံကြည်စွာမဲပေးခဲ့ပေမဲ့ တိုင်ကြားမှုများစွာရှိခဲ့ပြီး စစ်ဆေးဖော်ထုတ်ရာမှာ မဲစာရင်းများ မသမာမှုပြုလုပ်ခဲ့မှု၊ မဲပေးရာမှာ အမျိုးမျိုးအဖုံဖုံ မသမာမှုများနဲ့ မဲပေးခဲ့ကြမှုများ ပေါ်ပေါက်တာကြောင့် မြန်မာ့ဒီမိုကရေစီသမိုင်းတစ်လျှောက်မှာ အလွန်အကျည်းတန်ခဲ့ရတယ်။ နောက်ဆက်တွဲ ဖြစ်ပေါ်လာမှုများဟာ နိုင်ငံအတွက်ကြီးမားတဲ့ သင်ခန်းစာဖြစ်ခဲ့ရလို့ အလားတူ မဖြစ်ရလေအောင် ဆောင်ရွက်သွားကြရမယ်။ **အထွေထွေရွေးကောက်ပွဲဟာ မြန်မာပြည်သူတွေရဲ့ ရွေးကောက်ပွဲဖြစ်သလို အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို ပုံဖော်ဖန်တီးသွားမှာဖြစ်လို့ တို့တစ်တွေအားလုံး အသိတရားရှိရှိ အမြော်အမြင်ကြီးစွာနဲ့ ဆောင်ရွက်ကြဖို့လိုမယ်။** အကြမ်းဖက်အားပေးနိုင်ငံအချို့နဲ့ နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူတချို့က နိုင်ငံတည်ငြိမ်မှုပျက်ပြားအောင် ပြုလုပ်ပြီး ပြစ်မှုကျူးလွန်တဲ့ CRPH၊ NUG နဲ့ ၎င်းတို့ လက်ဝေခံ PDF အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေကို မဖော်ပြဘဲ အစိုးရအပေါ် ပြစ်တင်ဝေဖန်နေတာဟာ အလွန်ပဲ လွဲမှားနေတယ်။ NUG နဲ့ ၎င်းတို့လက်ဝေခံ PDF တို့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ လုံးဝရပ်ဆိုင်းအောင်ဆောင်ရွက်သွားဖို့လိုအပ်တယ်။ **တပ်မတော်နဲ့ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံကိုဖျက်ဆီးနေတဲ့ ပြည်သူကိုသတ်နေတဲ့ ဒီအကြမ်းဖက်အဖွဲ့ကို ထိရောက်စွာတုံ့ပြန်ဆောင်ရွက်သွားရမှာပဲဖြစ်တယ်။ နိုင်ငံတကာ အသိုက်အဝန်းအနေနဲ့ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ခိုင်မာစွာလျှောက်လှမ်းနိုင်ရန်အတွက် လက်ရှိအစိုးရရဲ့ ကြိုးပမ်းလုပ်ဆောင်မှုများကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အဖွဲ့ဝင်နိုင်ငံများရဲ့ အချုပ်အခြာအာဏာ တန်းတူညီမျှမှုကိုလေးစားပြီး အပြုသဘောဆောင်စွာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဒီနေရာကနေတစ်ဆင့် တိုက်တွန်းပြောကြားလိုတယ်။** တို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ အားလျော်စွာ အာဆီယံနဲ့ဆိုင်တဲ့အရေးကိစ္စများကို အာဆီယံစိတ်ဓာတ်၊ အာဆီယံအမြင်၊ အာဆီယံပဋိညာဉ်တို့နဲ့ အညီ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ရာမှာ အဓိကအခြေခံအချက်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တို့အပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်သွားမှာပဲဖြစ်တယ်။ အဲဒီကနေတစ်ဆင့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ဖြစ်တဲ့ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ တို့တပ်မတော်ကလည်း ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားရမှာပဲဖြစ်တယ်။ **ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက သူတို့ကိုကိုယ်စားပြုတဲ့သူတွေကို ကိုယ်တိုင်ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်ဆိုတာ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေကို စုစည်းလုပ်ကိုင်ရာမှာ လုပ်ပိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့အယူအဆသဘောတရားဖြစ်**တယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် လက်ရှိ ရွေးကောက်ပွဲမှာကျင့်သုံးနေတဲ့ ဦးသူအနိုင်ယူ (FPTP–First Past The Post) စနစ်အပြင် အချိုးကျကိုယ်စားပြုစနစ် (PR–Proportional Representation) ကိုလည်း ပေါင်းစပ်ကျင့်သုံးဆောင်ရွက်သွားမှာဖြစ်တယ်။ အဲဒီအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်းရွေးကောက်ပွဲ လုပ်ငန်းစဉ်များအတိုင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်တယ်။

ရဲဘော်တို့

တို့တပ်မတော်အနေနဲ့ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုကို တည်ဆောက်ဖို့အတွက် ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ် တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများဖြစ်တဲ့ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ တို့မှာပါဝင်တဲ့ ဒို့တာဝန်အရေး (၃)ပါး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ် စောင့်ရှောက်ဖို့အတွက် ပုဒ်မ ၂၀ (စ)အရ တပ်မတော်မှာ အဓိကတာဝန်ရှိတယ်လို့ဖော်ပြထားပြီးဖြစ်တယ်။ ဒါ့ကြောင့် **တပ်မတော်အနေနဲ့ မည်သည့်ခေတ်၊ မည်သည့်အစိုးရပင် ဖြစ်စေ "ပြည်သူသာအမိ၊ ပြည်သူသာအဖ" လို့ခံယူပြီး နိုင်ငံတော်ကို ပါတီစုံစနစ်ပေါ်မှာ ခိုင်ခိုင်မာမာရပ်တည် နိုင်ဖို့အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးသူနဲ့ ပြည်သူ လူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ Guardian အဖြစ် အစဉ်အမြဲဆက်လက်တည်ရှိနေမှာ** ဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့

နိဂုံးချုပ်အနေနဲ့ (၇၈) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များဖြစ်တဲ့–

- ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေး တို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက် ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။
- နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

ဆိုတဲ့ ဦးတည်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်တယ်။

■ ■ ■

စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာ၊ ဆရာမများအား သွားရောက်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

(၃၀ - ၃ - ၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များလိုက်ပါ၍ မတ်လ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိကြရာ လေဆိပ်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရိုးရာအကအလှများဖြင့် လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေတက္ကသိုလ်သို့သွားရောက်၍ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာဆရာမများအား သွားရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာဆရာမများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က စစ်တွေတက္ကသိုလ်မှ ပညာရေးဆိုင်ရာသင်ကြားပို့ချပေးလျက်ရှိသည့် အခြေအနေများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ပါရဂူဘွဲ့သင်တန်းများစတင်ဖွင့်လှစ်သွားမည့်အခြေအနေများ၊ တက္ကသိုလ်ဘာသာရပ်များအလိုက် ဆရာဆရာမများ ခန့်အပ်ထားရှိမှုအခြေအနေများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှုအခြေအနေများ၊ စစ်တွေတက္ကသိုလ်မှ ဘွဲ့များချီးမြှင့်အပ်နှင်းခဲ့မှုအခြေအနေများ၊ စာသင်ဆောင်၊ စာသင်ခန်းအရေအတွက်နှင့် ကျောင်းသားများ ဝင်ဆံ့မှု၊ ကျောင်းသားကျောင်းသူများ၏ အိပ်ဆောင်များတည်ဆောက်ထားရှိမှု၊ ဝင်ဆံ့မှုနှင့် လိုအပ်မှုအခြေအနေများ၊ တက္ကသိုလ်တွင် သင်ကြားရေးဆိုင်ရာအဆောက်အဦများ တိုးချဲ့ဆောင်ရွက်ပေးရန်နှင့်အားကစားကွင်းများအဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိသည့် အခြေ

အနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်၌ စစ်တွေတက္ကသိုလ်တွင် ဆရာဆရာမ များခန့်အပ်ထားနိုင်မှု၊ လိုအပ်သည့် စာအုပ်၊ စာစောင်များ ဖြည့်တင်းပေးနိုင်ခဲ့မှု၊ အင်တာနက်ရရှိရေးဆောင်ရွက်ပေး နိုင်မှု၊ အဆောက်အဦများတိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့မှုနှင့် လိုအပ်သည့်စာသင်ဆောင်များ ဆက်လက်ဆောက်လုပ် နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "တက္ကသိုလ်" သို့မဟုတ် "တက္ကသီလာ"ဟူသည်မှာ အဆင့်မြင့်အတတ်ပညာ၊ အသိပညာနည်းပညာရပ်များကို သင်ကြားလေ့ကျင့်ပေးပြီး ကိုယ်ကျင့်တရားကောင်းမွန် အောင်ပဲ့ကိုင်ပေးသည့် ဌာနပင်ဖြစ်ကြောင်း၊ နိုင်ငံနှင့် ဒေသ၏စွမ်းအားကို မြှင့်တင်ပေးခြင်းဖြစ်ပြီး နိုင်ငံနှင့် ဒေသတိုးတက်ရေးအတွက် လိုအပ်သည့်အသိပညာနှင့် အတတ်ပညာများကို သင်ကြားပေးသည့်ဌာနပင်ဖြစ် ကြောင်း၊ နိုင်ငံတစ်ခု၊ ဒေသတစ်ခုကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာများ ပြည့်စုံသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်ကြောင်း၊ မိမိတို့၏ဆရာဆရာမများမှာ ယခင်ကိုလိုနီခေတ်တွင် မျက်နှာအငယ်ခံ၍ တက္ကသိုလ်ပညာများကိုသင်ယူနိုင်ရန် ကြိုးစားခဲ့ကြကြောင်း၊ ထိုသို့ကြိုးစားချိန်တွင် ကိုလိုနီအစိုးရ အနေဖြင့် မြန်မာများ အသိပညာမတိုးပွားစေရေးအတွက် ပညာရေးနှင့်ပတ်သက်၍ ဖိနှိပ်ခဲ့ကြသဖြင့် ပညာရေး သပိတ်များလည်း ပေါ်ပေါက်လာခဲ့ကြောင်း။

ချီးမြှင့်ပေးအပ်လျက်ရှိ

မိမိတို့တာဝန်ယူချိန်တွင် တက္ကသိုလ်ပညာသင်ကြား ရေးတွင်အထောက်အကူပြုစေရန်အတွက် ပညာရေးဆိုင်ရာ ဆရာဆရာမများအတွက် ချီးမြှင့်ငွေများပေးအပ်သကဲ့သို့ နေထိုင်မှုစရိတ်များလည်း ပေးအပ်ခဲ့ကြောင်း၊ ချီးမြှင့်ငွေ များပေးအပ်ရာတွင် ပညာရပ်အလိုက်ပေးအပ်ချီးမြှင့်ပေး အပ်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာလ နိုင်ငံ့စီးပွားရေး ကျဆင်းခဲ့သည့်ကြားမှ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး မိမိ တို့အနေဖြင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ခဲ့ပြီး နိုင်ငံ့ဝင်ငွေများတိုးတက်အောင်ဆောင် ရွက်ခဲ့၍ ယခုအခါမိမိတို့နိုင်ငံ၏စီးပွားရေးမှာ အထိုက် အလျောက် တိုးတက်လာပြီဖြစ်ကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် လွန်စွာအရေးကြီးပြီး မိမိတို့နိုင်ငံအနေဖြင့် လွန်ခဲ့သည့် ကာလများကိုလေ့လာကြည့်ပါက အတန်းလိုက်တန်းစဉ် ကူးပြောင်းမှုများ နည်းပါးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းမှာ နိုင်ငံတော်အတွက် စိန်ခေါ်မှုဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ကြောင်း၊

ပညာရေးအားပေးမှုနည်းပါးခြင်းကြောင့် နိုင်ငံတော် ကို အဘက်ဘက်မှ ထိခိုက်စေနိုင်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရာခိုင်နှုန်းပြည့် မ ရရှိနိုင်ကြောင်း၊ စစ်တွေတက္ကသိုလ်ရှိ ဆရာဆရာမများ တွင် ဒေသခံများ ပါဝင်ခြင်းကြောင့် မိမိတို့ဒေသ တိုးတက် ရေးအတွက် မိမိတို့သင်ကြားပေးနေရသည့် ကျောင်းသား ကျောင်းသူများ ပညာတတ်များ ဖြစ်စေရေးစနစ်တကျ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

စနစ်တကျသင်ကြားပေး

အခြေခံပညာအဆင့်၌ သင်ကြားသင်ယူမှုများဆောင် ရွက်ရာတွင် ပို့ချသင်ကြားခြင်း(Teaching)ကို အဓိက ထားဆောင်ရွက်ရပြီး အဆင့်မြင့်ပညာအဆင့် သင်ကြား သင်ယူမှုများဆောင်ရွက်ရာတွင် တွေးခေါ်လေ့လာသင်ကြား ခြင်း (Studying)ကို အဓိကထားဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများ အတွေးအခေါ် ကောင်းမွန်စေရေးနှင့်ပညာရပ်များကိုမှန်ကန်စွာတတ်မြောက် စေရေး စနစ်တကျသင်ကြားပေးကြစေလိုကြောင်း၊ ကျောင်း သားကျောင်းသူများ၏အတွေးအခေါ်များ ကောင်းမွန်လာ မည်ဆိုပါက ၎င်းတို့၏ဘဝကောင်းမွန်ရေးအတွက် ဆောင် ရွက်နိုင်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်အတွေ့အကြုံသည် လည်း အရေးကြီးကြောင်း၊ နေရပ်ဒေသအသီးသီးမှလာ ရောက်သင်ကြားသည့်ကျောင်းသားကျောင်းသူများအနေဖြင့် တက္ကသိုလ်မှသင်ကြားပေးမည့် အသိပညာ၊ အတတ်ပညာ များအပြင် လူမှုစီးပွားဘဝကိုတိုးတက်ကောင်းမွန်စေမည့် နေထိုင်မှုပုံစံ၊ စားသောက်မှုပုံစံ၊ ဝတ်စားဆင်ယင်မှုပုံစံနှင့် တွေးခေါ်မြော်မြင်မှုပုံစံ စသည့် အတွေ့အကြုံများကိုကောင်း မွန်စွာရရှိစေလိုကြောင်း၊ ပညာသင်ကြားရာတွင် ဘာသာ

ကျောင်းသားကျောင်းသူများ အတွေးအခေါ် ကောင်းမွန်စေရေးနှင့်ပညာရပ်များကို မှန်ကန်စွာတတ်မြောက်စေရေး စနစ်တကျ သင်ကြားပေးကြစေလို၊ ကျောင်းသားကျောင်း သူများ၏အတွေးအခေါ်များ ကောင်းမွန်လာ မည်ဆိုပါက ၎င်းတို့၏ဘဝကောင်းမွန်ရေး အတွက် ဆောင်ရွက်နိုင်မည်ဖြစ်၊ တက္ကသိုလ် အတွေ့အကြုံသည်လည်း အရေးကြီး၊ နေရပ် ဒေသအသီးသီးမှလာရောက်သင်ကြားသည့် ကျောင်းသားကျောင်းသူများအနေဖြင့် တက္ကသိုလ်မှသင်ကြားပေးမည့် အသိပညာ၊ အတတ်ပညာများအပြင် လူမှုစီးပွားဘဝကို တိုးတက်ကောင်းမွန်စေမည့် နေထိုင်မှုပုံစံ၊ စားသောက်မှုပုံစံ၊ ဝတ်စားဆင်ယင်မှုပုံစံနှင့် တွေးခေါ်မြော်မြင်မှုပုံစံ စသည့် အတွေ့အကြုံ များကိုကောင်းမွန်စွာရရှိစေလို။

ရပ်ဆိုင်ရာပညာရပ်များအလိုက် ပညာများသာမက လူမှုရေး အတွေ့အကြုံများကိုပါ ရရှိသွားစေလိုကြောင်း၊ တက္ကသိုလ် သည်ဘာသာရပ်ဆိုင်ရာများနှင့် အတွေ့အကြုံကောင်းများ ရရှိရေး သင်ကြားဆောင်ရွက်ပေးသည့်နေရာဖြစ်သဖြင့် ပညာသင်ကြားရေးဆောင်ရွက်နေသူ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအနေဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုသာ အလေးထားစေလိုကြောင်း။

ကျောင်းသားကျောင်းသူများအနက် ဘာသာရပ်များ အလိုက် ထူးချွန်သူများအနေဖြင့် အဆင့်မြင့်သောပညာ သင်ကြားမှုများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေခြင်းဖြစ်သော်လည်း ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေအားလေးစားလိုက်နာခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးအသိအမြင် ရှိခြင်းတို့၌ အားနည်း ချက်များရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဥပဒေဆိုင်ရာများနှင့် စီးပွားရေး ဆိုင်ရာများကို သိရှိနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ဥပဒေ ပညာရပ်ကိုနားလည်သိရှိစေရေး တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ကိုသင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များရှိစေရေး အတွက်လည်း စီးပွားရေးအခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့၏မျှော်မှန်းချက်မှာ တက္ကသိုလ်ပညာသင်ကြားပြီး ဘွဲ့ရရှိပြီးသူများအနေဖြင့် ၎င်းတို့၏လူမှုစီးပွားဘဝနှင့်ပတ်ဝန်းကျင်ကို ကောင်းမွန် အောင်ဆောင်ရွက်နိုင်သူများဖြစ်ရန်အတွက် မျှော်မှန်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာဆရာမ များအနေဖြင့်လည်း ကျောင်းသားကျောင်းသူများ ပညာတတ်မြောက်စေရေးနှင့် ၎င်းတို့၏ဘဝတစ်လျှောက် ကောင်းမွန်မှန်ကန်စွာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း။

ကျောင်းသားနှင့်ဆရာ အချိုးညီမျှအောင်ခန့်အပ်

တက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့တက္ကသိုလ်အပေါ် ဂုဏ် ယူနိုင်စေရန်အတွက် ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်း ပရဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးတာဝန်ရှိသူများ အနေဖြင့် စနစ်တကျဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆရာဆရာမများ ခန့်အပ်တာဝန်ပေးရာတွင်လည်း သတ်မှတ် ဘာသာရပ်များအလိုက် ကျောင်းသားနှင့်ဆရာ အချိုးညီမျှ အောင်ခန့်အပ်တာဝန်ပေးရန်လိုကြောင်း၊ စစ်တွေတက္ကသိုလ် အတွက်လိုအပ်သည့် ကျောင်းသားကျောင်းသူအိပ်ဆောင် များ၊ စာသင်ဆောင်များလိုအပ်မှုအတွက်လည်း ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လာမည့်ပညာသင် ကြားနှစ်များတွင် ထပ်မံတိုးတက်လာမည့် ကျောင်းသား ကျောင်းသူများအတွက်လည်း ကြိုတင်တွက်ချက်ဆောင် ရွက်သွားရန်လိုကြောင်း၊ ဘောလုံးကွင်း အဆင့်မြှင့်တင် မှုနှင့်ပတ်သက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စစ်တွေတက္ကသိုလ်ရှိ ကျောင်းသားကျောင်းသူများ ပညာ ရည်မြင့်မားရေးနှင့်အသိများတိုးတက်စေရေး အုပ်ချုပ်မှု ပိုင်းဆိုင်ရာတာဝန်ရှိသူများနှင့် ဆရာဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

■ ■ ■

ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

(၃၁ - ၃ - ၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ်လ ၃၁ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများဖွင့်လှစ်မှုနှင့် ပညာရည်ဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းကျောင်းများဖွင့်လှစ်နိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နွေရာသီအားကစားသင်တန်းများဖွင့်လှစ်နေမှု၊ လျှပ်စစ်ကဏ္ဍတိုးတက်ရေးဆောင်ရွက်ထားရှိမှု၊ လေကြောင်းလိုင်းများပြေးဆွဲလျက်ရှိမှုနှင့် တိုးချဲ့ပြေးဆွဲပေးရန်လိုအပ်မှု၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ရေလှောင်တမံများနှင့် လျှိုပိတ်ဆည်များတည်ဆောက်ထားရှိမှု၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည့်အခြေအနေများ၊ သမဝါယမစနစ်ဖြင့် ဒေသနွားနှင့်ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများထုတ်ချေးပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်နိုင်မှု၊ စစ်တွေကွန်ပျူတာတက္ကသိုလ်၊ စစ်တွေနည်းပညာ

တက္ကသိုလ်တို့တွင် ကျောင်းသား၊ ကျောင်းသူအဆောင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှု၊ ကျန်းမာရေး စောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အချို့ ဆေးရုံများကို အဆင့်မြှင့်တင်ပေးစေလိုမှု၊ စိုက်ပျိုးရေး ကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေး၊ တစ်ဧကအထွက်နှုန်းတိုး တက်စေရေး၊ သွင်းအားစုများ လုံလောက်စွာရရှိစေရေး အတွက် စီမံဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဓာတ်အား လိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့ဆောင်ရွက်ရန်လိုအပ် မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီး များနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ရခိုင်ပြည်နယ်အတွင်း ရေအရင်းအမြစ်ထိန်းသိမ်းနိုင်ရေးအတွက် သောင်တူးဖော် ရေးလုပ်ငန်းများနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲပေး စေလိုမှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်သို့ လေကြောင်းလိုင်း ငါးလိုင်းပြေးဆွဲပေးလျက်ရှိပြီး အမှန်တကယ်လိုအပ်ချက် အပေါ်မူတည်၍ တိုးချဲ့ပြေးဆွဲပေးနိုင်ရေး စိစစ်ဆောင်ရွက် ပေးမည်ဖြစ်ကာ ခရီးသည်တင်ရေယာဉ်များကိုလည်း ပြန်လည်ပြေးဆွဲပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ရထား စီးနင်းသူများ ပိုမိုများပြားလာသည့်အတွက် ရထားတွဲများ တိုးချဲ့ပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူများ၏အခွင့်အလမ်း များပိုမိုရရှိရေး၊ နည်းပညာများ၊ လိုအပ်သည့် စက်ကိရိယာ များရရှိစေရေး၊ လုပ်သားများရှားပါးမှုအပေါ် စက်မှုလယ်ယာ စနစ်သို့ကူးပြောင်းနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့မှ တာဝန် ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးရန်လိုအပ်မှု၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင် ရွက်ရန် မြေအသုံးချခွင့်များ၊ လုပ်ငန်းလုပ်ကိုင်ခွင့်များကို ပြည်နယ်အစိုးရမှ စိစစ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ပေးရန်လိုအပ်မှု၊ သစ်တောသယံဇာတများကို တရားမဝင်ထုတ်ယူသုံးစွဲနေ မှုများကို ဝိုင်းဝန်းကာကွယ်တားဆီးကြရန်နှင့် သစ်တော သစ်ပင်များကို ထိန်းသိမ်းကြရန်လိုအပ်မှု၊ ရခိုင်ပြည်နယ် အတွင်း လူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူမှု၊ ပန်းခင်းစီမံချက်ဆောင်ရွက်မှုတို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဌာနဆိုင်ရာများအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေး မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အဦအပါအဝင် စက်ပစ္စည်းကိရိယာ များကို ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးပိုင်းဆိုင်ရာများနှင့် ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာများကို ဌာနဆိုင်ရာများ အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နိုင်ငံတော်အစိုးရကိုယ်စား တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံ့ ဝန်ထမ်းများသည် အစိုးရနှင့်ပြည်သူများအကြား ပေါင်းကူး ပေးသည့်ပုဂ္ဂိုလ်များ၊ ဌာနများပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း များသည် နိုင်ငံသူ၊နိုင်ငံသားများ၏အကျိုးကို ဖော်ဆောင် ပေးနိုင်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ အတွေ့အကြုံရှိပြီးကျွမ်းကျင်ကြသူများဖြစ် သဖြင့် မိမိတာဝန်ထမ်းဆောင်ရသည့် ဒေသနှင့်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြ စေလိုကြောင်း၊ **ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်း များ လိုက်နာရမည့်စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင် ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကိုသစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်**ကြောင်း၊ မိမိတို့အစိုးရသည် နိုင်ငံရေး အစိုးရမဟုတ်ဘဲ နိုင်ငံ့အရေးကိုဆောင်ရွက်နေသည့်အစိုးရ ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုသာဆောင်ရွက်ကြစေလိုပြီး နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်ကြ ရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင်လည်း နိုင်ငံ့ဝန်ထမ်း များအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟု ပြဋ္ဌာန်း ထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်

> **စားရေရိက္ခာဖူလုံရေးသည်အရေးကြီးပြီး နေရေး၊ ဝတ်ရေးနှင့် စားရေးပြည့်စုံနေရန်လို၊ စစ်တွေမြို့တွင် ရေလုံလောက်စွာရရှိရေး အတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက် ပေးလျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံးတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေး လျက်ရှိ၊ ရခိုင်ပြည်နယ်သည် မိုးရွာသွန်းမှု များပြားသည့် ဒေသတစ်ခုဖြစ်၊ စားရေရိက္ခာ ဟူသည့်စကားရပ်တွင် ရိက္ခာဟူသည်မှာ တိုက်ရိုက်စားကုန်မဟုတ်သည့် ပစ္စည်းများ ပင်ဖြစ်၊ နိုင်ငံအတွင်းစားရေရိက္ခာများ ပြည့်စုံအောင် ဖော်ဆောင်ပေးနိုင်မည်ဆို ပါက နိုင်ငံတိုးတက်မှုများဖြစ်လာမည်ဖြစ်။**

နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အစိုးရဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လူထုအကျိုးပြုအောင်ဆောင်ရွက်နိုင်မည်၊ တိုင်းပြည်အတွက် အကျိုးပြုအောင်ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများအောင်မြင်စေရန်အတွက် မျှော်မှန်းဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံရေးရည်မှန်းချက်

မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင် တပ်မတော်အစိုးရလက်ထက်တွင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ **ဒီမိုကရေစီဟူသည်မှာ ဥပဒေ စည်းမျဉ်းစည်းကမ်းနှင့်အညီအများဆန္ဒနှင့်အညီ စီမံအုပ်ချုပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အများဆန္ဒနှင့်အညီဟုဆိုသော်လည်း ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပြီး "လူညီရင် ဤကို ကျွဲဖတ်သည်" ဟူသည့် ပုံစံမျိုးသွား၍မရကြောင်း၊** ဖက်ဒရယ်စနစ်ဟူသည်မှာ အဆင့်ဆင့်လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် လျော်ကန်သင့်မြတ်သည့်အုပ်ချုပ်မှုအာဏာကို ခွဲဝေပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသည့်အချိန်တွင် လိုအပ်ချက်များကိုပြန်လည်ဆွေးနွေးပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဆောင်ရွက်ရမည်များကို ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုင်ရာလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်) ဇယား(၁၊၂၊၃၊၅) ပါ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတို့မှပြဋ္ဌာန်းရမည့်ထုတ်ပြန်ရမည့် ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာဆောင်ရွက်နိုင်မှုမရှိသေးသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်အုပ်ချုပ်မှုအာဏာခွဲဝေမှုအားလုံးကို အကောင်အထည်ဖော်နိုင်သမျှ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကိုအခြေခံ၍ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့**ကြောင်း၊

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုထားသည့်ဥပဒေဖြစ်ပြီး ပြည်သူတို့အပေါ်ထားရှိသည့် ကတိကဝတ်ပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည်လည်း အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြားထားရှိခဲ့သည့် ကတိကဝတ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို အခြေခံ၍ငြိမ်းချမ်း

ရေးလမ်းကြောင်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားရေး ရည်မှန်းချက်

အမျိုးသားရေးရည်မှန်းချက်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းပြည်သာယာဝပြောခြင်းပင်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေးသည် အရေးကြီးပြီး နေရေး၊ ဝတ်ရေးနှင့် စားရေးပြည့်စုံနေရန်လိုကြောင်း၊ စစ်တွေမြို့တွင် ရေလုံလောက်စွာရရှိရေးအတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံးတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်သည် မိုးရွာသွန်းမှုများပြားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ စားရေရိက္ခာဟူသည့်စကားရပ်တွင် ရိက္ခာဟူသည်မှာ တိုက်ရိုက်စားကုန်မဟုတ်သည့် ပစ္စည်းများပင်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းစားရေရိက္ခာများ ပြည့်စုံအောင်ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံတိုးတက်မှုများဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် လုပ်ဆောင်မှုများကို တားဆီးကာကွယ်ရန်လိုကြောင်း။

တည်ငြိမ်အေးချမ်းမှုဆိုရာတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့်ဖြစ်ပေါ်လာသည့် ပဋိပက္ခများရှိသကဲ့သို့ တိုင်းရင်းသားရေးအရ၊ လူမျိုးရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများရှိကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများမှာ လွတ်လပ်ရေးနှင့်အတူ ပါရှိလာခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားရေးရာအရသဘောထားကွဲလွဲမှုများသည်လည်း တိုင်းရင်းသားဒေသများတွင် အခွင့်အရေးတန်းတူညီမျှမှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တိုင်းရင်းသားများ၏ အခွင့်အရေးများကို တန်းတူပေးအပ်ထားကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးကို တူညီသည့်အဆင့်များပေးအပ်ထားကြောင်း၊ ဒေသအလိုက်တူညီသည့်အခွင့်အရေးများပေးထားခြင်းကြောင့် တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုအပေါ် အမြင်ရှင်းရန်လိုကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်

မိမိတို့အနေဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရာတွင်ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ၊ ဘင်းစတက်ခ်အဖွဲ့ဝင်နိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် ဆက်ဆံမှုကောင်းရှိရမည်ဖြစ်သကဲ့သို့ မိမိတို့အပေါ်နိုင်ငံတကာမှ အထင်အမြင်လွဲမှားမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ **နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရည်ရွယ်၍ ရိုးသားစွာဖြင့် မိမိတို့နှင့် လာရောက်ဆွေးနွေးမည်ဆိုပါက ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထားပါ**ကြောင်း၊ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်း မည်ဆိုပါက တိုးတက်ဖွံ့ဖြိုးမှုများကို ယခုထက် ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ **တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကောင်းကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကိုတည်ဆောက်ရာတွင် အခြေခံဆောင်ရွက်ရမည့်အချက် ၂ ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တို့ပင်ဖြစ်**ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၌ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများပါရှိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံမှစတင်၍ အခြေခံရေးဆွဲလာခြင်းဖြစ်၍ ဆယ်စုနှစ် ၃ စုကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ခေတ်နှင့်အညီ ဒို့တာဝန်အရေးသုံးပါးကိုမထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များကို အခြေခံဥပဒေနှင့်အညီ ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)၌လည်း အားလုံး က သဘောတူညီထားသည့် နိုင်ငံရေး၊ လူမှုရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အခြေခံကောင်းများပါရှိပြီး ဖြစ်ကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကိုတည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး ပါဝင်ရန်လိုအပ်ကြောင်း၊ **ငြိမ်းချမ်းရေးကိုလိုလားသည့် မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိုမဆို ငြိမ်းချမ်းရေးဆွေးနွေးရန်ဖိတ်ခေါ်ထား**ကြောင်း၊ မိမိကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါကြောင်း၊ **နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသားများအကျိုးကိုကြည့်ရှု၍ နိုင်ငံတော်၏ငြိမ်းချမ်း**

ရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း။

တရားဥပဒေစိုးမိုးရေး

တရားဥပဒေစိုးမိုးရေးကို လူတိုင်းလိုလားကြပြီး မိမိတို့အနေဖြင့် ဥပဒေနှင့်အညီသာတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီကိုလျှောက်လှမ်းရာတွင် ဥပဒေနှင့်အညီဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အမှုအခင်းဖြစ်ပွားမှုများပြားသည်ကို အချက်အလက်များအရတွေ့မြင်ရပြီး တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေနှင့်အညီ စနစ်တကျရှိစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ်ကောင်းများရရှိရေး ပညာရေးအားပေးမြှင့်တင်

ရခိုင်ပြည်နယ်အတွင်း အခြေခံပညာတတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှုများလည်းနည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးမှာကွာဟချက်ကြီးမားနေကြောင်း၊ ပညာရေးအားနည်းပါက အသိအမြင်နှင့် အတွေးအခေါ်များသည်လည်း အားနည်းလာမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်ချင်းနှင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကိုအားနည်းစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပညာရေးမှာ လူဦးရေ၏ ၆၇ ရာခိုင်နှုန်းခန့်သည် ပဉ္စမတန်းအောက်သာရှိသည့်အတွက် နိုင်ငံအတွက်အန္တရာယ်ရှိသည့် အနေအထားပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်နိုင်ငံလုံး၏ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် KG + 9 အထိ မသင်မနေရစနစ်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ အသိပညာနှင့် အတတ်ပညာများအားနည်းချက်ရှိခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အားနည်းချက်များဖြစ်ပေါ်နိုင်ကြောင်း၊ ရခိုင်ပြည်နယ်သည် ကောင်းမွန်သည့်ရေခံမြေခံများကို ပိုင်ဆိုင်ထားရှိကြောင်း၊ အဆိုပါ**အရင်းအမြစ်ကောင်းများကို အခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများတိုးတက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကိုများစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှအောင်မြင်ပြီးသူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံနှင့် နည်းပညာသိပ္ပံများသို့ဆက်လက်တက်ရောက်နိုင်ပြီး ၎င်းမှတစ်ဆင့်သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားပြီးဆုံးချိန်တွင် သက်ဆိုင်ရာပညာရပ်များကို လက်တွေ့နယ်ပယ်တွင် အသုံးချရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်

စီးပွားရေးမြှင့်တင်မှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်တွင် စီးပွားရေးအရအောင်မြင်စွာဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေအတွက် လိုအပ်သည့်ရေများရရှိစေရေး မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်၍ရနိုင်သကဲ့သို့ မြေအောက်ရေဖြင့်လည်း ဆောင်ရွက်၍ရကြောင်း၊ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အတွင်း စပါးစိုက်ပျိုးမှုများကို အောင်မြင်အောင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သီးထပ်၊ သီးညှပ်များစိုက်ပျိုးရာတွင် ပဲတီစိမ်းနှင့်မတ်ပဲများကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်ပပို့ကုန်ရရှိပြီး ဒေသအတွက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင်

> **မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စနစ်တကျမွေးမြူဆောင်ရွက်နိုင်မှုမရှိသဖြင့် ထိုက်သင့်သလောက်တိုးတက်မှုမရှိသည်ကိုတွေ့ရှိ၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်မည်ဆိုပါက မွေးမြူရေးထုတ်ကုန်များကိုယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်။**

စနစ်တကျမွေးမြူဆောင်ရွက်နိုင်မှုမရှိသဖြင့် ထိုက်သင့်သလောက် တိုးတက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်မည်ဆိုပါက မွေးမြူရေးထုတ်ကုန်များကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ငါးပုစွန်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ပြီး ပြည်တွင်းစားသုံးမှုကိုသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများမှ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှုအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း။

စည်းကမ်းစနစ်တကျရှိစေရေး

နယ်စပ်ကုန်သွယ်မှုနှင့်ပတ်သက်၍လည်း စည်းကမ်းစနစ်တကျကုန်စည်တင်ပို့မှုများကိုဆောင်ရွက်ရန်လိုပြီး တရားမဝင်ကုန်သွယ်မှုများဖြစ်နိုင်သဖြင့် တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအနေဖြင့် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို အသုံးပြုဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ စီးနင်းမှု ရောင်းဝယ်မှုများမရှိစေရေးအလေးထားကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ လိုင်စင်မဲ့ယာဉ်များစီးနင်းခြင်း၊ ရောင်းဝယ်ခြင်းများကြောင့် နိုင်ငံ၏အခွန်ငွေများဆုံးရှုံးလျက်ရှိကြောင်း၊ ယာဉ်မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ လိုင်စင်နံပါတ်ပြားလဲလှယ်ခြင်းများကိုလည်း မတ်လကုန်အစားဧပြီလအတွင်း နောက်ဆုံးဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သွားလာမှုစည်းကမ်းနှင့်ပတ်သက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ လမ်းများသည်လည်း လမ်းအင်္ဂါရပ်နှင့်ညီညွတ်မှုမရှိသည်များကိုလည်းတွေ့ရကြောင်း၊ လမ်းများပေါ်၌ စည်းကမ်းမဲ့ဈေးရောင်းချခြင်းများရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကို လိုက်နာခြင်းမရှိမှုကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် လမ်းအင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် ဆောင်ရွက်ကြစေလိုကြောင်း။

မြို့ကွက်များတိုးချဲ့ရာတွင်လည်း မြို့အင်္ဂါရပ်များနှင့်ညီညွတ်စေရေး စနစ်တကျတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ပူပြင်းသည့်ဒေသဖြစ်သည့်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရလေကာပင်များစိုက်ပျိုးမှုကိုအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြစေလိုကြောင်း။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ရခိုင်ပြည်နယ်သည် ခရီးသွားလုပ်ငန်းအတွက် အလားအလာများစွာရှိသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ငပလီကမ်းခြေကဲ့သို့ ကမ္ဘာကျော်ကမ်းခြေများရှိသကဲ့သို့ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသလည်းရှိကြောင်း၊ ဒေသတွင်းသာယာလှပရေး၊ တည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသအတွက်ဝင်ငွေများရရှိမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လေယာဉ်ကွင်းများ တိုးချဲ့ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလအတွင်းရနိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့် အခန်းကဏ္ဍများမှ ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက ရခိုင်ပြည်နယ်သည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ကြောင်း ပြောကြားသည်။

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပေးပို့ခဲ့သည့် သဝဏ်လွှာများ

တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂- ၃ - ၂၀၂၃)

ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား

ယနေ့အချိန်အခါသမယသည် နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား အထူးအလေးထားရှိ၍ ဂုဏ်ပြုသည့် သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ဤကဲ့သို့ ရက်မြတ်မင်္ဂလာအချိန်အခါသမယတွင် ပြည်သူများအတွက် စားရေရိက္ခာဖူလုံစေရေးနှင့် နိုင်ငံတော်၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကစွမ်းအားရှင်များဖြစ်ကြသည့် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကြည်သာရွှင်လန်း ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြလျက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးအောင်မြင်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဦးတည်ချက် (၁၂) ရပ် ချမှတ်ဆောင်ရွက်ခဲ့ရာ၊ စီးပွားရေးဦးတည်ချက် (၄) ရပ်အနက် **"စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"** နှင့် **"သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက် ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး"** ဆိုသည့် ဦးတည်ချက်များနှင့်အညီ နိုင်ငံ၏လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်ရေးကို ပဓာနကျသည့် တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ အခြေခံစီးပွားရေးကဏ္ဍကြီးဖြစ်သော စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စားရေရိက္ခာဖူလုံရေးနှင့်အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး၊ အစားအစာဘေးကင်းလုံခြုံရေးတို့ကို အဓိကထား၍ဖော်ဆောင်ပေးရာတွင် တောင်သူလယ်သမားကြီးများနှင့် ၎င်းတို့မိသားစုများ၏စွမ်းအားသည် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိပေရာ နိုင်ငံတော်အနေဖြင့်လည်း ယင်းကဲ့သို့ စွမ်းအားရှင်များ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကိုပါ တစ်ပါတည်းဒွန်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၊ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် နိုင်ငံအများစု၏ စားရေရိက္ခာဖူလုံမှုအပေါ် စိန်ခေါ်မှုများစွာပေါ်ပေါက်လျက်ရှိပြီး နိုင်ငံတိုင်းကလည်း ပြည်တွင်းစားရေရိက္ခာဖူလုံရေးအတွက် မူဝါဒမျိုးစုံ ချမှတ်ကျင့်သုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အရည်အသွေးနှင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် ဆန်

စပါးတိုးချဲ့ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသော အမျိုးသားပို့ကုန်မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန်အမယ်များတွင် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေးမဟာဗျူဟာ မျှော်မှန်းချက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်လာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးနှင့် တင်ပို့ရေးပင်ဖြစ်ပါသည်။

ထို့ပြင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးသာမက ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ရန်နှင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် လယ်ယာမြေများကို အခြားနည်းဖြင့် သုံးစွဲခြင်းများမရှိစေရေးနှင့် စိုက်ဧက တိုးချဲ့ရေးဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သီးနှံများ၏ တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို အလေးပေးဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်ရေးဆောင်ရွက်ရာတွင် အဓိကအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ သွင်းအားစုများ ဈေးနှုန်းသက်သာစွာဝယ်ယူရရှိရေးအတွက် အစိုးရ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် တောင်သူလယ်သမားများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲလာမှုကြောင့် ရေအရင်းအမြစ်များ လျော့ပါးလာသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားကြီးများ စိုက်ပျိုးရေရရှိရေး နည်းမျိုးစုံဖြင့်ဆောင်ရွက်ပေးလျက်ရှိရာ ရေကို ထိရောက်စွာအသုံးပြုရေးနှင့် အလေအလွင့်မရှိစေရေး သတိထားဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ထို့ကြောင့် စားရေရိက္ခာဖူလုံရေးနှင့် ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေ၍ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀ ခုနှစ်)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒတွင်လည်း စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် သီးနှံအလိုက် နှစ်စဉ်စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များ၌ စပါး (၁၇,၂၉၄,၄၅၇) ဧက၊ ပဲမျိုးစုံ (၉,၇၆၉,၈၁၉) ဧက၊ ဆီထွက်သီးနှံ (၇,၅၄၃,၂၁၇) ဧက၊ အစေ့ထုတ်ပြောင်း (၁,၅၀၁,၅၁၄) ဧက၊ ဝါသီးနှံ (၃၉၃,၇၈၁) ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စပါး (၁၅,၂၃၃,၃၃၂) ဧက၊ ပဲမျိုးစုံ (၉,၅၈၂,၀၁၅) ဧက၊ ဆီထွက်သီးနှံ (၇,၈၁၄,၃၇၆) ဧက၊ အစေ့ထုတ်ပြောင်း (၁,၄၇၄,၉၅၁) ဧကနှင့် ဝါသီးနှံ (၄၅၈,၁၈၈) ဧက စိုက်ပျိုးဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

စပါးအထွက်နှုန်းတိုးတက်ရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်၌ သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း မိုးစပါးဧက (၁၀၀) စံပြကွက်များ စိုက်ပျိုးခြင်းစီမံကိန်းကိုဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ် (၁၂) ခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်တို့နှင့် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ် (၁၅)မြို့နယ် တွင် (၁၅၀၀)ဧက လျာထားဆောင်ရွက်ခဲ့ရာ (၁၆၀၀) ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှ (၁၁၅.၇၆) တင်းထွက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စပါးအထွက် နှုန်းများကို တစ်ဧကချင်းအလိုက် အထွက်နှုန်းတိုးအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်ဖူလုံမှုလုံလောက်သည့်အပြင် ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။

ပြည်တွင်းဆီစားသုံးမှုဖူလုံစေရန် ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်တိုင်းဒေသကြီး/ပြည်နယ်အလိုက် နေရာဒေသမရွေးစိုက်ပျိုးနိုင်သည့် နေကြာသီးနှံစိုက်ဧက (၁.၅)သန်းအထိတိုးချဲ့စိုက်ပျိုးရေးကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နေကြာစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ကုန်ကျမှုကို အထောက်အပံ့ဖြစ်စေရေးအတွက် နိုင်ငံတော်ကခွင့်ပြုငွေကျပ် ၁၀၀.၂၄၈ ဘီလီယံဖြင့် နေကြာစိုက်ပျိုးရာသီများတွင် နေကြာမျိုးစေ့နှင့် သွင်းအားစုများအချိန်မီပံ့ပိုးထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် အချို့သည် ဆီကို လိုအပ်သည်ထက်ပိုမိုစားသုံးနေကြသဖြင့် ကျန်းမာရေးအရ ထိခိုက်ဆုံးရှုံးမှုများနှင့်အတူ ပြည်ပမှ မှာယူတင်သွင်းရမှုများမြင့်တက်လျက်ရှိပါသည်။ ဆီကို လိုသလောက်

သာသုံးစွဲခြင်းဖြင့် ကျန်းမာရေးကောင်းမွန်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းဆီဖြင့် စားသုံးမှုလုံလောက်စေရန် ကြိုးပမ်းခြင်းဖြင့်လည်း နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချစေနိုင်မည်ဖြစ်သဖြင့် ဆီထွက်သီးနှံစိုက်ပျိုးမှုမြှင့်တင်ရေးကို ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

အလားတူ ချည်တင်သွင်းမှုလျှော့ချနိုင်ရေးအတွက် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး ပြည်ပတင်ပို့နိုင်ရေးကိုရည်မှန်း၍ ချည်မျှင်ရှည်ဝါတိုးမြှင့်ထုတ်လုပ်ရန် ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ချည်မျှင်ရှည်ဝါသီးနှံ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ (၄) နှစ်ကာလအတွင်း ဧက (၇) သိန်းပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဝါတစ်ဧကအထွက်နှုန်း ပိဿာ (၇၀၀) နှင့်အထက် လျာထားချက်ပြည့်မီစေရန်နှင့် အရည်အသွေးကောင်း ဝါနှင့် ဝါဂွမ်းများရရှိရေး (၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆) ခုနှစ်အထိကာလသတ်မှတ်၍ ချည်မျှင်ရှည်ဝါ တိုးတက်ထုတ်လုပ်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။

ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား

"နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်" ဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေရန်နှင့် ပြည်သူလူထု၏လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ခုနှစ်၌ နှမ်းစပါး သီးနှံဧက(၈၅၀,၀၀၀)နှင့် ပဲတီစိမ်းသီးနှံဧက (၅၀၀,၀၀၀) စိုက်ပျိုးထုတ်လုပ်ခြင်းတွင် ကျပ်ဘီလီယံ (၂၃၀)အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သုံးစွဲဆောင်ရွက်သွားလျက် ရှိပါသည်။

အစားအစာနှင့် အာဟာရလုံခြုံမှုရှိစေရန်နှင့် သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် မှုရင်းသီးနှံသာမက သီးထပ်၊ သီးညှပ်စိုက်ပျိုး ထုတ်လုပ်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း၍ စံချိန်စံညွှန်းနှင့်ညီညွတ်သော သီးနှံထုတ်လုပ်ကုန်များ စိုက်ပျိုးထွက်ရှိရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices –GAP) နှင့် အော်ဂဲနစ်စိုက်ပျိုးရေးကိုလည်း ပညာပေးဆောင်ရွက်လျက် ရှိပါသည်။ တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ် ကုန်ကျစရိတ်သက်သာစေရန် ဓာတ်မြေဩဇာ စနစ်တကျထိရောက်စွာ အသုံးပြုတတ်စေရေး၊ သဘာဝမြေဩဇာ၊ သစ်စိမ်းနှင့် ဇီဝမြေဩဇာသုံးစွဲတတ်လာစေရေး၊ မြေဆီလွှာပြုပြင်ထိန်းသိမ်းရေးအတွက် ပညာပေးဆောင်ရွက်လျက်ရှိပါသည်။

တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်လာစေရေး ပညာပေးဆောင်ရွက်ပေးခြင်းအပြင် ဇီဝမျိုးများ ထိန်းသိမ်းထားနိုင်ပြီး ရေရှည်တည်တံ့သောပတ်ဝန်းကျင်အဖြစ် ထိန်းသိမ်းထားနိုင်ရေးအတွက် မှန်ကန်သော ထွန်ယက်စိုက်ပျိုးခြင်း၊ မျိုးစေ့အရည်အသွေးမြှင့်တင်ခြင်း၊ သီးနှံပိုးမွှားရောဂါ ကာကွယ်ရေး၊ မြေဆီဩဇာတိုးတက်ရေးနှင့် စိုက်ပျိုးရေကို စနစ်တကျစီမံခန့်ခွဲခြင်း နည်းပညာများကို တောင်သူများသို့ ပညာပေးဖြန့်ဝေလျက်ရှိပါသည်။ တောင်သူလယ်သမားများ စိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများရရှိရေးအတွက်လည်း မျိုးစေ့ထုတ်အသင်းအဖွဲ့များ (Seed Grower Association–SGA)၊ မျိုးစေ့ထုတ်သမဝါယမအသင်းများ (Seed Grower Cooperation–SGC)၊ မျိုးစေ့ထုတ်လယ်သမားအသင်းများ (Farmer Group Association)၊ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ၂၀၂၂- ၂၀၂၃ ခုနှစ်တွင် ကျေးရွာ (၂၉,၂၉၄) ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်း (၁၂၀၄)ခု၊ ဆီထွက်သီးနှံ (၄,၄၃၁) ဧကအတွက် ဆိုလာရေတင်စနစ် (၁၁၁) ခု၊ မြို့ (၁၄)မြို့တွင် ရေပေးဝေခြင်း၊ ကျေးရွာ (၁၅,၀၆၃)ရွာတွင် ကျေးလက်မီးလင်းရေးအတွက် (Solar Home System–SHS) (၄၃,၇၀၇) ခုနှင့် Mini–grid (၈) ခု၊ ဆီထွက်သီးနှံ (၅၂၀၃)ဧကအတွက် ကုန်ထုတ်လမ်း၊ တံတားများနှင့် ဧက (၁.၈၆)သန်းအတွက် ပုံမှန်ကျေးလက်

ကုန်ထုတ်လမ်း၊ တံတားများတည်ဆောက်ခြင်း၊ ကျေးလက်အိမ်ရာ (၇၂) လုံးတည်ဆောက်ခြင်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း (၆၇၆)ကြိမ် ဆောင်ရွက်ခဲ့ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် သွင်းအားစုများပံ့ပိုးခြင်းလုပ်ငန်းများဖြစ်သော မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာများထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ဖြန့်ဖြူးခြင်း၊ မျိုးမြင့်၊ မျိုးပွား၊ မျိုးထိန်းသိမ်းပေးခြင်းလုပ်ငန်း များတွင် မေထုန်မဲ့သားစပ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ မျိုးထိန်း၊ မျိုးပွားသုတေသနခြံများတည်ထောင်ပြီး တောင်သူများအား မျိုးဖြန့်ဖြူးပေးခြင်း၊ တောင်သူလယ်သမားများအား ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices–GAHP)နှင့်အညီ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မွေးမြူရေးနည်းပညာပံ့ပိုးပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားမှုများအား ထိန်းချုပ်ခြင်းနှင့် ကုသခြင်း၊ရောဂါ စူးစမ်းလေ့လာခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးများထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်မှုအတွက်ရည်ရွယ်၍ ပြောင်းချဉ်ဖတ် (Corn Silage) ကို ပို့ကုန်အမယ်အသစ်အနေဖြင့် တင်ပို့နိုင်ရန် တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ လိုက်နာရမည့်ညွှန်ကြားချက်ကိုထုတ်ပြန်ထားရှိပြီးဖြစ်ပြီး နယ်စပ်ဒေသမှတစ်ဆင့် ပြည်ပဈေးကွက် လိုအပ်ချက်များအရ သုတေသနဆောင်ရွက်၍ တင်ပို့လျက်ရှိပါသည်။

ပြည်ပသို့ တိရစ္ဆာန်ထွက်ပစ္စည်းများတင်ပို့မှုအနေဖြင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း (ဧပြီလမှ ဒီဇင်ဘာလအထိ) စုစုပေါင်းတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၄၂.၉၈၂) သန်း ဝင်ငွေရရှိခဲ့ပါသည်။ အသား/နို့/ဥထုတ်လုပ်မှုအနေဖြင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း (ဧပြီလမှ ဒီဇင်ဘာလအထိ) အသားပိဿာ (၅၅၅.၉၇၅) သန်း၊ နို့ပိဿာ (၉၇၇.၈၃၄) သန်း၊ ဥလုံးရေ (၂၈၄၉.၅၃၁) သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

ငါးကဏ္ဍအနေဖြင့် ဖမ်းဆီး၊ မွေးမြူ၊ ပြုပြင်ထုတ်လုပ်သူများနှင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ငါးလုပ်ငန်းနှင့်ပတ်သက်သည့် ပါဝင်ဆက်သွယ်သူအားလုံး စုစုပေါင်း (၂)သန်းကျော်ရှိပြီး ပြီးခဲ့သည့်နှစ် ငါး/ပုစွန်ဖမ်းဆီး၊ မွေးမြူခြင်းမှ မက်ထရစ်တန်ထောင်ပေါင်း (၆၀၇၄.၈၂) တန်ထုတ်လုပ်ခဲ့ပြီး (၁၀%)ခန့်ကိုသာ ပြည်ပတင်ပို့ခဲ့ပြီး အများစုမှာ ပြည်တွင်းငါးရိက္ခာလိုအပ်ချက်ကိုဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၂–၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ ငါးပုစွန်မွေးမြူခြင်း၊ ဖမ်းဆီးခြင်းတို့မှ မက်ထရစ်တန်ထောင်ပေါင်း (၄၅၂၈.၅၁) တန်ထုတ်လုပ်ခဲ့ပြီး ၎င်းအနက်မှ ရေထွက်ကုန်ပစ္စည်း (၃၀၀) မျိုးခန့်၊ မက်ထရစ်တန်ချိန် (၄၀၇,၄၆၉.၈၀၄) တန်ကို ပြည်ပသို့တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၆၁၁.၂၄၂) သန်းရရှိခဲ့ပါသည်။ ၂၀၂၂–၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ မွေးမြူရေးငါးပုစွန် (၉၇၆.၀၆၆) တန်ထုတ်လုပ်ခဲ့ပြီး ၎င်းအနက်မှ ရေထွက်ကုန်ပစ္စည်း (၃၀) မျိုးခန့်၊ မက်ထရစ်တန်ချိန် (၄၇,၈၁၂.၈၄၅) တန်ကို ပြည်ပသို့တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၆၀.၂၈၅) သန်းရရှိခဲ့ပါသည်။ ရေထွက်ကုန်ပစ္စည်းများအား နိုင်ငံပေါင်း (၄၀) ကျော်သို့တင်ပို့လျက်ရှိရာ ရေထွက်ကုန်ပစ္စည်းများအစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် နိုင်ငံတကာမှသတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ တင်ပို့နိုင်ရေးကို စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ ရေထွက်ကုန်များကို ကဏ္ဍစုံမှထုတ်လုပ်နိုင်ခြင်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေလျက်ရှိရာ ငါးလုပ်ငန်းနှင့်ပတ်သက်သည့် ပါဝင်ဆက်သွယ်သူများအားလုံး၏လုံ့လဝီရိယဖြင့် ကြိုးပမ်းမှုများအပေါ် အသိအမှတ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသူ တောင်သူလယ်သမားများအနေဖြင့် တန်ဖိုးမြင့်ထုတ်ကုန်ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်နေကြသူများ၊ အဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရန်

လိုအပ်ပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ၊ လိုအပ်သည့် စက်ကိရိယာအပါအဝင် သွင်းအားစုများ၊ စိုက်ပျိုးနည်းပညာများ ပြည့်စုံလာပါက ထုတ်လုပ်မှုစွမ်းအားတိုးလာပြီး နိုင်ငံ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန်လိုအပ်ပါသည်။ ထို့အပြင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ဒေသတစ်ခုထုတ်ကုန်တစ်မျိုး (One Region One Product) နှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့်ဆက်စပ်နေသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ကိုလည်း အောင်မြင်အောင်မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသော တောင်သူများ၊ လယ်ယာလုပ်သားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်ကြသူများအားလုံး အကျိုးကျေးဇူးကိုမျှတစွာ ခံစားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံစီးပွားရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် သဘာဝမြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝလျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးအတွက် ပြောင်းလဲဖြစ်ပေါ်လာသော ရာသီဥတုအခြေအနေအပေါ် မူတည်၍ လိုက်လျောညီထွေသောနည်းပညာများနှင့် ပေါင်းစပ်စိုက်ပျိုးမှုများပြုလုပ်ကာ၊ တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့်၊ လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏အမျိုးသားရေး အကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုအရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အခက်အခဲအကျပ်အတည်းများနှင့် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုကန့်သတ်ချက်များရှိနေသည့်ကြားမှ ယခုကဲ့သို့ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ အရှိန်အဟုန်မပျက်ထုတ်လုပ်တင်ပို့နိုင်သည်အထိ စွမ်းအားပြည့်ဆောင်ရွက်ပေးခဲ့ကြသော စားရေရိက္ခာထုတ်လုပ်ပေးကြသူ ကျေးဇူးရှင်တောင်သူလယ်သမားကြီးများကို အစဉ်ဂုဏ်ပြုအပ်ပါကြောင်းနှင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိတောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံး၏ရေရှည်အကျိုးစီးပွားအတွက် မိမိတို့ရင်ဆိုင်ကြုံတွေ့ကြရမည့် စိန်ခေါ်မှုများ၊ အတားအဆီးများနှင့် အခက်အခဲမှန်သမျှတို့ကိုကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်အရောက် အတူလက်တွဲချီတက်ကြပါစို့ဟု အလေးအနက်တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

■ ■ ■